# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 27 November 2017 ၉၁၂၁


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများအကြား အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရေးမြှင့်တင်ရန် မကြာမီကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

**သတင်းစဉ်**



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

## အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂၆**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ကိုယ်ရေးအကျဉ်း

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် (Jorge Mario Bergoglio) ကို ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့၌ မွေးဖွားခဲ့သည်။

Jorge Mario Bergoglio သည် ဓာတုဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးအဖြစ် နည်းပညာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီးဘဝကို ရွေးချယ်ခဲ့ပြီး Villa Devoto ဒေသရဟန်းဖြစ်သင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ် မတ်လ ၁၁ ရက်တွင် ယေဇူး၏ မိတ်ဆွေများအသင်းဂိုဏ်း (Jesuit)သို့ စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် သူသည် ချီလီနိုင်ငံ၌ လူမှုဗေဒဘာသာရပ်များကို သင်ယူပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သူသည် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း Santa Fé မြို့ရှိ Immaculate Conception College နှင့် Buenos Aires မြို့ရှိ ဆာလ်ဗာတော်ရေးကောလိပ်တို့တွင် စာပေနှင့် စိတ်ပညာတို့ကို သင်ကြားပို့ချခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သူသည် ခရစ်ယာန်ဓမ္မသဂြိုဟ်ဘာသာရပ်ကို သင်ယူခဲ့ပြီး Colegio of San José မှ ဘွဲ့ရရှိခဲ့သည်။

၁၉၆၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် Archbishop Ramóm José Castellano မှ သူ့အား ကက်သလစ် ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် သိက္ခာတင်ပေးခဲ့သည်။ သူသည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အတွင်း စပိန်နိုင်ငံ Alcalá de Henares တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူခဲ့ပြီး ၁၉၇၃ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ယေဇူး၏မိတ်ဆွေများ အသင်းဂိုဏ်းဝင်အဖြစ် ရာသက်ပန် ကတိသစ္စာပြုခဲ့သည်။ သူသည် ၁၉၇၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကျောင်းအုပ်၊ ဝိညာဉ်ရေးလမ်းညွှန်၊ အာပတ်ဖြေပေးသူ၊ ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီးနှင့် ရဟန်းအမတ် (ကာဒီနယ်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အသက် (၇၆)နှစ်အရွယ် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်တွင် ရိုမန်ကက်သလစ်သာသနာတော်၏ ၂၆၆ ယောက်မြောက် ပုပ်ရဟန်းမင်းကြီး ဖြစ်လာခဲ့သည်။ အရှင်သူမြတ် ဖရန်စစ်သည် ဥရောပဒေသမှ မဟုတ်ဘဲ ပုပ်ရဟန်းမင်းကြီးဖြစ်လာသည့် ပထမဦးဆုံး ယေဇူး၏မိတ်ဆွေများ အသင်းဂိုဏ်းဝင် ဘုန်းတော်ကြီးဖြစ်သည်။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ စာမျက်နှာ - ၃

နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူငယ်တွေ မြန်မာနိုင်ငံမှာ ရှိတယ် စာမျက်နှာ - ၇

ဘာလီကျွန်း၌ မီးတောင်ပြာမှုန့်များ မှုတ်ထုတ်၊ လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်း မပြုရန် သတိပေး စာမျက်နှာ - ၄





## ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိအောင် အလေအလွင့်အနည်းဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်ရေး၊ ရှေ့လျှောက်လုပ်မည့် လုပ်ငန်းများတွင် Smart, Green and Clean ဖြစ်အောင် ဆောင်ရွက်ရေးတို့လိုကြောင်း။

Together with the People ပြည်သူနှင့်အတူဆိုသည့်အတိုင်း ဆောင်ပုဒ်နှင့်မပြီးဘဲ လက်တွေ့ကျရန်လိုပါကြောင်း၊ အစိုးရဝန်ထမ်းတစ်ဦးအနေဖြင့် ထိန်းသိမ်းရမည့်သိက္ခာ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အထူးအလေးထားလိုက်နာရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အခြေခံနှင့် အဆင့်မြင့် ကင်းထောက်ခေါင်းဆောင်သင်တန်းများ ဖွင့်လှစ်ပို့ချမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ အခြေခံနှင့် အဆင့်မြင့် ကင်းထောက်ခေါင်းဆောင်သင်တန်းများကို နေပြည်တော်ရှိ Gold Camp အားကစားလေ့ကျင့်ရေးစခန်းတွင် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ စခန်းချဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာ အဆင့်မီ အခြေခံနှင့် အဆင့်မြင့်ကင်းထောက်ခေါင်းဆောင်သင်တန်းကို ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ အရွယ်ရောက်ပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံခန့်ခွဲရေးညွှန်ကြားရေးမှူး မစ္စတာတီယမ်ဟွိုင်ဘွန်ခေါင်းဆောင်၍ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ဟောင်ကောင်တို့မှ ကင်းထောက်ကိုယ်စားလှယ်များက ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဖွဲ့စည်းပုံများ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ ကင်းထောက် ဂျမ်ဘူရီပွဲများနှင့် ညီလာခံများ၊ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ မီးပုံပွဲများ၊ တေးသီချင်းများ၊ စုပေါင်းကစားနည်းများ၊ တောတွင်းစခန်းချ လေ့ကျင့်သင်ကြားမှုပညာရပ်များ၊ ကင်းစိတ်/ကင်းစု လှုပ်ရှားမှုများ၊ ကင်းထောက်လူငယ်များအား စည်းရုံးလေ့ကျင့်သင်ကြားပို့ချနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ အခြေခံနှင့် အဆင့်မြင့် ကင်းထောက်ခေါင်းဆောင်သင်တန်းသို့ ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ ကင်းထောက်ဆရာ ဆရာမများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကင်းထောက်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကောလိပ်များမှ ကင်းထောက်ခေါင်းဆောင်များ စုစုပေါင်း ၉၆ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ယခုနှစ်တွင် နှမ်းပါးစိုက်ပျိုးရန်အတွက် ချောင်းမငယ်ရေလှောင်တမံ၌ ရေဧက ပေ ၉၀၀၀၀ ကျော် သိုလှောင်ထားရှိ

**လယ်ဝေး နိုဝင်ဘာ ၂၆**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရန် ချောင်းမငယ်ရေလှောင်တမံ၌ ယခုနှစ်တွင် ရေဝင်ရောက်မှု ကောင်းမွန်သည့်အတွက် ရေဧက ပေပေါင်း ၉၀၀၀၀ ကျော် သိုလှောင်ထားလျက်ရှိသည်။

ချောင်းမငယ် ရေသောက်စနစ်တစ်ခုလုံး၏ စိစစ်ရေသောက်ဧရိယာမှာ ၇၂၁၉ ဧကဖြစ်ပြီး လက်ရှိသိုလှောင်ရေဖြင့် အဆိုပါ စိစစ်ဧကအားလုံးကို စိုက်ပျိုးရေအပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချောင်းမငယ်ဆည်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နှမ်းပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက မဒေါ့ပင်ကျေးရွာ၊ ကန်လှကျေးရွာ၊ မြွေရိုးလေးကျေးရွာ၊ သာယာကုန်းကျေးရွာတို့ရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းချက်အရ နှမ်းပါး ဧက ၃၁၀၀ နှင့် ဆောင်းသီးနှံဧက ၉၀၀ စုစုပေါင်း ဧက ၄၀၀၀ ကို စိုက်ပျိုးရေပေးဝေမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

ကြေးမုံ

## စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၌ ကဏ္ဍပေါင်းစုံပါဝင်ဆောင်ရွက်လျက်ရှိရာ စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်လည်း ထူးခြားသည့်ကဏ္ဍတစ်ခုအဖြစ် ပါဝင်လာသည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်ကို 'ပြည်သူ့အတွက် လူငယ်ရက်-၂၀' ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ရှိ ကျေးရွာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးနိုင်ရန်၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် ပဋိပက္ခ ရေရှည်ကင်းဝေးရေးတို့တွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ဘာသာပေါင်းစုံ၊ လူငယ်ပေါင်းစုံ စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ဖွဲ့စည်းထားသည်။

'ပြည်သူ့အတွက် လူငယ်ရက်-၂၀' အစီအစဉ်တွင် ပါဝင်လိုသည့် လူငယ်များသည် အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်ဖြစ်ပြီး ရခိုင်ပြည်နယ်သို့ ပထမအသုတ်၊ ဒုတိယအသုတ်၊ တတိယအသုတ် စသည်ဖြင့် ရေရှည်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ပထမအသုတ်ကို နိုဝင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ပြီး မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို ကိုးရက်ကြာ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ဒုတိယအသုတ်ဆက်လက်ကူညီဆောင်ရွက်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါစေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ်သည် ပရဟိတလူမှုအကူအညီပေးရေး အစီအစဉ်သာမက လိုအပ်သည့် အချက်အလက်များ ကောက်ယူနိုင်ရေး ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ထားခြင်းဖြစ်သည်။ အဆိုပါလူငယ်များကို အပတ်စဉ် သုံးခုအထိ သုံးရက်ကြာ သင်တန်းများပို့ချပေးပြီး ဘူးသီးတောင်နှင့်မောင်တောမြို့နယ်များအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ ရိက္ခာများ စနစ်တကျထောက်ပံ့ပေးနိုင်ရန်အတွက် အချက်အလက်များ ကောက်ယူခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဌာနများသို့ ညွှန်းပို့ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လိုအပ်သည့်နေရာများတွင် ကူညီဆောင်ရွက်ပေးခြင်းသည် မင်္ဂလာတရားနှင့်ညီသော ကောင်းသော လုပ်ဆောင်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များမှာ ပရဟိတလုပ်ငန်းများတွင် စိတ်အားထက်သန်ကြပြီး လက်ရှိတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒုက္ခအခက်အခဲကျရောက်နေသော ဒေသများတွင် ကူညီဆောင်ရွက်ပေးနေကြသည်။ ယခုကဲ့သို့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အရေးတကြီး အကူအညီလိုအပ်နေသောနေရာများ၌ သွားရောက်ကူညီဆောင်ရွက်ပေးသည့် မွန်မြတ်သောလုပ်ငန်းတွင် ကျန်ရှိသော လူငယ်လူရွယ်များလည်း ပါဝင်ကူညီနိုင်ရန် ဖိတ်ခေါ်ပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေးအတွက် လူငယ်များ ပါဝင်မှုစွမ်းပကားမှာ အဖိုးတန်ထိရောက်မှုရှိပေသည်။ နိုင်ငံတော်အစိုးရက လူငယ်မူဝါဒများ ချမှတ်ကာ အားပေးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေချိန်တွင် လူငယ်လူရွယ်များကလည်း နိုင်ငံအတွက် လိုအပ်နေသောနေရာ၊ အချိန်အခါတွင် ဤသို့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံ့အကျိုးကို တစ်ဖက်တစ်လမ်းက အကျိုးပြုရာလည်း ရောက်ပေသည်။ နိုင်ငံတကာတွင် စေတနာ့ဝန်ထမ်း လူငယ်လုပ်အားပေးခြင်းတို့ကို အလေးထားပါဝင်စေလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့အရေးကိစ္စတွင် ယခုကဲ့သို့ လူငယ်များစနစ်တကျပါဝင်လာခြင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ ရလဒ်ကောင်းတစ်ခုဟု ဆိုနိုင်ပါသည်။

သို့ဖြစ်ရာ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်၊ ပြည်သူနှင့်အတူ လူငယ်လူရွယ်များအားလုံး တက်တက်ကြွကြွ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၃၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

**ရွှေဖုံးမှ**

ရှေးဦးစွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော် သွားနိုင်ရန်အတွက် “လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ” ကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ၁၆ ဦး ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းများဖြစ်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မူဝါဒချမှတ်ပေးခြင်း၊ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ပေးခြင်း၊ ပွဲတော်တွင်ပါဝင်သည့် အဖွဲ့အစည်းများ ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် လိုအပ်သလို လမ်းညွှန်ပေးခြင်းလုပ်ငန်းများကို အဖွဲ့ဝင်များက ကျေပွန်အောင် ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု(Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု(Development)နှင့် ကြွယ်ဝချမ်းသာမှု(Prosperity)ဆိုသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီးတည်ဆောက်လျက်ရှိရာ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသောအခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေး လူငယ်ရေးရာ မူဝါဒပြဋ္ဌာန်းရန် ဆောင်ရွက်ခြင်းအားဖြင့် “လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်” ကို ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

မကြာခင်ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးနှင့် ဆပ်ကော်မတီအသီးသီးတို့က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုများနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အတွက် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှတစ်ဆင့် တေးသီချင်းများ၊ ပိုစတာများဖြင့် လှုံ့ဆော်နေကြသည်များကို မြင်တွေ့ကြားသိရသည့်အတွက် ဝမ်းမြောက်ကျေနပ်မိပါကြောင်း။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ အပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် မျှဝေပေးနိုင်ရန်၊ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်များ၏ အတွေးအမြင်ကောင်းများ၊ အရည်အသွေးကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း။

အဆိုပါပွဲတော်ကြီးသည် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ပထမဆုံး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးတစ်ခုဖြစ်သည့်အတွက် အဘက်ဘက်က အဆင်ပြေ အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးကိုကြည့်လျှင် လူငယ်များ၏ စွမ်းပကားမြင့်မားလာစေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေကြသည်များကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့လူငယ်အင်အားစုများသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များပင်ဖြစ်ပါကြောင်း၊ အဆိုပါ လူငယ်အင်အားစုများ၏ စွမ်းပကားသာလျှင်အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားများဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လူငယ်များ ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်လာအောင် ရည်ရွယ်လုပ်ဆောင်နေခြင်းသည် အနာဂတ်နိုင်ငံကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုး တည်ဆောက်ပေးနေခြင်းဖြစ်သည့်အတွက် ရည်ရွယ်ချက်အောင်မြင်အောင် စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

အဆိုပါ ပွဲတော်ကြီးတွင် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ ITနှင့် သိပ္ပံနည်းပညာဆိုင်ရာလှုပ်ရှားမှုများ ပါဝင်မှာဖြစ်သကဲ့သို့ စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိပညာပေး အစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများစသည့် လှုပ်ရှားမှုများစွာကို ကဏ္ဍအလိုက် ထည့်သွင်းဆောင်ရွက်ထားရှိကြောင်းကို ကြားသိရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်း။

ယခုပွဲတော်ကြီး အောင်မြင်စေရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများမှ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ(၁၃)ခုတို့မှ တာဝန်ရှိသူများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်စန်းနိုင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းတို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ရည်ရွယ်ချက်များပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံမှူးကြီး Mr. Ichiro MARUYAMA နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများ လိုက်ပါ**

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးသက်ဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# ဘာလီကျွန်း၌ မီးတောင်ပြာမှုန့်များမှုတ်ထုတ်၊ လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်းမပြုရန် သတိပေး

**ဒန်ပါဆာ နိုဝင်ဘာ ၂၆**



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ မောင့်အက်ဂွန်အမည်ရှိ မီးတောင်ပေါက်ကွဲမှုနှင့်အတူ မီးတောင်ပြာမှုန့်များနှင့် အခိုးအငွေ့များကို မှုတ်ထုတ်လျက်ရှိရာ ခရီးသည်တင်လေယာဉ်များ မီးတောင်အနီးတစ်ဝိုက် နယ်မြေဝေဟင်အတွင်းသို့ ဝင်ရောက်ခြင်းမပြုလုပ်ကြရန် အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နာမည်ကျော် အပန်းဖြေစခန်းတည်ရှိရာ ဘာလီကျွန်းတွင် မောင့်အက်ဂွန်မီးတောင်က ပြာမှုန့်များနှင့် အခိုးအငွေ့များကို မီးတောင်အထက် ဝေဟင်အတွင်းသို့ မီတာ ၆၀၀၀ ကျော် အမြင့်အထိ မှုတ်ထုတ်လျက်ရှိသဖြင့် ခရီးသည်တင်လေယာဉ်များ မီးတောင်ဇုန်အတွင်းသို့ ဝင်ရောက်ပျံသန်းခြင်း မပြုလုပ်ကြရန် သတိပေးနိုးဆော်ချက် ထုတ်ပြန်ထားကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဂက်ဆူ အဝန်တီကာက ပြောကြားသည်။

ဘာလီကျွန်း၏ အရှေ့မြောက်ဘက်ရှိ အဆိုပါမီးတောင်က မှုတ်ထုတ်လိုက်သော ပြာမှုန့်များသည် လမ်းများ၊ မော်တော်ကားများနှင့် အဆောက်အအုံများအပေါ်သို့ လွင့်မျောကျရောက်ခဲ့သည်။ နိုဝင်ဘာ ၂၅ ရက် ညတွင် မီးတောင်မှ ကျောက်ရည်ပူများ စီးကျလာပုံကို နိုင်ငံပိုင် အင်တာရာ သတင်းဌာနက ဓာတ်ပုံရိုက်ကူးကာ မှတ်တမ်းတင်နိုင်ခဲ့သည်။ မောင့်အက်ဂွန်မီးတောင်၏ လှုပ်ရှားမှုမှာ ပြင်းထန်သောပေါက်ကွဲမှုအဆင့်သို့ ရောက်ရှိလာနိုင်ဖွယ် ရှိ၊ မရှိ မိမိတို့ သတိဝီရိယဖြင့် လေ့လာစောင့်ကြည့်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သာယာလှပသော ပင်လယ်ငွေသောင်ယံနှင့် ဗိသုကာလက်ရာမြောက် ဘုရားကျောင်းများ တည်ရှိရာ ဘာလီကျွန်းသို့ လွန်ခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသည် ငါးသန်းခန့် လာရောက်လည်ပတ်ခဲ့သည်။ သို့ရာတွင် မောင့်အက်ဂွန်မီးတောင်သည် စက်တင်ဘာလတွင် စတင်လှုပ်ရှားလာခဲ့သဖြင့် ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ကျဆင်းခဲ့ရသည်။

**ရိုက်တာ**



## တရုတ်နိုင်ငံ ကျယ်ကျန်းစီရင်စုတွင် အားပြင်းသောပေါက်ကွဲမှုတစ်ခုဖြစ်၊ အနည်းဆုံးလူသုံးဦး သေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၆**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ကျယ်ကျန်းစီရင်စုတွင် နိုဝင်ဘာ ၂၆ ရက်က အားပြင်းသော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်ကာ အဆောက်အအုံအချို့ ပြိုကျပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆောက်အအုံများပြိုကျမှုကြောင့် လူသုံးဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပေါက်ကွဲမှု၏ အကြောင်းရင်းခံကို ရဲအရာရှိများက လိုက်လံစုံစမ်းလျက်ရှိသည်။

နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီဝန်းကျင်တွင် ရှန်ဟိုင်းမြို့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာအဝေးတွင် တည်ရှိသော ကမ်းရိုးတန်း မြို့တစ်မြို့ဖြစ်သည့် နင်ပေါ်မြို့ရှိ စက်ရုံတစ်ရုံ၌ အဆိုပါပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်း ဒေသန္တရပြည်သူများ၊ မျက်မြင်သက်သေများနှင့် နင်ပေါ်မြို့ မီးသတ်ဌာနတို့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

စီစီတီဗွီသတင်းဌာနက အဆိုပါပေါက်ကွဲမှုသည် စက်ရုံမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ခြင်းမရှိသော်လည်း ပေါက်ကွဲမှု၏ ပြင်းအားကြောင့် အဆောက်အအုံအချို့၏ နံရံများတွင် အပေါက်များဖြစ်ပေါ်ခဲ့ပြီး ပြတင်းတံခါးမှန်များ ကွဲခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအောက်တွင် ပိမိနေသူများကို ကယ်ဆယ်ရေးလုပ်သားများနှင့် မီးသတ်အဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## သူလျှိုပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် ကိရိယာများ တင်ပို့မှုထိန်းချုပ်ရေး အီးယူအမတ်များ ထောက်ခံ

**ဘရပ်ဆယ် နိုဝင်ဘာ ၂၆**

သူလျှိုပြုလုပ်ရာတွင် အသုံးပြုသည့် နည်းပညာသုံး ကိရိယာများ ပြည်ပသို့တင်ပို့ရောင်းချခြင်းအား ထိန်းချုပ်မည့် အစီအစဉ်များကို ဥရောပသမဂ္ဂ(အီးယူ) အမတ်များက တစ်ခဲနက်ထောက်ခံကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မိုဘိုင်းဖုန်း ဆက်သွယ်ပြောဆိုမှုများကို ကြားဖြတ်ခိုးနားထောင်ရာတွင် လည်းကောင်း၊ ကွန်ပျူတာများကို ဟက်ကာပြုလုပ်ရာတွင် လည်းကောင်း၊ ကွန်ပျူတာအတွင်းရှိ သတင်းအချက်အလက်များကို ပိုင်ရှင်မသိဘဲ ခိုးယူရာတွင် လည်းကောင်း အသုံးပြုနိုင်သည့် နည်းပညာသုံး ကိရိယာများအား ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ပိတ်ပင်ရန် ဥရောပပါလီမန်ရှိ ကုန်သွယ်ရေးကော်မတီက မဲခွဲဆုံးဖြတ်ခဲ့သည်။

အရပ်ဘက်နှင့် စစ်ဘက်နှစ်မျိုးစလုံး အသုံးပြုနိုင်သည့် နည်းပညာဆိုင်ရာ ထုတ်ကုန်များတင်ပို့ရောင်းချမှု ထိန်းချုပ်ရေး အစီအစဉ်တစ်ရပ်နှင့်ပတ်သက်၍ အဆိုပါကော်မတီက ထောက်ခံမဲ ၃၄ မဲ၊ ကန့်ကွက်မဲ တစ်မဲဖြင့် အတည်ပြုခဲ့သည်။

အဆိပ်အတောက်ပစ္စည်းများ၊ လေဆာရောင်ခြည်ကိရိယာ၊ သင်္ဘောနှင့် လေယာဉ်များ သွားလာမှုကို လေ့လာစောင့်ကြည့်နိုင်သော နည်းပညာ၊ နျူကလီးယား စွမ်းအင်ထုတ်လုပ်ရေးနည်းပညာတို့သည် အရပ်ဘက်တွင်ရော စစ်ဘက်တွင်ပါ အသုံးပြုနိုင်ပြီး အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်ကြောင်း၊ ယင်းသို့သော နည်းပညာရပ်များ ပြည်ပသို့ ရောက်ရှိစေခြင်းမရှိစေရန် ဥရောပသမဂ္ဂက ၂၀၀၉ ခုနှစ်မှစ၍ ထိန်းချုပ်လာခဲ့ကြောင်း၊ တိုးတက်လာသော ခေတ်မီနည်းပညာရပ်များကို အလွဲသုံးမှု မရှိစေရေးအတွက် ခေတ်နှင့်အညီ ပြင်ဆင်ချက် စည်းမျဉ်းသစ်များကို ထပ်မံထုတ်ပြန်ရခြင်းဖြစ်ကြောင်း အီးယူအမတ်များက ပြောကြားကြသည်။

သူလျှိုပြုလုပ်နိုင်သော ကွန်ပျူတာဆော့ဖ်ဝဲများ၊ ကွန်ပျူတာကွန်ရက် အဖျက်အမှောင့် ပြုလုပ်နိုင်သော ဆော့ဖ်ဝဲများ၊ ထောက်လှမ်းရေးပြုလုပ်နိုင်သော ဆက်သွယ်ရေးကိရိယာပစ္စည်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် လူ့အခွင့်အရေးတို့ကို ခြိမ်းခြောက်နေကြောင်း အမတ်များက ပြောကြားကြသည်။

ကိုယ်ကျိုးစီးပွားကာကွယ်ရေးဘက်သို့ ဦးတည်သည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ မူဝါဒအပြောင်းအလဲအရ ကမ္ဘာ့ကုန်သွယ်ရေး လေဟာနယ်ဖြစ်ပေါ်နေစဉ်အတွင်း ဥရောပသမဂ္ဂက ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်ရေးသဘောတူညီချက်သစ်များရရှိရန် ကြိုးပမ်းနေချိန်တွင် နည်းပညာသုံး ကိရိယာပစ္စည်းများနှင့်ပတ်သက်၍ ပြည်ပပို့ကုန် ထိန်းချုပ်မှုများ ပြုလုပ်ရန် အီးယူက မဟာဗျူဟာချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

နည်းပညာသုံး ကိရိယာများ ပြည်ပတင်ပို့မှု ထိန်းချုပ်ရေး ဥပဒေမူကြမ်းကို ဒီဇင်ဘာလ သို့မဟုတ် ဇန်နဝါရီလအတွင်း ဥရောပပါလီမန်၌ မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။

**ရိုက်တာ**

## အီရန်၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ရေး တောင်ကိုရီးယားအစိုးရ အလေးထားဟု သံအမတ်ကြီးပြော

**တီဟီရန် နိုဝင်ဘာ ၂၆**



တောင်ကိုရီးယားနိုင်ငံသည် အီရန်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ခြင်းမှ ယင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံခြင်းသို့ ကူးပြောင်းလိုက်ပြီဖြစ်ကြောင်း အီရန်ဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ကင်ဆောင်းပိုက ပြောကြားလိုက်ကြောင်း ဖိုင်နန်ရှယ်ထရီဗြွန်းသတင်းစာက နိုဝင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

အီရန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်ကြရန် ကိုရီးယားကုမ္ပဏီများအား တောင်ကိုရီးယားအစိုးရအဖွဲ့က တိုက်တွန်းလျက်ရှိကြောင်း သံအမတ်ကြီးကင်က ဖိုင်နန်ရှယ်ထရီဗြွန်းသတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အီရန်နှင့် တောင်ကိုရီးယားကုမ္ပဏီများသည် ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်သို့ ယင်းတို့၏ စီမံကိန်းများကို တင်ပြမည်ဆိုပါက အဆိုပါဘဏ်က အကျိုးအမြတ်ဖြစ်ထွန်းနိုင်သော စီမံကိန်းများ ဟုတ်၊ မဟုတ် စိစစ်သုံးသပ်ကာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။

အီရန်နိုင်ငံသည် တောင်ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ချေးငွေဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အီရန်နိုင်ငံ၌ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းအမျိုးမျိုးအတွက် ဘဏ္ဍာရေးထောက်ပံ့ပေးနိုင်ရေးအတွက် ချေးငွေ ဒေါ်လာ ၉ ဒသမ ၅၄ ဘီလီယံအထိ အကျုံးဝင်မည့် သဘောတူညီချက်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။

အီရန်နိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ အခြေအနေတိုးတက်စေရေးအတွက် အီရန်အစိုးရက လုပ်ဆောင်ပေးရန် သံအမတ်ကြီးက တိုက်တွန်းခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်တာကာလပတ်လုံး နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၃ ဘီလီယံဖိုးအထိ ရှိခဲ့သည်။

**ဆင်ဟွာ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကွမ်ကျိုးဘူတာမှတစ်ဆင့် ရှန်ကျန်းဘူတာသို့ ကျည်ဆန်ရထားဖြင့် လိုက်ပါစီးနင်းလေ့လာကြသည်။

ထို့နောက် ရှန်ကျန်းမြို့ရှိ Lotus Hill Park အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး Lotus Hill Park အတွင်းရှိ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ပုံတူအမှတ်တရရုပ်တုရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Shenzhen Museum သို့ရောက်ရှိကြပြီး ပြတိုက်အတွင်းပြသထားသည့် ရှန်ကျန်းမြို့ ဖွံ့ဖြိုးတိုးတက်လာမှုအဆင့်ဆင့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရှန်ကျန်းမြို့ရှိ ပေါင်အမ်းလေဆိပ်မှပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပိုနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**

# မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ယနေ့အထိ အမှုတွဲပေါင်း ၂၆၅ မှုကျော်အား အရေးယူနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ မြဝတီ-ဘားအံ-ပဲခူး-ရန်ကုန်ကားလမ်းမကြီး မိုင်တိုင် ၉၆ မိုင်၊ ၄ ဖာလုံရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်တခင်သွားရောက်စစ်ဆေးသည်။



အဆိုပါ မရမ်းချောင် တရားမဝင်ကုန်စည် စစ်ဆေးရေးစခန်းကို အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာန၊ မူးယစ်အထူးအဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းမီဒီယာ၊ UMFCCI နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပါဝင်သည့် စုစုပေါင်းအရာထမ်း ကိုးဦး၊ အမှုထမ်း ၆၇ ဦးတို့ဖြင့် ဖွဲ့စည်း၍ မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တရားမဝင်ကုန်စည်များအား စစ်ဆေးအရေးယူလျက်ရှိရာ ယနေ့အထိ အမှုတွဲပေါင်း ၂၆၅ မှုကျော်ကို အရေးယူနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးသည် မရမ်းချောင် စစ်ဆေးရေးစခန်းရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး ဦးစီးသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံခဲ့ပြီး လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စစ်ဆေးအရေးယူထားရှိသည့် အမှုတွဲများအခြေအနေ၊ အခြားရှောင်ကွင်းလမ်းများမှ ကုန်စည်များဖြတ်သန်းမှု အခြေအနေများနှင့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများအား တာဝန်ရှိသူများက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဂီတပွဲတော် Level 3 ပွဲစဉ်(၄)အတွက် အလှူရှင်များက ပါဝင်ကူညီလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)က စီစဉ်ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level 3 ပွဲစဉ်(၄) သီချင်းဆိုပြိုင်ပွဲကို ယနေ့ည ၈ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ဝင်းအတွင်းရှိ Hexagon Complex ၌ ကျင်းပခဲ့သည်။



ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို အလှူရှင် ဦးကျော်နေဝင်း၊ ငွေကျပ် ၁၀ သိန်း အလှူရှင်များဖြစ်သည့် Hitachi Soe Electrical and Machinery Co.,Ltd စက်မှုဇုန်ဥက္ကဋ္ဌ ဦးကျော်မင်းထွန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဝင်း စားသောက်ဆိုင်လုပ်ငန်းမိသားစုမှ ဒေါ်ခင်ခင်ဝင်းတို့က အသီးသီးပေးအပ်လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ဇူလိုင်လမှစတင်ကာ ကျင်းပခဲ့ရာ မြို့ကြီး ၁၁ မြို့တွင် Level 1 ပွဲစဉ် ၁၂ ခု၊ မန္တလေးနှင့် နေပြည်တော်တွင် Level 2 ပွဲစဉ် လေးခု၊ နေပြည်တော်နှင့် ရန်ကုန်မြို့တွင် Level 3 ပွဲစဉ် သုံးခုတို့ကို ကျင်းပခဲ့ပြီးဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များအလိုက် ပြိုင်ပွဲများ ကျင်းပခဲ့ရာတွင်လည်း ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင် အလှူရှင်များက ပြိုင်ပွဲကျင်းပရာ မြို့များရှိ တိုက်ပွဲရှောင် ယာယီစခန်းများ၊ IDP စခန်းများ၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာ နေရာဌာနများသို့ သွားရောက်၍လည်း ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ

### ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး

- မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သောမှုခင်းများ လျှော့ချရေး။
- မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိရောက်သောဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရေး။
- မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး။
- ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### သုံးစွဲမှုများ လျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး

- ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုနှင့် ပြည်သူလူထုအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။
- မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကုသမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေးပြည့်မီရေး။
- မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် လူထုအတွင်း ပြန်လည်ဝင်ဆံ့ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး။
- မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် အန္တရာယ်များ လျှော့ချရေး။
- ဆေးကုသရာတွင် အသုံးပြုသော ထိန်းချုပ်မူးယစ်ဆေးဝါးများအား စနစ်တကျ မှန်ကန်လုံလောက်စွာ အသုံးပြုနိုင်ရေး။

### နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး

- မူးယစ်ဆေးဝါးပြဿနာကို ကာကွယ်တားဆီးရာတွင် ဘုံပြဿနာအဖြစ် ကိုယ်စီတာဝန်ရှိသည်ဟူသော သဘောတရားကို ခံယူ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။

### သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး

- မူးယစ်ဆေးဝါးပြဿနာ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှု (Research and Analysis) လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရေး။

### လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး

- ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများအပါအဝင် အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုများအတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ တရားမျှတမှု အခွင့်အလမ်းနှင့် လူမှုရေးဝန်ဆောင်မှုများရရှိစေရန် ဖန်တီးပေးရေး။

# ပုပ်ရဟန်းမင်းကြီး ရောက်ရှိလာ ပြည်မြန်မာ သူငါခပင်း ငြိမ်းချမ်းခြင်း

## ကိုရင်ဩ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ကျွန်ုပ်တို့၏နိုင်ငံသို့ နိုဝင်ဘာလ ၂၇ ရက်တွင် ရောက်ရှိလာပြီး နိုဝင်ဘာလ ၃၀ ရက်အထိ နေထိုင်မည်ဟု ကျွန်ုပ်သိရှိရလေသောအခါ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသူ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ မင်္ဂလာရှိလှသော ခရီးစဉ်သည် မြန်မာတစ်မျိုးသားလုံး အေးချမ်းသာယာမည့် အတိတ်နိမိတ်ကောင်းကို ဆောင်ကြဉ်းယူလာမည်ဟု တွေးတောမိလေ၏။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ ရောက်လာမည်ဆိုသော သတင်းကောင်းနှင့်အတူ ကျွန်ုပ်တို့နိုင်ငံ တစ်နံတစ်လျားမှ တိုင်းရင်းသားညီအစ်ကို ကက်သလစ်ဘာသာဝင်များမှာ အင်တိုက်အားတိုက် ပြင်ဆင်လျက်ရှိကြပြီး အစိုးရအဖွဲ့ အသိုက်အဝန်းကလည်း သမိုင်းဝင် သမိုင်းတွင်ရစ်မည့် ခရီးစဉ်ချောမွေ့လုံခြုံရေးအတွက် အားတက်သရော အကူအညီပေးလျက်ရှိသည်ကို ကျွန်ုပ်ကြားသိရလေသည်။

ပထမဆုံးသော ရဟန်းမင်းကြီးဖြစ်သည့် တမန်တော်ကြီး ရှင်ပေတရု (စိန့်ပီတာ)၏ အရိုက်အရာကို ဆက်ခံသူ ရဟန်းမင်းကြီး (၂၆၆)ပါးတိုင်မြောက်ချိန်ရောက်ပါမှ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရဟန်းမင်းကြီး ရောက်ရှိလာခြင်းဖြစ်သည်ဟု ကျွန်ုပ်မှတ်သားရလေသည်။

**သံတမန်ဆက်ဆံရေး**

ဗာတီကန်မြို့ပြနိုင်ငံ၌ အချုပ်အခြာအာဏာပိုင်စိုးသော Holy See နှင့် မြန်မာအစိုးရအဖွဲ့တို့သည် ယခုနှစ် ဩဂုတ်လမှ အစပြု၍ သံတမန်ဆက်ဆံရေးကို အပြည့်အဝထူထောင်ခဲ့ကြပြီးနောက် မကြာမတင်ကာလမှာပင် မြန်မာနိုင်ငံသို့ရောက်ရှိမည့် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်ကို မြန်မာပြည်သူတို့ ထူးထူးခြားခြား တွေ့မြင်ကြရပေတော့မည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် Archbishop Paul Tschang In-Nam သည် မြန်မာနိုင်ငံဆိုင်ရာ ပထမမြောက် Apostolic Nuncio ဖြစ်လာပြီး ဦးစံလွင်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် Holy See ဆိုင်ရာ မြန်မာသံအမတ်ကြီး ဖြစ်လာခဲ့သည်ဟု ကျွန်ုပ်လေ့လာသိရှိရသည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံရှိ ကက်သလစ်ဘာသာဝင်များ၏ Holy See ကိုယ်စားလှယ်တော်များအဖြစ် Apostolic ကိုယ်စားလှယ်များ တာဝန်ယူခဲ့ကြသည်။ သို့ရာတွင် အစိုးရအဖွဲ့ဆိုင်ရာ တရားဝင် ကိုယ်စားလှယ်များ မဟုတ်ခဲ့ကြပေ။ ၂၀၁၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ၏ လွှတ်တော်က သံတမန်ဆက်ဆံရေးထူထောင်ရန် Holy See ၏ အဆိုပြုချက်ကို အတည်ပြုပေးခဲ့သည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မည်ဟု မြန်မာနိုင်ငံနှင့် Holy See တို့က ယခုနှစ် မေလတွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။ ဗာတီကန်၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ယင်းကြေညာချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ပထမဆုံးအကြိမ် ပုပ်ရဟန်းမင်းကြီးအား တွေ့ဆုံခဲ့ပြီး ၂၀၁၇ ခုနှစ် မေလ ၄ ရက်တွင် ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံသည် Holy See နှင့် သံတမန်ဆက်ဆံရေး ထူထောင်သည့် (၁၈၃)နိုင်ငံမြောက်နိုင်ငံ ဖြစ်လာသည်။

အချုပ်အခြာအာဏာပိုင်စိုးသော Holy See ၏ ဗာတီကန်မြို့ပြနိုင်ငံသည် အီတလီနိုင်ငံ ရောမမြို့အတွင်း တံတိုင်းကာ၍ တည်ရှိသော ကမ္ဘာ့အသေးဆုံးနိုင်ငံဖြစ်သည်။ဧရိယာအကျယ်အဝန်း ၄၄ ဟက်တာ (ဧက ၁၁၀) မျှရှိပြီး လူဦးရေ ၈၀၀ ခန့်မျှရှိသည်။

ကမ္ဘာ့အသေးဆုံး အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး သမိုင်းတစ်လျှောက် ဆွစ်ဇာလန်လုံခြုံရေးတပ်ဖွဲ့က တာဝန်ယူလာသည်။

ရုံးသုံးဘာသာစကားမှာ အီတလီဖြစ်ပြီး ကိုယ်ပိုင်တယ်လီဖုန်းကုမ္ပဏီ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာန၊ ငွေကြေးနှင့် တံဆိပ်ခေါင်းလုပ်ငန်းများ တည်ရှိသောနိုင်ငံငယ်ဖြစ်သည်။ နေ့အခါတွင် နိုင်ငံ၏မြို့တံခါးဖွင့်ကာ အဝင်အထွက်ရှိသော်လည်း ညအခါတွင် နိုင်ငံနယ်နိမိတ်တံခါးကို ပိတ်ထားသည်။

**ရဟန်းမင်းကြီးအကြောင်း တစေ့တစောင်း**

ခရစ်နှစ် ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်တွင် ဂျော့ဂ်ျမာရီယိုဘာဂိုလီယိုအား ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာ၏ (၂၆၆)ဦးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး ၎င်းအား ရဟန်းမင်းကြီး ဖရန်စစ်ဟူ၍ ခေါ်တွင်ကြ၏။အမေရိကတိုက်မှ ပေါ်ထွန်းလာသည့် ပထမမြောက် ပုပ်ရဟန်းမင်းအဖြစ် သမိုင်းတွင်ပေသည်။

ဘာဂိုလီယိုကို ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့၌ မွေးဖွားခဲ့သည်။


ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရချိန်တွင် အီတလီနိုင်ငံ Assisi မြို့မှ စိန့်ဖရန်စစ်၏ အမည်နာမတော်ကို အစွဲပြု၍ ပုပ်ဖရန်စစ်ဟူ၍ ဘွဲ့တော်မှည့်ခေါ်ခဲ့၏။ ပုပ်ရဟန်းမင်းအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းမရှိမီ ဘာဂိုလီယိုမှာ ၁၉၉၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဗျူနိုအေးရိစ်မြို့၏ ဂိုဏ်းချုပ်ဆရာတော်အဖြစ် သာသနာ့တာဝန်ထမ်းဆောင်ခဲ့၏။

ထိုမတိုင်မီကာလတွင်မူကား ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အာဂျင်တီးနားကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌဆရာတော်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အာဂျင်တီးနားရိုမန်ကက်သလစ် Church ၏ ဂိုဏ်းချုပ်ရဟန်းအမတ်အဖြစ် လည်းကောင်း သာသနာ့တာဝန် ထမ်းဆောင်ခဲ့လေသည်။

**ခရီးစဉ်အမှတ်တံဆိပ်**

ရဟန်းမင်းကြီးဖရန်စစ်သည် "ချစ်ခြင်းမေတ္တာ"နှင့် "ငြိမ်းချမ်းရေး"၏ တမန်တော်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဟု ဆိုသည်။

ရဟန်းမင်းကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အမှတ်တံဆိပ် (Logo)ကိုကြည့်လျှင် အသည်းနှလုံးပုံအတွင်း မြန်မာနိုင်ငံ၏မြေပုံနှင့်အတူ ရဟန်းမင်းကြီး၏လက်ပေါ်တွင် ငြိမ်းချမ်းရေးချိုးဖြူငှက်တစ်ကောင် ခိုနားလျက်ရှိနေပုံကို ကျွန်ုပ်တွေ့မြင်ရလေသည်။




နှလုံးသားပုံ အမှတ်တံဆိပ်မှာ ချစ်ခြင်းမေတ္တာကို ဖော်ကျူးသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား၊ ယုံကြည်ကိုးကွယ်မှုမတူညီသူတို့အကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုသေလေးစားခြင်းကို အဓိပ္ပာယ်ဆောင်သည်။

နှလုံးသားပုံတွင် အသုံးပြုသော ဖဲကြိုးများမှာ မြန်မာနှင့် ဗာတီကန်နိုင်ငံတို့ကို ကိုယ်စားပြုသည်။ မြန်မာနိုင်ငံကို ကိုယ်စားပြုမှုအဖြစ် အဝါ၊ အစိမ်းနှင့် အနီရောင်တို့ကို အသုံးပြုထားပြီး ဗာတီကန်နိုင်ငံကို ကိုယ်စားပြုမှုအဖြစ် အဝါရောင်နှင့် အဖြူရောင်တို့ကို ကိုယ်စားပြုသည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ဒေသသုံးစကား၊ ရိုးရာနှင့် ယဉ်ကျေးမှုတို့ကို ရောင်စုံခြယ် မြန်မာနိုင်ငံမြေပုံက ဖော်ကျူးလေသည်။

ချိုးဖြူငှက်ဟူသည်မှာကား ငြိမ်းချမ်းရေး၏ အမှတ်သင်္ကေတများအနက် ရှေးအကျဆုံး အမှတ်သင်္ကေတတစ်ခုပါပေတည်း။

ယဉ်ကျေးမှုတိုင်းတွင် ငြိမ်းချမ်းရေးအမှတ်သင်္ကေတများ ကိုယ်စီကိုယ်ငရှိနေတတ်ပြီး နိုင်ငံတကာ အသိအမှတ်ပြုသည့် သင်္ကေတတစ်ရပ်မှာ ချိုးဖြူငှက်ဖြစ်၏။ ယင်းမှာရှေးဟောင်း ခရစ်ယာန်ဘာသာဝင်များ၏ ငြိမ်းချမ်းရေးသင်္ကေတလည်းဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီးအပြီး စပိန်လူမျိုး ပန်းချီ၊ ပန်းပုပညာရှင်ကြီး ပါဘလိုပီကာဆိုက ငြိမ်းချမ်းရေးချိုးဖြူငှက်နှင့် သံလွင်ခက်တို့၏ အနက်အဓိပ္ပာယ်ကို အနုပညာဖြင့်ဖော်ထုတ်ရာမှ ယင်းသင်္ကေတများ ကမ္ဘာကျော်ခဲ့ရလေသည်။



**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ၂၀၁၇ ခုနှစ် မေလ ၄ ရက်က ဗာတီကန်၌ တွေ့ဆုံကြစဉ်။**

၂၀ ရာစုအတွင်း လက်နက်ဖျက်သိမ်းရေး လှုပ်ရှားသူများက ငြိမ်းချမ်းရေးအမှတ်သင်္ကေတကို အသုံးပြုကြသည်။

ရဟန်းမင်းကြီးသည် ငြိမ်းချမ်းရေး၏ သံတမန်ဖြစ်ကြောင်း အဓိပ္ပာယ်ဖော်ဆောင်နိုင်ရန် ချိုးငှက်ငယ်ခိုနားနေပုံကို ဖော်ပြထားလေသည်။

ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေး၏ တမန်တော်အဖြစ် မြန်မာနိုင်ငံသို့ ရဟန်းမင်းကြီး ရောက်လာခြင်းသည် ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဘာသာပေါင်းစုံမှ ပြည်သူ ပြည်သားများအကြား တည်ရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်သည်ဟု ကျွန်ုပ်မှတ်သားရလေသည်။

**မေတ္တာနှလုံးကိုယ်စီသုံး**

မည်သည့်ဘာသာတရားကို ယုံကြည်ကိုးကွယ်ကြသည်ဖြစ်စေ လူသားတစ်ဦးအနေဖြင့် စိတ်နှလုံးဖြူစင်ပြီး ရိုးသားဖြောင့်မတ်သူဖြစ်လာစေရေးအတွက် မေတ္တာကို ပွားများကြဖို့ အထူးပင်လိုအပ်လှ၏။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင် ပြည်သူ ပြည်သားများမှာလည်း ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ မေတ္တာတရားကို အလေးအနက်ထားကြသူများဖြစ်သည်ဟု ကျွန်ုပ်တွေးတောမိ၏။ လောကကောင်းကျိုးစီးပွားဖြစ်ရန် အားထုတ်ခြင်း၊ မိမိ၏ရပ်ရွာ၊ မိမိ၏ဆွေမျိုး၊ မိတ်သင်္ဂဟတို့၏ ကောင်းကျိုးစီးပွားဖြစ်ရန် အားထုတ်ခြင်း၊ မိမိကိုယ်တိုင် ကိုယ်ကျင့်တရား၊ တတ်သိပညာနှင့် ပြည့်စုံစေရန် အားထုတ်ခြင်းတို့ကို အခါမလပ် ကြိုးကုတ်အားထုတ်သင့်လှသည်။

မေတ္တာဟုဆိုရာတွင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူ၍ သုံးမျိုးရှိပြီးလျှင် ယင်းသုံးမျိုးစလုံးနှင့် ပြည့်စုံစေဖို့ လူသားတိုင်း ကြိုးပမ်းကြရပေလိမ့်မည်။

သို့ဖြစ်ပေရကား လူတို့၏ ဘဝရည်မှန်းချက်များကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ရာတွင် မေတ္တာတရားကို ဖြည့်ဆည်းခြင်းဖြင့် လုပ်ကိုင်သွားကြဖို့ အထူးအရေးကြီးလှပေသည်။

လူသားချင်း ချစ်ကြည်မှုနှင့် ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်လျက် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသို့ ရဟန်းမင်းကြီး ရောက်ရှိလာခြင်းသည် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် ရှုမြင်ရပါသည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းစစ်မီး တောက်လောင်လာခဲ့သည်မှာ ပါလီမန်ဒီမိုကရေစီခေတ်မှသည် ယနေ့ကာလ အရပ်သားအစိုးရအဖွဲ့ခေတ်သို့တိုင် ရောက်ရှိလာပြီဖြစ်သော်လည်း ငြိမ်းချမ်းရေးပန်းတိုင်ကို ပြည်သူတစ်ရပ်လုံး လှမ်းကိုင်နိုင်ခြင်း မရှိသေးပေ။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှစ၍ကျင်းပလာခဲ့ရာ"တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ"ဟူဘိသို့ ငြိမ်းချမ်းရေးပန်းတိုင်မှာ တစ်စတစ်စ ပိုမိုနီးကပ်လာပြီဟု ဆိုနိုင်ပေလိမ့်မည်။

"တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြတဲ့ ကျွန်မတို့အနေနဲ့ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ အပြန်အလှန် ညှိနှိုင်းပူးပေါင်းသွားကြမယ်ဆိုရင် ကျွန်မတို့ မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အဆုံးတိုင် ဆုပ်ကိုင်နိုင်မှာဖြစ်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက် NCA နှစ်နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။

**သူငါခပင်း ငြိမ်းချမ်းခြင်း**

ရဟန်းမင်းကြီးသည် နိုင်ငံတကာခရီးစဉ်များ ကြွရောက်ခဲ့ပြီး ခရစ်ယာန်ဂိုဏ်းများပေါင်းစည်းရေး၊ ဘာသာပေါင်းစုံ ရင်းနှီးချစ်ခင်မှုအတွက် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ချစ်ခင်ရင်းနှီးစွာ တွေ့ဆုံခဲ့ပြီး ဘာသာပေါင်းစုံရင်းနှီးမှု တည်ဆောက်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

ရဟန်းမင်းကြီးသည် သံတမန်ရေးအရ ပေါင်းကူးတံတားခင်းမှု လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ကျူးဘားနှင့် အမေရိကန်တို့ကို ရန်ဘက်အဖြစ်မှ မိတ်ဖက်အဖြစ်သို့ ကူးပြောင်းစေရန် သံတမန်ရေးအရ ကြိုးပမ်းခဲ့မှုကို သာဓကဆောင်နိုင်သည်။

မည်သည့် နိုင်ငံရေးဝါဒဘက်မှ ဘက်လိုက်ခြင်းမရှိသူ ရဟန်းမင်းကြီးသည် ငြိမ်းချမ်းရေး၏ တမန်တော်အဖြစ် တရားဓမ္မနှင့်အညီ ရပ်တည်နေသူအဖြစ် ကမ္ဘာက ရှုမြင်ကြရာ ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများကလည်း ရဟန်းမင်းကြီး၏ခရီးစဉ်ကို ငြိမ်းချမ်းရေးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် ရှုမြင်ကြလိမ့်မည်ဟု တွေးတောမိရင်း "ပုပ်ရဟန်းမင်းကြီး ရောက်ရှိလာ ပြည်မြန်မာ သူငါခပင်း ငြိမ်းချမ်းခြင်း"ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူငယ်တွေ မြန်မာနိုင်ငံမှာရှိတယ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

***၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ဖြစ်ကြသည်။ အဆိုပါလူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူသားအရင်းအမြစ်များဖြစ်သလို အနာဂတ် နိုင်ငံတော်၏ မောင်းနှင်အားလည်း ဖြစ်ပေသည်။***

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် မြန်မာလူငယ်များအချင်းချင်း အသိပညာ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေနိုင်ရန်နှင့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များနှင့်အညီ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သုံးရက်တာပွဲတော်ကာလအတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ ITနှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်ပြီး စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာအသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများ စသည့် အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို တင်ပြလိုက်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဒီပွဲရဲ့ရည်ရွယ်ချက်က လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်လို့ ခေါင်းစဉ်ပေးထားတဲ့အတိုင်း လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်ပါတယ်၊ ကျွန်တော်တို့ လူငယ်တွေသည် တိုင်းပြည်ရဲ့အနာဂတ်ကို ဖန်တီးကြမယ့်၊ တည်ဆောက်ကြမယ့်သူတွေ ဖြစ်တယ်၊ သူတို့က တစ်ဦးချင်းစီ အရည်အချင်းရှိနေဖို့ လိုတယ်၊ သူတို့သည် တိုင်းပြည်အတွက်၊ ကိုယ့်အဖွဲ့အစည်းအတွက် ဆောင်ရွက်ချင်တဲ့ စိတ်ဓာတ်တွေ ပြည့်ဝနေဖို့လိုပါတယ်၊ အရည်အချင်းရှိဖို့လိုတယ်၊ စိတ်ဓာတ်လည်းရှိဖို့လိုတယ်၊ ဒီပွဲမှာ အရည်အချင်းနဲ့ စိတ်ဓာတ် ဒီနှစ်ခုအတွက် အစပျိုးအနေအထားတွေ ဖန်တီးပေးနိုင်ဖို့စီစဉ်တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ လူငယ်တွေအရည်အချင်းတိုးတက်ဖို့အတွက်ဆိုရင် ကျွမ်းကျင်သင့်တဲ့ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ၊ အထူးသဖြင့် ၂၁ ရာစု နည်းပညာခေတ်သစ်မှာ လူငယ်တွေစိတ်ဝင်စားပြီး လေ့လာသင့်တဲ့ အကြောင်းအရာတွေကို ဒီပွဲမှာတွေ့ထိပြီး လေ့လာဆည်းပူးနိုင်အောင်၊ ကိုယ့်ကိုယ်ကိုယ် ဖွံ့ဖြိုးတိုးတက်နိုင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အခြေခံအစတွေကို ဖန်တီးပေးနိုင်အောင် စီစဉ်ထားပါတယ်၊ ပွဲတော်လို့ဆိုတဲ့အတိုင်း ဒီပွဲကိုလာပြီး အစီအစဉ်တွေကို လိုက်ကြည့်တယ်၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲပြီး ပျော်ရွှင်စရာဖြစ်အောင် လုပ်ထားပေးတယ်၊ ဒီပွဲကို လာရောက်ပြီး နောက်နောင် ၅ နှစ်၊ ၁၀ နှစ် အချိန်တစ်ခုရောက်တဲ့အခါ တစ်ချိန်တုန်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ဘယ်ကဏ္ဍတွေမှာ ကိုယ်ပါဝင်ခဲ့တာတွေကို အမှတ်တရဖြစ်စေဖို့အထိ ရည်ရွယ်ပါတယ်၊ ပွဲတော်ဖြစ်တဲ့အတွက် ပျော်ရွှင်ဖို့ပါတယ်၊ အမှတ်တရဖြစ်ဖို့ပါတယ်၊ ဖွံ့ဖြိုးတိုးတက်ဖို့ ပါတယ်၊ ဒါကြောင့် ဒီပွဲကိုအားလုံးလာရောက် ပျော်ရွှင်စွာဆင်နွှဲစေချင်ပါတယ်။

ဒီပွဲရဲ့အကျိုးကျေးဇူးက လူငယ်တွေဖွံ့ဖြိုးတိုးတက်မယ်၊ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရင်၊ လူငယ်တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရင် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တာပါပဲ၊ ဒီဖွံ့ဖြိုးတိုးတက်တဲ့လူငယ်တွေ၊ အရည်အချင်း ပြည့်စုံတဲ့လူငယ်တွေ များလာရင် တိုင်းပြည်ရဲ့အနာဂတ်က ပိုပြီးအားရစရာဖြစ်မှာပါ။

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး**

ပြီးခဲ့တဲ့တစ်ပတ်က ကျင်းပပြီးစီးခဲ့တဲ့ 8th model ASEM ရဲ့ အတွေ့အကြုံအရဆိုရင် အာရှ-ဥရောပက နိုင်ငံပေါင်း ၅၁ နိုင်ငံမှာ မြန်မာနိုင်ငံက ၅၆ ဦး ပါဝင်ခဲ့တယ်၊ ကျန်တဲ့ အာရှ-ဥရောပက နိုင်ငံက လူငယ် ၉၈ ဦး စုစုပေါင်း ၁၆၀ ပါတယ်၊ အဲဒီအတွေ့အကြုံအရ နိုင်ငံတကာက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူငယ်တွေ မြန်မာနိုင်ငံမှာ ရှိတယ်ဆိုတာ တွေ့ရပါတယ်၊ ဆုငါးဆုပေးတာမှာ မြန်မာနိုင်ငံက ကိုယ်စားလှယ်နှစ်ဦး ဆုရရှိတာကို ကြည့်ခြင်းဖြင့် နိုင်ငံတကာက လူငယ်တွေနဲ့ယှဉ်ပြိုင်ပြီး ဆွေးနွေးနိုင်တယ်၊ ကျန်တဲ့နိုင်ငံက လူငယ်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်ဆိုတာကို တွေ့ရတယ်။

မြန်မာနိုင်ငံက လူငယ်တွေသည် Potential ရှိတယ်၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အရည်အချင်းတွေရှိကြပါတယ်၊ ဒါတွေကို နိုင်ငံ့သားကောင်းတွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူ၊ တာဝန်ခံတတ်အောင်၊ တီထွင်ကြံဆတတ်အောင်၊ သင်ကြားသင်ယူလေ့ကျင့်ပြုစု ပျိုးထောင်ပြီးတော့မှ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါ၊ နိုင်ငံတော်အနေနဲ့၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ လူငယ်တွေမှာ အများကြီးရင်းနှီးမြှုပ်နှံနေပါတယ်၊ အားပေးမြှင့်တင်ဆောင်ရွက်နေပါတယ်၊ လူငယ်တွေအနေနဲ့ ဆက်လက်ပြီး ကိုယ့်မှာရှိတဲ့ Potential တွေကို နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆက်လက်ကြိုးစားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်**

အစိုးရသစ်လက်ထက်မှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အနေနဲ့ ပထမဆုံးကျင်းပတဲ့ပွဲတော် ဖြစ်ပါတယ်၊ ဒီပွဲတော်မှာ ပြပွဲ၊ ပြိုင်ပွဲတွေအပြင် အခြားအနုပညာဆိုင်ရာ လှုပ်ရှားမှုတွေ ဘက်စုံပါဝင်အောင် ထည့်သွင်းထားပါတယ်၊ ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းသားတွေနဲ့ ရန်ကုန်မြို့မှာရှိတဲ့ တက္ကသိုလ်အသီးသီးက ကျောင်းသား ကျောင်းသူအင်အား ၄၀၀၀ ကျော်နဲ့ ကျင်းပသွားဖို့ ဖိတ်ခေါ်ထားပါတယ်။

ပွဲတော်ရဲ့ရည်ရွယ်ချက်က လူငယ်တွေ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်၊ လူငယ်တွေ စုပေါင်းလုပ်ဆောင်နိုင်မှု၊ တီထွင်ဆန်းသစ်နိုင်မှု ဒါမျိုးတွေရအောင် စီစဉ်ထားပါတယ်၊ လူငယ်တွေ တက်ကြွပျော်ရွှင်စေဖို့အတွက် ဖျော်ဖြေရေးအစီအစဉ်တွေ စီစဉ်ထားပါတယ်၊ ဘက်ပေါင်းစုံ စီစဉ်ထားတာကြောင့် ကြုံတောင့်ကြုံခဲအခွင့်အရေးမှာ လူငယ်တွေ တက်ကြွစွာပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ဝင်းဝင်းမော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မုခ်ဦး တည်ဆောက်ထားမှုကို တွေ့ရစဉ်။

## ပန်းချီပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ နှင်းဆီမြိုင်ပန်းချီပြခန်းတွင် မကြာမီ ကျင်းပမည့် စာပေညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ပန်းချီအရောင်းပွဲတော်တစ်ရပ် ပါဝင်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပန်းချီအရောင်းပွဲတော် ဖြစ်မြောက်ရေးအတွက် ရေဆေးအကြည် လှုပ်ရှားမှုအသင်း(မြန်မာ)က ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာပန်းချီပညာရှင်များ၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကားများကို ပြသကြမည်ဟု သိရသည်။ ထို့နောက် စာပေညီလာခံမကျင်းပမီ ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံလမ်းတွင် နေ့စဉ် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ ပြသသွားမည်ဖြစ်သည်။ ထိုရက်များတွင် စာအုပ်ဈေးရောင်းပွဲတော်၊ စာပေဟောပြောပွဲများနှင့် ပွဲတော်လာ ပရိသတ်များအတွက် ကြည့်ချင်စဖွယ်ပွဲများလည်း ပါဝင်ပြသကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ထို့နောက် ပန်းချီအရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုသူများကို ပုံတူပန်းချီရေးဆွဲပေးခြင်း၊ ကယ်ရီကေးချား(ရုပ်ပြောင်)ရေးဆွဲခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအကြိမ် ပြသသွားမည့် ပန်းချီဈေးရောင်းပွဲတော်တွင် ပန်းချီဆရာများ တစ်တပ်တစ်အား ပါဝင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုထင်**

❐ **ကျောဖုံးမှ**

ပြန်လည်လက်ခံရေးအတွက် အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို သိပါရစေ။

**ပြည်ထောင်စုဝန်ကြီး**။ ။ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိစ္စက အင်မတန်ထိလွယ်ရှလွယ်ကိစ္စ ဖြစ်ပါတယ်။ လေးနက်တဲ့ ကိစ္စလည်းဖြစ်တဲ့အတွက် အစိုးရအနေနဲ့ သိမ်သိမ်မွေ့မွေ့ကိုင်တွယ်ပြီးတော့ အားလုံး Harmonious Solution တစ်ခုရဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အားလုံးသိတဲ့အတိုင်း ဩဂုတ်လ ၂၅ ရက်နောက်ပိုင်းမှာ နေရပ်ကို စွန့်ခွာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှာ ရောက်ရှိနေတဲ့ လူဦးရေငါးသိန်း၊ ခြောက်သိန်းရှိတယ်လို့ ပြောပါတယ်။ ဒီအပေါ်မှာ အခြေခံပြီးတော့ နိုင်ငံတကာကလည်း စိုးရိမ်မှုတွေဖြစ်လာတယ်။ ဖိအားတွေကိုလည်း ဆတက်ထမ်းပိုး ပေးလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုဖိအားက တစ်ကြိမ်တစ်ခါမှ ဒီလောက်မများဖူးပါဘူး။ ၁၉၉၀ ပြည့်နှစ်လောက်ကဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးနဲ့ ပြည်တွင်းမှာလုပ်တဲ့ ရွေးကောက်ပွဲ ရလဒ်အတည်ပြုရေးတို့ကို တွန်းအားပေးတာရှိပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း လွှတ်ပေးဖို့ တောင်းဆိုတာလည်း ရှိပါတယ်။ ဒီအချိန်မှာ ပြည်သူ့ဆန္ဒကလည်း ဒါတွေဖြစ်မြောက်ဖို့ တစ်ထပ်တည်းကျနေတဲ့အတွက် ဒီလောက်ဖိအားမရှိပါဘူး။ အခုအချိန်မှာကျတော့ နိုင်ငံတကာက ကုလသမဂ္ဂမှာ အရေးယူဖို့ တောင်းဆိုတာရှိပါတယ်။ ဒီနှစ်ဆန်းမှာ အိုအိုင်စီ (Organisation of Islamic Cooperation-OIC)ကနေ ကမကထလုပ်ပြီးတော့ ကုလသမဂ္ဂမှာ ဆုံးဖြတ်ချက်ချဖို့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ စက်တင်ဘာ ၂ ရက်ကဆိုရင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ လုံခြုံရေးကောင်စီကို ပို့ခဲ့တာရှိပါတယ်။ ဒါကြောင့်မို့ ရခိုင်အရေးဟာ အဖြေရှာဖို့ လိုအပ်ပါတယ်။ အဲဒီလိုမဟုတ်ရင် မြန်မာနိုင်ငံအတွက် ကြီးမားတဲ့အန္တရာယ် ကျရောက်နိုင်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။နှစ်နိုင်ငံကြားမှာ သဘောတူလက်မှတ်ရေးထိုးခဲ့တာနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါဆရာ။

**ပြည်ထောင်စုဝန်ကြီး**။ ။ဦးစွာပြောချင်တာကတော့ နိုင်ငံတကာက ရခိုင်အရေးကိစ္စကို နိုင်ငံတကာအရေးဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီဟာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ဆွေးနွေးရင် (ICC - International Criminal Court) အဖြစ် အရေးယူလို့ရအောင် တွန်းအား ပေးနေတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ နှစ်နိုင်ငံချင်း ညှိနှိုင်းအဖြေရှာဖို့ နှစ်ဖက်လုံး win-win အခြေအနေရရှိအောင် ဆောင်ရွက်နေပါတယ်။ နေရပ်ကို စွန့်ခွာသွားတဲ့သူတွေ နေရပ်ကို ပြန်လာဖို့ ဘင်္ဂလားဒေ့ရှ်နဲ့ ညှိပါတယ်။ နိုဝင်ဘာ ၂၃ ရက်က ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့ လက်မှတ်ရေးထိုးပြီး သဘောတူခဲ့တာရှိပါတယ်။ ဒီကိစ္စကို ပြေပြေလည်လည်ဖြစ်အောင် မြန်မာနိုင်ငံဘက်မှာ နေထိုင်ခဲ့ဖူးတဲ့သူတွေကို ၁၉၉၂ ခုနှစ် အတွေ့အကြုံတွေ ရှိပါတယ်။ ဒီအခြေခံမူတွေအပေါ်မှာ မူတည်ပြီးတော့ ပြန်လည်လက်ခံဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ပြန်လည်လက်ခံတယ်ဆိုတာ နိုင်ငံသားပေးတာမဟုတ်ပါဘူး။ ဒီလူတွေဟာ မြန်မာနိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ပြီးလက်ခံမယ်။ ဒါကလည်း နိုင်ငံတကာ ကွန်ဗင်းရှင်းမှာ Civil and Political Rights အရ အဲဒီနိုင်ငံမှာ နေထိုင်တဲ့သူတွေအတွက် အစိုးရမှာ တာဝန်ရှိတယ်။ နေရပ်စွန့်ခွာသွားသူတွေ ပြန်လာရင်လက်ခံဖို့ တာဝန်ရှိတယ်။ ဒါက International Customary law ဖြစ်နေပါပြီ။ မြန်မာနိုင်ငံကတော့ ဒီကွန်ဗင်းရှင်းကို လက်မှတ် ရေးထိုးထားတာမရှိပါဘူး။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ဒီလက်မှတ်ရေးထိုးတာနဲ့ ပတ်သက်ပြီး ပြည်သူလူထုကြားထဲမှာ စိတ်ဝင်စားမှုတွေ ရှိသလို အချို့ကလည်း စိုးရိမ်မှုတွေရှိနေပါတယ်။ ဘာကြောင့် လက်မှတ်ရေးထိုးသလဲ၊ ဘာတွေလက်မှတ်ရေးထိုးသလဲ၊ နိုင်ငံအတွက် ဘာအကျိုးကျေးဇူးရမှာလဲဆိုပြီး သိရှိလိုကြပါတယ်။ ဒီအပေါ်မှာ ဝန်ကြီးအနေနဲ့ ရှင်းပြပေးပါ။

**ပြည်ထောင်စုဝန်ကြီး**။ ။အဓိကကတော့ ကျရောက်နိုင်တဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်တာဖြစ်ပါတယ်။ ဒီလူတွေက သူတို့သဘောနဲ့ သူတို့ ထွက်သွားတယ်။ ဒါပေမယ့် ဟိုဘက်နိုင်ငံရောက်တော့ ဒီဘက်က အင်အားအလွန်အကျွံသုံးပြီး တွန်းထုတ်လိုက်တဲ့သဘော၊ ethnic cleansing လူမျိုးအလိုက် တွန်းထုတ်လိုက်တဲ့ သဘောမျိုးဖြစ်ပြီး အရေးယူလို့ရအောင် အဲဒီလိုမဖြစ်ဖြစ်အောင် လုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ethnic cleansing မဟုတ်ဘူး။ အဲဒီအခါ ဒီလူတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ခေါ်ပါမယ်။ ပြန်ခေါ်ပြီးရင် စနစ်တကျ ပြန်ပြီးတော့ နေရာချထားပါမယ်။ ဒီလူတွေဟာ နိုင်ငံသား ရသင့်ရထိုက်တဲ့ သူတွေဆိုရင် ရဖို့ NV ကတ်ကို အရင်လုပ်ရပါမယ်။ လုပ်ပြီးမှ နိုင်ငံသားဖြစ်မှုကို လျှောက်ထားရပါမယ်။ အဆင့်ဆင့် စနစ်တကျ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နောင်မှာ ကျူးကျော်ဝင်ရောက်လာတာတွေမရှိအောင်၊ စနစ်တကျဖြစ်သွားအောင်၊ အနောက်တံခါးပေါက်လည်း လုံသွားအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုမလုပ်ဆောင်ရင် ဒါကို အကြောင်းပြုပြီး R2P (Responsibility to Protect) လိုဟာမျိုး ဆောင်ရွက်လာနိုင်ပါတယ်။ နိုင်ငံအတွင်းမှာအစိုးရအနေနဲ့ မကာကွယ်ပေးနိုင်ရင်သော်လည်းကောင်း၊ မကာကွယ်ချင်ရင်သော်လည်းကောင်း အရေးယူနိုင်တယ်ဆိုပြီး လုပ်ထားတာရှိပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ဒေသခံပြည်သူတွေအနေနဲ့ ဘယ်လိုဖြစ်နေသလဲဆိုတော့ ဒီလူတွေဟာ ငါတို့ဆီက မဟုတ်ဘူး၊ တခြားက လာတဲ့သူတွေဖြစ်တယ်၊ ဘာလို့ ပြန်လက်ခံမှာလဲ၊ လက်မခံရင်ရော မရဘူးလားဆိုပြီး မေးခွန်းတွေ မေးနေကြတာ၊ ပြောနေကြတာရှိပါတယ်။ ဒီအပေါ်မှာလည်း ရှင်းပြပေးပါ။

**ပြည်ထောင်စုဝန်ကြီး** ။ ။မှန်ပါတယ်ခင်ဗျ။ လူတွေစိုးရိမ်တယ်ဆိုတာကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာကျင့်ထုံးတွေအရ ဒီမှာနေဖူးတယ်ဆိုရင် အတင်းလက်မခံဘဲ ဖယ်ထုတ်ရင် စောစောကပြောခဲ့တဲ့ ethnic cleansing နဲ့ အကျုံးဝင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလူတွေကို စိစစ်ပြီး ပြန်ခေါ်မယ်။ နေဖူးတဲ့သူတွေ ပြန်ခေါ်ပြီး စနစ်တကျဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုပြန်လာတိုင်း နိုင်ငံသားအလိုအလျောက် ဖြစ်သွားမှာမဟုတ်ပါဘူး။ ဒါကြောင့်မို့ စိုးရိမ်စရာမရှိပါဘူး။ အရင် အဆက်ဆက်က white card တွေလည်း ထုတ်ခဲ့ဖူးတာရှိတယ်။ သိန်းပေါင်းများစွာ ထုတ်ခဲ့ဖူးတဲ့အတွက် ဒီလူတွေဟာ အဲဒီဟာကို အထောက်အထားပြပြီး ဒီဘက်မှာ နေခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထားပြရမှာဖြစ်ပါတယ်။ နေခဲ့ဖူးတဲ့သူကို လက်ခံမယ်။ ပြီးတော့မှ စိစစ်ပြီး ပေးသင့်ပေးထိုက်တဲ့သူတွေကို ဧည့်နိုင်ငံသား အစရှိသဖြင့် တစ်ဆင့်ပြီး တစ်ဆင့် စိစစ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Process တစ်ခုရှိပါတယ်။ ဒါက အချိန်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ချက်ချင်းဖြစ်သွားမှာမဟုတ်ပါဘူး။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေ ရှိပါတယ်။အဲဒီဥပဒေနဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ဝန်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ စိတ်ဝင်စားစရာ အချက်တစ်ချက် R2P(Responsibility to Protect) သွားတွေ့ပါတယ်။ နိုင်ငံတကာမှာလည်း ကျယ်ကျယ်ပြန့်ပြန့်သုံးတာတွေ့ပါတယ်။ ဒီ R2P ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ရခိုင်ဒေသကို ဘယ်လိုပုံစံမျိုးနဲ့ ဆုံးဖြတ်နိုင်သလဲ၊ ဘယ်အတိုင်းအတာအထိ အန္တရာယ်ရှိတယ်ဆိုတာ သိရှိပါရစေ။

**ပြည်ထောင်စုဝန်ကြီး**။ ။R2P က အန္တရာယ်ကြီးပါတယ်။ ၁၉၉၃ ခုနှစ်လောက်က ယူဂိုစလားဗီးယားနိုင်ငံမှာ ethnic cleansing ရှိတယ်ဆိုပြီး အရေးယူခဲ့တာရှိပါတယ်။ အလားတူ ရဝမ်ဒါ၊ လစ်ဗျားစတဲ့နိုင်ငံတွေမှာ ဒီလိုပဲ R2P ကို အကြောင်းပြုပြီး အရေးယူခဲ့တဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ R2P ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အစိုးရဟာ နေထိုင်သူတွေကို မကာကွယ်နိုင်ဘူး။ လူတွေ အမြောက်အမြားဒုက္ခရောက်တယ်၊ သေဆုံးမှုဖြစ်တယ်ဆိုရင် ဝင်ရောက်စွက်ဖက်နိုင်တယ်ဆိုတာ ဖြစ်ပါတယ်။ R2P လုပ်နိုင်တဲ့ အဓိကလေးချက်ရှိပါတယ်။ Genocide လူမျိုးစု ပျက်သုဉ်းအောင်လုပ်တာ၊ ethnic cleansing ဒေသမှာရှိတဲ့ လူမျိုးစုကို ဖယ်ရှားတာ၊ war crime စစ်တိုက်တဲ့အချိန်မှာ အင်အားအလွန်အကျွံသုံးပြီး စစ်ရာဇဝတ်မှုဖြစ်အောင် လုပ်တာနဲ့ Crimes against humanity လူသားတွေကို ရာဇဝတ်မှု ကျူးလွန်တာဆိုပြီး ရှိပါတယ်။ အခုအချိန်မှာ ethnic cleansing လုပ်နေတယ်ဆိုပြီး လမ်းကြောင်းပေးနေပါတယ်။ ကုလသမဂ္ဂမှာ အခုဆိုရင် အထွေထွေညီလာခံရဲ့ တတိယကော်မတီမှာ မြန်မာနိုင်ငံကနေ ငါးသိန်း ခြောက်သိန်း တိမ်းရှောင်နေရတယ်။ ရွာတွေကို မီးရှို့တယ်၊ လူတွေကို အင်အားသုံး ဖယ်ရှားတယ်ဆိုပြီး စွပ်စွဲနေတာရှိပါတယ်။ ဒီလိုစွပ်စွဲနေတာကို မီဒီယာကလည်း ဖွပေးနေတာရှိပါတယ်။ ဖွပေးနေပြီးတော့ အိုအိုင်စီကနေ အဆိုပြုလွှာတင်ပြီးတော့ တတိယကော်မတီမှာ ဆုံးဖြတ်တဲ့အခါ အိုအိုင်စီ ၅၇ နိုင်ငံ၊ ဥရောပသမဂ္ဂ ၂၈ နိုင်ငံက ပူးပေါင်းအဆိုတင်တယ်။ အနောက်နိုင်ငံအများစုကလည်း သူတို့ဘက်က ပါတယ်။ မဲခွဲတဲ့အခါ ၁၃၅ နိုင်ငံက မြန်မာနိုင်ငံမှာ အခုစိုးရိမ်ရတဲ့ အန္တရာယ်ရှိပါတယ်ဆိုပြီး ဆုံးဖြတ်ကြတယ်။ မြန်မာနိုင်ငံဘက်က ရပ်တည်တာ ၁၀ နိုင်ငံပဲရှိပါတယ်။ ကြားနေက ၃၂ မဲဖြစ်ပါတယ်။ အထွေထွေညီလာခံက ဆုံးဖြတ်လိုက်ရင် ဘာဖြစ်လာသလဲဆိုရင် ကျွန်တော်တို့ကို ဘာလုပ်သင့်တယ်ဆိုပြီး တိုက်တွန်းတာရှိတယ်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပို့ပြီးဆုံးဖြတ်ရင် အဖွဲ့ဝင် ၁၉၃ နိုင်ငံလုံးက လိုက်နာရတယ်။ သူတို့လုပ်လို့ရတာက ဆန်ရှင်ချလို့ရတယ်။ ဒါမှမဟုတ်ရင် အင်အားသုံးပြီး နိုင်ငံကို ဝင်လို့ရတယ်။ ဒါမျိုးမဖြစ်ရအောင် ကျွန်တော်တို့ ကြိုတင်ကာကွယ်နေတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာကိစ္စမဟုတ်ဘဲ ဒေသတွင်း ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ သက်ဆိုင်တဲ့ နိုင်ငံနှစ်နိုင်ငံသာ ပြေလည်အောင် ဖြေရှင်းရင် သူတို့ဝင်လို့ မရဘူး။ ဒါကြောင့်မို့ နှစ်နိုင်ငံပူးတွဲပြီး ဦးစားပေးဆောင်ရွက်နေတာဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။R2P ရဲ့ အန္တရာယ်က ကျွန်တော်တို့ကို ခြိမ်းခြောက်နေတဲ့သဘော အနေနဲ့ရော ရှိပါသလားခင်ဗျ။

**ပြည်ထောင်စုဝန်ကြီး**။ ။မြန်မာနိုင်ငံအရေးဟာ အထွေထွေညီလာခံကနေ စဉ်းစားသလို ကုလသမဂ္ဂလုံခြုံရေးကောင်စီလည်း ရောက်နေပါပြီ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို စက်တင်ဘာလဆန်းတုန်းက သုံးကြိမ် Briefing လုပ်တယ်ဆိုတာက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံရဲ့ အခြေအနေကို ရှင်းလင်းပြောကြားခဲ့တာရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စက်တင်ဘာ ၂၈ ရက်နဲ့ အောက်တိုဘာ ၁၃ ရက်တွေမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ သွားရောက်ဆွေးနွေးပြောကြားခဲ့ပါတယ်။ နိုင်ငံအများအပြားက မြန်မာနိုင်ငံရဲ့ အခြေအနေဟာဆိုရင် Crisis အခြေအနေကို ရောက်နေလို့ အရေးယူသင့်တယ်ဆိုပြီး ထောက်ပြပြောဆိုနေတာရှိပါတယ်။ သူတို့က လေးချက်ထောက်ပြပါတယ်။ တစ်အချက်က တိုက်တာခိုက်တာရှိရင် ရပ်စဲပါ၊ ဒုတိယအချက်က ဒုက္ခသည်တွေကို လူသားချင်း စာနာထောက်ထားမှုအကူအညီတွေ အမြန်ဆုံးထောက်ပံ့ပေးပါ၊ တတိယအချက်က ဟိုဘက်နိုင်ငံဘက်ကို ရောက်သွားတဲ့ နေရပ်စွန့်ခွာသွားသူတွေကို မြန်မာနိုင်ငံဘက် မူလနေရာတွေကို ပြန်လည်ခေါ်ယူပြီး နေရာချထားပေးပါ၊ စတုတ္ထအချက်က ကိုဖီအာနန် ကော်မရှင်ရဲ့ Recommendation တွေကို အမြန်ဆုံး အကောင်အထည်ဖော်ပေးပါလို့ ပြောပါတယ်။ နောက်တစ်ချက်က အရေးယူသင့်တဲ့ သူတွေကို အရေးယူပေးဖို့ ပြောပါတယ်။ အဓိကကတော့ အင်အားအလွန်အကျွံသုံးထားတယ်။ လူတွေသေတယ်၊ ကျေတယ်ဆိုတာကို အရေးယူပေးဖို့ ပြောပါတယ်၊ အိုအိုင်စီ အပါအဝင် နိုင်ငံအများစုက ဘာပြောနေလဲဆိုတော့ R2P နဲ့ ကြည့်မယ်ဆိုရင် ဒီနေရာမှာ စိတ်ပူရတယ်ဆိုတဲ့ နိုင်ငံတွေဆို အဝါရောင်သတ်မှတ်တယ်။ ဒီထက်တစ်ဆင့် ethnic cleansing တို့ Genocide တို့ဆို လိမ္မော်ရောင်နဲ့ နောက်ဆုံး Crisis ဖြစ်နေပြီဆိုတဲ့ နိုင်ငံတွေကို အနီရောင် သတ်မှတ်ပါတယ်။ မြန်မာနိုင်ငံကို အနီရောင်ထဲ ထည့်ထားပါတယ်။ အနီရောင်ထဲ ထည့်ထားတဲ့အတွက် ကျွန်တော်တို့က ဒါအင်မတန်မှ အန္တရာယ်ကြီးတယ်ဆိုတာ၊ ပစ်မှတ်ထားတယ်ဆိုတာ ရှင်းနေပြီဖြစ်ပါတယ်၊ ဒီဟာကို ဒီအတိုင်းထားလို့မရပါဘူး။ သိမ်သိမ်မွေ့မွေ့နဲ့ နိုင်ငံရေးအရ အဖြေရှာရမှာ ဖြစ်ပါတယ်။ အဖြေရှာတဲ့ နည်းကတော့ နိုင်ငံတကာကျင့်ထုံးတွေနဲ့အညီ ကိုယ့်နိုင်ငံမှာ နေခဲ့ဖူးရင် ပြန်ခေါ်မယ်။ ပြန်ခေါ်တဲ့အခါမှာ မိမိဆန္ဒအလျောက်ပြန်လာချင်တဲ့သူကို ခေါ်ရမယ်။ လာတဲ့သူတွေကို နေရပ် အနီးဆုံးနေရာ၊ အနီးဆုံးရွာတွေမှာ ပြန်ပြီးနေရာချထားပေးမယ်။ နောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် UEHRD အဖွဲ့တွေ လုပ်နေတဲ့ လုပ်ငန်းတွေရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောကြားထားတာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာကို စကားလုံးတွေနဲ့ တုံ့ပြန်နေမယ့်အစား လက်တွေ့ကျကျလုပ်ဆောင်ပြီး သက်သေပြမယ်။ ဒါကြောင့် UEHRD က အရေးပါပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။တချို့ ဘာပြောလဲဆိုတော့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ဖိအားတွေ ရှိခဲ့တာပဲ။ အရင်တပ်မတော်အစိုးရလက်ထက်မှာလည်း ဖိအားတွေ ရှိခဲ့တာပဲ။ အခုလည်း ဖိအားရှိတာပဲ။ ဘာစိတ်ပူစရာလိုသလဲလို့ ပြောကြတာလည်း ရှိပါတယ်။ ဝန်ကြီးအနေနဲ့ တပ်မတော်အစိုးရလက်ထက် ဖိအားတွေကို နိုင်ငံတကာမျက်နှာစာမှာ ဖြေရှင်းခဲ့တာတွေ ရှိပါတယ်။ အခုလည်း ဖြေရှင်းနေတယ်။ အရင်က ရှိခဲ့တဲ့ ဖိအားတွေနဲ့ အခုဖိအားတွေဟာ တော်တော်ကြီးကို ခြားနားမှုရှိနေပါသလား။

**ပြည်ထောင်စုဝန်ကြီး**။ ။ကျွန်တော့်အနေနဲ့ သုံးသပ်ပြောကြားရရင် ခြားနားမှု တော်တော်ကြီးပါတယ်။ အရင်က ဖိအားက ၁၉၉၀ ပြည့်နှစ်လောက်က စခဲ့ပါတယ်။ ၁၉၈၈ အရေးအခင်းနောက်ပိုင်းမှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေတယ်။ ဒါကြောင့်မို့ လူ့အခွင့်အရေးပြန်လည်ရရှိရေးဆိုပြီး ကမ္ဘာကနေ ဖိအားပေးတာရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲလုပ်တယ်။ ရွေးကောက်ပွဲရလဒ်နဲ့အညီ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဖိအားပေးခဲ့တာရှိပါတယ်။ အရင်တုန်းက ဖိအားနဲ့ ပြည်သူ့ဆန္ဒနဲ့က ကိုက်ညီနေပါတယ်။ ပြီးတော့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှုကို မထိခိုက်ပါဘူး။ အခုကြုံနေရတဲ့ ဖိအားကတော့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုကိုထိပါးနိုင်ပါတယ်။ အဆမတန် ဖိအားများပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံက လုံခြုံရေးကောင်စီကို ပေးပို့ထားတယ်။ လုံခြုံရေးကောင်စီမှာ နိုဝင်ဘာလ ၁၆ ရက်က ဥက္ကဋ္ဌရဲ့ Statement တစ်ရပ်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ Statement အဆင့်မှာ အရေးယူ ဆောင်ရွက်နိုင်တာမရှိပေမယ့် အဲဒီမှာ ဖော်ပြထားတာက ရက်ပေါင်း ၃၀ အတွင်း ပြန်လည် သုံးသပ်ရမယ် ဆိုပြီးပါတယ်။ တိုးတက်မှုရှိမရှိကို ရက်ပေါင်း ၃၀ ကြာမြင့်တဲ့အခါ ပြန်လည်သုံးသပ်ကြည့်မယ်၊ ပြန်ကြည့်လို့ တိုးတက်မှုမရှိရင် အရေးယူမှု ဒီထက်တစ်ဆင့်တက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို Red Alert မှာထည့်ထားတာဖြစ်တဲ့အတွက် အဲဒီလူတွေကို ethnic cleansing လုပ်နေပါတယ်၊ လူတွေဒုက္ခရောက်နေပါတယ်ဆိုပြီး R2P သုံးဖို့ဖြစ်လာပါမယ်။

အန္တရာယ်ကို ကြည့်မယ်ဆိုရင် ဟိုတစ်လောကလာသွားတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဆိုရင် ethnic cleansing ဖြစ်ပါတယ်ဆိုပြီး စပြောနေတယ်။ ဒီမတိုင်ခင် UNHRC က ပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံမှာ ethnic cleansing ရှိတယ်ဆိုပြီး ပြောနေတယ်။ ဒီအန္တရာယ်က ကြီးပါတယ်။ တဖြည်းဖြည်းနဲ့ တွန်းအားပေးပြီး R2P ဘက်ကို ပို့နေပါတယ်။ ဒါကို ကာကွယ်ဖို့ လုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိပါတယ်။ ဒီငါးနိုင်ငံက ဒါကိုတားလို့ရပါတယ်။ ဗီတို အာဏာသုံးပြီး တားနိုင်ပါတယ်။ လုံခြုံရေးကောင်စီမှာက အဖွဲ့ဝင် ၁၅ နိုင်ငံရှိပါတယ်။ အမြဲတမ်း ငါးနိုင်ငံနဲ့ အလှည့်ကျ ၁၀ နိုင်ငံဖြစ်ပါတယ်။ အမြဲတမ်းငါးနိုင်ငံက အမေရိကန်၊ ယူကေ၊ ပြင်သစ်၊ ရုရှားနဲ့ တရုတ်တို့ ဖြစ်ပါတယ်။ ဒီ ငါးနိုင်ငံက ဘယ်လိုဖြစ်တာလဲဆိုတော့ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂတည်ထောင်ချိန်မှာ ဒုတိယကမ္ဘာစစ်အပြီး စစ်နိုင်တဲ့နိုင်ငံတွေက ဗီတိုအာဏာကို ယူထားတာဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ သူတို့ သဘောတူမှ ဆုံးဖြတ်ချက်ချရမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ မြန်မာနိုင်ငံကိစ္စနဲ့ပတ်သက်ပြီး ကန့်ကွက်မဲသုံးမယ်၊ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအနက် နိုင်ငံ တစ်နိုင်ငံက ဗီတိုအာဏာသုံးမယ်ဆိုရင်တော့ မြန်မာနိုင်ငံကို အရေးယူလို့ရမှာမဟုတ်ပါဘူး။ အခုအချိန်မှာ ကျွန်တော်တို့ကိုစွပ်စွဲနေတာက အနောက်နိုင်ငံတွေဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံအနက် ရုရှားနဲ့ တရုတ်နိုင်ငံ နှစ်နိုင်ငံ ကျန်ပါတယ်။ နှစ်နိုင်ငံလုံးဖြစ်စေ၊ တစ်နိုင်ငံဖြစ်စေ ကျွန်တော်တို့ဘက်ကနေ ရပ်တည်ဆောင်ရွက်ပေးရင် ရပါတယ်။ ဒီနိုင်ငံတွေကလည်း သူတို့ရဲ့ National Interest သူတို့နိုင်ငံအကျိုးကို ကြည့်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကနေ မူအရ ရပ်တည်ပေးရင်တော့ ရပ်တည်ပေးမယ်။ ဒါပေမယ့် အကြိမ်ကြိမ်ဆိုရင်တော့ သူတို့ရဲ့ အကျိုးအမြတ်အတွက် စဉ်းစားရတဲ့ အနေအထား ဖြစ်လာနိုင်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ပြည်ထောင်စုဝန်ကြီး ခုနက ပြောတဲ့အထဲမှာလည်း ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောကြားထားတယ်။ နိုင်ငံတကာကို လက်တွေ့အလုပ်နဲ့ သက်သေပြမယ်၊ လက်တွေ့အလုပ်နဲ့ သက်သေပြလို့ရအောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တဲ့ UEHRD ကို ဖွဲ့စည်းဆောင်ရွက်နေတယ်။ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်ဆိုရင် UEHRD ရဲ့ Task Force ကိုးခုကို ညှိနှိုင်းပေါင်းစပ်တဲ့အနေနဲ့ ဆောင်ရွက်နေပါတယ်။ ဆရာ့အနေနဲ့ ပြည်တွင်းမှာ ဘယ်လိုဆောင်ရွက်ဖို့ရှိပါသလဲ၊ လက်ရှိ ဘာတွေဆောင်ရွက်နေသလဲ သိရှိပါရစေ။

**ဒေါက်တာအောင်ထွန်းသက်**။ ။နိုင်ငံတကာဖိအားပေးတာတွေကို သတိထားဖို့လိုတယ်။ အရေးတယူဂရုစိုက်ဖို့ လိုအပ်တယ်။ ဂရုစိုက်တဲ့ နေရာမှာ နိုင်ငံခေါင်းဆောင် ပြောထားသလို သူတို့ရဲ့ဖိအားတွေကို လက်တွေ့ဆောင်ရွက်ပြမယ်။ UEHRD ဖွဲ့စည်းဆောင်ရွက်တယ်။ ရခိုင်အရေးကိစ္စနဲ့ ပတ်သက်ရင် ဒီကိစ္စတွေမဖြစ်ခင်က နိုင်ငံတော်အစိုးရက ကိုဖီအာနန် ဦးဆောင်တဲ့ အကြံပေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ တချို့က ဝေဖန်ကြတယ်။ ရခိုင်အရေးကို ဘာလို့ နိုင်ငံခြားသားတွေ ဦးဆောင်သလဲဆိုပြီး ဝေဖန်တာတွေရှိပါတယ်။ တကယ်တမ်းက တစ်ကမ္ဘာလုံးက ကြည်ညိုလေးစားမှုရှိတဲ့ ကိုဖီအာနန်လို ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်ပေးပြီး တာဝန်ပေးခဲ့ပါတယ်။ ကိုဖီအာနန်ရဲ့ ကော်မရှင် အစီရင်ခံစာတွေဟာ

**စာမျက်နှာ ၉ သို့** ❐

❑ စာမျက်နှာ ၈ မှ

တစ်ကမ္ဘာလုံးက လက်ခံနိုင်တဲ့ ခြေလှမ်းတွေဖြစ်တယ်။ UEHRD လို့ပြောရင် သီးခြားရပ်တည်တာမဟုတ်ပါဘူး။ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။ UEHRD မရှိခင်ကတည်းက သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတွေက သူ့ဟာနဲ့သူ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်နေတယ်။ ဒုတိယကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဆောက်လုပ်ရေးဝန်ကြီးဌာနဆို လမ်းတွေဖောက်တယ်၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနဆို ဆက်သွယ်ရေးတာဝါတွေ ထောင်နေတာ တွေ့ရတယ်။ တတိယကတော့ ရခိုင်ပြည်နယ်အစိုးရကိုယ်တိုင် Social Economic Development Plan ဆိုပြီး ရှိပါတယ်။ သူတို့မှာ မဟာဗျူဟာ စီမံချက်ရှိပါတယ်။ သိစေချင်တာက UEHRD က သီးခြားမဟုတ်ပါဘူး။ ပြည်နယ်အစိုးရလည်းပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေအားလုံးပါတယ်။ ပြီးတော့ ကိုဖီအာနန်ရဲ့ Report အားလုံး ပါပါတယ်။ ဆရာတို့မှာ အခြေခံအလုပ်သုံးခုရှိပါတယ်။ လူသားချင်းစာနာမှု၊ ပြန်လာမယ့်သူတွေအတွက် အာရုံစိုက်နေပေမယ့် မသွားတဲ့လူတွေလည်း ရှိတယ်။ ကိုယ့်တိုင်းရင်းသားတွေ ကိုယ်တိုင် ရွာကနေ စွန့်ခွာတာတွေရှိတယ်။ ဒါကြောင့် အဓိကဦးစားပေးက လူသားချင်းစာနာတဲ့ အထောက်အပံ့တွေ ပေးနေပါတယ်။ အခုပြောတဲ့ အချိန်မှာလည်း ပေးနေပါတယ်။ နံပါတ်နှစ် အရေးကြီးတာက ပြန်လာတဲ့လူတွေကို ဘယ်လိုလက်ခံမလဲ စဉ်းစားတဲ့နေရာမှာ ၁၉၉၃ ခုနှစ်က သုံးခဲ့တဲ့ တောင်ပြိုလက်ဝဲ ကြိုဆိုရေးစခန်းတွေကို ပြန်လည်ပြုပြင်နေပါတယ်။ ရက်အနည်းငယ်အတွင်းမှာ အဆင်သင့်ဖြစ်ဖို့ရှိပါတယ်။ ဒါပေမယ့် စခန်းတစ်ခုတည်း မလုံလောက်ပါဘူး၊ ငါးခူရမှာလည်း နောက်စခန်းတစ်ခု လုပ်ထားပါတယ်။ ပြန်လာတဲ့သူတွေဟာ ကိုယ့်စိတ် ကိုယ့်သဘောနဲ့ လွတ်လပ်စွာ ပြန်လာတဲ့သူတွေ ဖြစ်ရမယ်။ ပြန်လာတဲ့အခါမှာ လုံခြုံစိတ်ချရမယ်။ လူ့တန်ဖိုးရှိရှိ နေနိုင်အောင်ဆိုပြီး လုပ်နေတာရှိပါတယ်။ အဲဒီလိုလုပ်တဲ့အပြင် သူတို့ပြန်လာတဲ့နေရာမှာ နိုင်ငံတကာက စိတ်ပူနေတာက သူတို့ ပြန်လာရင် ပြန်လာတဲ့သူတွေကို တစ်နေရာတည်းမှာ အားလုံးပိတ်ထားမယ် ဆိုပြီး စိုးရိမ်စိတ်တွေကို ဖြေလျှော့တဲ့အနေနဲ့ နဂိုရှိတဲ့ ရွာတွေနဲ့ အနီးဆုံးကို ပြန်လည်ချထားဖို့ရှိပါတယ်။ တစ်ခုတော့ရှိပါတယ်။ လုံခြုံရေးအရ၊ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာအရ၊ လမ်းတွေချဲ့တာမျိုးကြောင့် အရင်နေရာ ဟုတ်ချင်မှ ဟုတ်မယ်။ တတ်နိုင်သမျှ စဉ်းစားဆောင်ရွက်ဖို့ရှိပါတယ်။ ဒီကိစ္စဖြစ်တဲ့အခါ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အဆင်မပြေတာမျိုးရှိခဲ့တယ်။ အရင်လို ပြန်နေရင် အဆင်ပြေပါ့မလားဆိုတာ စိုးရိမ်စိတ်ရှိခဲ့တယ်။ ဒါကိုလည်း စဉ်းစားနေပါတယ်။ တကယ် အရေးကြီးတာက ဖွံ့ဖြိုးတိုးတက်မှု၊ Task Force ပါတာက ရခိုင်ပြည်နယ်ကို မောင်တောဒေသတွေသာမက ရခိုင်ပြည်နယ်တစ်ခုလုံးကို တိုးတက်အောင် ဘာလုပ်ကြမလဲဆိုတာကို စဉ်းစားတာဖြစ်ပါတယ်။ တကယ်တမ်းတော့ ရခိုင်ပြည်နယ်ဟာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုထဲက အလားအလာအကောင်းဆုံး ဒေသတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ ရေမြေသဘာဝ ပေါကြွယ်ဝတယ်။ သယံဇာတပစ္စည်းတွေရှိတယ်။ စပါးထွက်တယ်၊ သားငါးပေါတယ်။ ဒီလိုဒေသကို ပြန်လည်တိုးတက်အောင် ဘာတွေလုပ်မလဲ စဉ်းစားတဲ့အခါ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားပါတယ်။ ဒီလိုစဉ်းစားတဲ့အခါ အဓိကထူးခြားချက်က ဘာလဲဆိုရင် PPP လို့ခေါ်တဲ့ ပုဂ္ဂလိကနဲ့ နိုင်ငံတော်အစိုးရ ပူးပေါင်းဆောင်ရွက်မှုပဲဖြစ်ပါတယ်။ လုပ်တဲ့နေရာမှာ နိုင်ငံတော်အစိုးရရဲ့ မူဘောင်နဲ့ လုပ်ပေမယ့် မောင်းနှင်တဲ့အားကတော့ ပုဂ္ဂလိကပဲဖြစ်ပါတယ်။ ဒီနေရာကနေတစ်ဆင့် ကျေးဇူးတင်ချင်တာကတော့ လုပ်ငန်းရှင်တွေကို ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အောက်တိုဘာလ ၁၅ ရက်မှာ တွေ့ပြီးတော့ ၂၀ ရက်နေ့မှာ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီကနေတစ်ဆင့် သူတို့တွေအားလုံးသည် ၂၁ ရက်မှာ UMFCCI မှာ Task Force တွေ ဖွဲ့လိုက်တယ်။ ဖွဲ့လိုက်ပြီး သူတို့ကိုယ်တိုင် ဦးစီးဦးဆောင်ပြီး လုပ်ပါတယ်။ လုပ်တဲ့နေရာမှာ ထူးခြားတာက မျှော်လင့်ချက် ဘာမှမရှိဘဲ လုပ်တာပါ။ သူတို့လုပ်တာသည် စေတနာ သက်သက်နဲ့ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ တကယ့်လိုအပ်ချက်ဖြစ်နေပြီ၊ သူတို့ဘာတတ်နိုင်သလဲ၊ သူတို့တတ်နိုင်တာ မြန်တယ်။ လုပ်ငန်းရှင်တွေဟာ မြန်ဆန်ပါတယ်။ အစိုးရဌာနတွေက လုပ်ထုံးလုပ်နည်းတွေ၊ နည်းစနစ်တွေ ရှိတော့ နှေးကောင်းနှေးနိုင်ပေမယ့် သူတို့ကတော့ ဒါကို အမြန်ဆုံး ကျော်လွှားနိုင်မယ့် အနေအထားရှိပါတယ်။ ခုဆိုရင် စပါးတွေ မှည့်တယ်၊ ရိတ်ပေးတယ်။ ပိုင်ရှင်တွေ မေးတဲ့အခါ တစ်ဖက်နိုင်ငံကို ရွှေ့သွားတဲ့သူတွေ ပါနိုင်ပါတယ်။ ရိတ်လိုက်တဲ့စပါးတွေကို သပ်သပ်ရပ်ရပ် စနစ်တကျ သိုလှောင်ထားပါတယ်။ စာရင်းပြုစုထားပေးတယ်။ စပါးတွေကို ဆန်အဖြစ် ရောင်းရင် ဝင်ငွေသတ်သတ်မှတ်မှတ် လုပ်ထားတာရှိပါတယ်။ UEHRD ရဲ့ ထူးခြားချက်က ပုဂ္ဂလိကကဏ္ဍရဲ့အားပါ။ နောက်တစ်ခုက ပိတ်ဆို့မှုပေါ့။ ပိတ်ဆို့မှုက စီးပွားရေးရှုထောင့်က ကြည့်ရင် ပိတ်ဆို့မှုနှစ်မျိုးပါ။ နိုင်ငံရေးပိတ်ဆို့မှုနဲ့ စီးပွားရေးပိတ်ဆို့မှုဆိုပြီးရှိပါတယ်။ တစ်ချိန်တုန်းက နိုင်ငံရေးပိတ်ဆို့မှု၊ နိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းကို ပြောင်းလဲစေချင်လို့ ဖိအားပေးတဲ့အနေနဲ့ political sanction တွေရှိတယ်။ ပိုပြီး နစ်နာသွားတာက economic sanction တွေ၊ economic sanction တွေလို့ ပြောရင် လက်ရှိ တိုင်းပြည်စီးပွားရေးနဲ့ ဆက်စပ်ဖို့ လိုအပ်ပါတယ်။ အစိုးရသစ် တက်လာတဲ့အခါ sanction တွေကို ဖြေလျှော့ခဲ့ပါတယ်။ ဖြေလျှော့ခဲ့ပေမယ့် ဒီ ဖြေလျှော့ခဲ့တဲ့ အခွင့်အရေးတွေကို အခုထိ ထိထိရောက်ရောက် မယူနိုင်သေးပါဘူး။ လုပ်ငန်းရှင်တွေမှာ GSP ရတယ်၊ အမေရိကန် Sanction တွေလည်း လျှော့သွားတယ်။ အရင်တစ်ဦးချင်းကို ဦးတည်ပြီး လုပ်ခဲ့တာတွေ ရှိလည်းရှိတယ်။ ဒါတွေအားလုံး ဖြေလျှော့ခဲ့ပေမယ့် အခုထိ အခွင့်အရေး ထိထိရောက်ရောက် မယူနိုင်သေးဘူး။ ကျွန်တော် စိတ်ပူတာက စီးပွားရေးရှုထောင့်က စိတ်ပူတာပါ။ ဒီ sanction သည် နောက်တစ်ကြိမ်ဆိုရင် စီးပွားရေးအရ ထိခိုက်နိုင်တယ်။ ဒါကြောင့် အလုပ်နဲ့ သက်သေပြဖို့လိုတယ်။ အခုမှန်းထားတာက ပြန်လာချင်တဲ့သူတွေ သူ့သဘော သူ့ဆန္ဒနဲ့ ပြန်လာမယ့် သူကို ပြန်လာချင်အောင် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးမယ်။ အဓိပ္ပာယ်က သူတို့ရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အရေး ရှာဖွေဖို့၊ အသက်မွေးဝမ်းကျောင်း ပညာသင်ဖို့ ဒါတွေရှိပါတယ်။ ပြီးတော့မှ မောင်တောဒေသမှာ စက်မှုဇုန်ဖော်ဖို့ရှိပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အာမခံနိုင်အောင် အဲဒါမျိုးတွေပါလုပ်ပေးပြီး ပန်းတိုင်ကတော့ နဂိုအခြေအနေထက် ပိုကောင်းအောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အိမ်တွေဆောက်တဲ့အခါမှာဆိုရင် နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ UN Habitat တို့လို အဖွဲ့မျိုးနဲ့ တိုင်ပင်ပြီးတော့ ဘယ်လိုအိမ်မျိုးတွေ ဆောက်ရင် ကောင်းမလဲ၊ အခန်းဘယ်လိုဖွဲ့မလဲ၊ နိုင်ငံတကာ စံနှုန်းတွေနဲ့ လုပ်နေတာရှိပါတယ်။ လမ်းဆိုရင်လည်း မောင်တော-စစ်တွေလမ်း မိုင် ၅၀ ကို ၁၈ ပေ ကွန်ကရစ်လမ်းခင်းမယ်၊ ခင်းမယ်ဆိုရင် အဲဒီမိုင် ၅၀ က တစ်နာရီခွဲအတွင်း ရောက်မယ်၊ မောင်တောကနေတစ်ဆင့် ဗန္ဓုလအထိဖောက်နိုင်မယ်၊ တစ်ဖက်ကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အတွင်းလမ်းတွေဖောက်နေတာကို တွေ့ရပါတယ်။ ပြောချင်တာကတော့ UEHRD သည် သီးခြားရပ်တည်တာ မဟုတ်ဘဲနဲ့ နိုင်ငံတော်ကဏ္ဍနဲ့ ပြည်ထောင်စုဝန်ကြီးတွေ ပါတဲ့အဖွဲ့၊ နောက်တစ်ခုက ရန်ကုန်က လုပ်ငန်းရှင်တွေ စီးပွားရေးသွားလုပ်သလို အမြင်တွေက ရှိနေတော့ အစကတည်းက ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပါပါတယ်။ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေက သူတို့ဒေသကို သူတို့ပိုပြီးကျွမ်းကျင်ပါတယ်၊ လိမ္မာပါတယ်၊ ပိုပြီးသိပါတယ်။ အဲဒါကြောင့် သူတို့နဲ့တွဲဖက်ပြီး စီးပွားရေးလုပ်ငန်းတွေဖော်ထုတ် နေတာဖြစ်ပါတယ်၊ ဝန်ကြီးတို့ဘက်က နိုင်ငံရေးဖိအားတွေကို တွန်းလှန်နိုင်အောင် ကြိုးပမ်းနေတဲ့အချိန်မှာ အောက်ခြေမှာ တကယ့်ကို ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပြနိုင်ရင် နိုင်ငံတကာကိုလည်း ပြနိုင်ဖို့ အလုပ်နဲ့ သက်သေပြနိုင်အောင် လုပ်နေပါတယ်။

မီဒီယာမှာလည်း ကိုယ့်မီဒီယာနဲ့ သူတို့မီဒီယာ ယှဉ်ဖို့ခဲယဉ်းပါတယ်။ မီဒီယာကို မီဒီယာ၊ မီဒီယာချင်းမယှဉ်တော့ဘဲ အလုပ်နဲ့ပြပြီး လက်ရှိ Task Force ကိုးခုကို သူတို့ရဲ့ ဦးစီးမှု၊ အားစိုက်မှုနဲ့ အောင်မြင်အောင်လုပ်ပြလိုက်ရင် လာချင်တဲ့သူလည်း လိုလိုချင်ချင်လာနိုင်မယ်။ ဒီမှာရှိတဲ့လူတွေ အခုအချိန်မှာ မောင်တောကလူ့အဖွဲ့အစည်းနှစ်ရပ် အေးအေးချမ်းချမ်း အတူတကွနေနေကြတဲ့ ရွာတွေ အများကြီးရှိပါတယ်။ အဲဒီ ရွာတွေကို ပိုပြီး ဒီထက်ကောင်းအောင် ဖန်တီးဖို့လည်းအရေးကြီးပါတယ်၊ အဓိက ကတော့ ပြန်လာတဲ့သူတွေမှာ ရှိနေတဲ့ အကြောက်တရားတွေကို ဖြေလျှော့ပေးတဲ့အနေနဲ့ ဒီမှာရှိတဲ့အခြေအနေတွေဟာ ပိုပြီးရှင်သန်လာဖို့ ကြိုးပမ်းနေတဲ့အနေအထားဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ UEHRD Task Force ကိုကြည့်လိုက်တဲ့အခါမှာ ဆောက်လုပ်ရေးအခြေခံအဆောက်အအုံ၊ စက်မှုဇုန်အစ နောက်ဆုံးရေရှည်စီးပွားရေးကို ရည်ရွယ်ပြီးတော့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထိပါ ပါလာပါတယ်၊ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတဲ့အထဲမှာလည်း အလုပ်နဲ့သက်သေပြဖို့ ပါပါတယ်၊ ဒါအင်မတန်မှ အရေးကြီးတဲ့ကိစ္စဖြစ်နေတော့ UEHRD လုပ်ငန်းတွေ အချိန်တိုတိုအတွင်းမှာ ပေါက်မြောက်အောင်မြင်ဖို့လည်း အရေးကြီးပါတယ်။ UEHRD လုပ်ငန်းတွေ အရှိန်အဟုန်နဲ့အောင်မြင်နိုင်ဖို့ အတွက် ဘာတွေလိုအပ်သလဲ။ ဘယ်သူတွေ ပူးပေါင်းပါဝင်သင့်သလဲဆိုတာကို တိုက်တွန်းပြောကြားပေးပါ။

**ဒေါက်တာအောင်ထွန်းသက်**။ ။ UEHRD ကနဦးအစ ကမကထ ပြုတာကတော့ လုပ်ငန်းရှင် ၂၀ လောက်ကနေ စတဲ့ ထည့်ဝင်ငွေတွေဖြစ်ပါတယ်။ ဒီငွေတွေနဲ့လည်း မလောက်ပါဘူး။ အများကြီးလိုပါတယ်၊ ဒါကြောင့် ဘယ်သူတွေ ပါသင့်သလဲလို့ စဉ်းစားတဲ့အခါမှာ Task Force ထဲမှာ အခုခေတ် နိုင်ငံတကာနေရာတိုင်းမှာသုံးတဲ့ Crowdfunding ကနေတစ်ဆင့် Facebook ကနေတစ်ဆင့် တစ်ထောင်လည်း လှူဒါန်းနိုင်တယ်။ တစ်ယောက် တစ်လကို တစ်ထောင်ပဲ လှူဒါန်းပါ။ ရတဲ့ငွေက မနည်းပါဘူး။ ၅၁ သန်းရှိပါတယ်။ Crowdfunding ရဲ့ အခြေခံဟာ အဲဒီဟာပါ။ အများကြီး လှူဒါန်းဖို့ကို မစဉ်းစားဘဲနဲ့ Facebook သုံးနေတဲ့ ကလေး၊ ဟန်းဆက်လေးကို ပွတ်နေတဲ့ ကလေးဟာ သူ့မုန့်ဖိုးထဲက တစ်ထောင်ကို လှူလိုက်ရင် ပွင့်လင်းမြင်သာမှု ရှိရှိ အာမခံနိုင်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိရှိ သူ့ငွေကို ဘယ်ရောက်သွားလဲ ဆိုတာကို ပြောနိုင်ပါတယ်။ သူ့ငွေ ဘယ်ရောက်သွားလဲဆိုတာကို တချို့က ဟိုလှူပေးတယ်၊ ဒီလှူပေးတယ် မစဉ်းစားပါဘူး။ ဒီအလုပ်ဟာ နိုင်ငံ့အရေးဖြစ်တဲ့အတွက် လူငယ်တွေ ဆင်းရဲချမ်းသာ ကျား၊ မ နဲ့ မဆိုင်ပါဘူး။ လူမျိုးနဲ့မဆိုင်ပါဘူး။ ဘာသာနဲ့မဆိုင်ပါဘူး။ အဲဒီလိုစည်းရုံးတာကို လုပ်နေပါတယ်။

ရခိုင်ပြည်နယ်မှာ ငပလီထက်လှတဲ့ကမ်းခြေကို ပြန်လည်ဖော်ထုတ်ဖို့ ရှိပါတယ်။ မောင်တောမှာ စစ်အတွင်းက တည်ဆောက်ထားတဲ့ လေယာဉ်ပျံကွင်း ရှိပါတယ်။ မောင်တောနဲ့ စစ်တွေကို ချိတ်ထားတဲ့မီးရထားလမ်းရှိပါတယ်။ အခု စဉ်းစားပြီးတော့ အစီအစဉ်တွေဆွဲနေတာက အဲဒီလေယာဉ်ကွင်းကို မြန်မြန် အကောင်အထည်ဖော်လိုက်ရင် ပြီးတော့မှ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်ရင် အားလုံးက မြောက်ဦးကို လာချင်ကြတယ်။ မြောက်ဦးက လေယာဉ်ကွင်းမရှိဘူး။ မြောက်ဦး လေယာဉ်ပျံကွင်းကို လုပ်ပေးနိုင်ရင် ကမ္ဘာလှည့်ခရီးသွားတွေ လာဖို့အဆင်ပြေမှာ ဖြစ်ပါတယ်။ မဟုတ်ရင် စစ်တွေကနေ မြောက်ဦးကို သွားနေရပါတယ်။ ဆရာတို့ တောင်းဆိုချင်တာတစ်ခုကတော့ သံတွဲမှာ လေယာဉ်အကြီးကြီးတွေဆင်းဖို့ပါ။ လေယာဉ် အကြီးကြီးတွေဆင်းနိုင်ရင် သံတွဲနဲ့ ဖူးခက် ချိတ်တဲ့ တိုက်ရိုက်ဖလိုက်တွေရှိလာပါမယ်။ အခုဖြစ်နေတာက ဟိုဘက်က လေယာဉ်အကြီးကြီးတွေ ရှိတယ်။ ဒီဘက်က မဆင်းနိုင်တော့ ကမ္ဘာလှည့်ခရီးသည်အရေအတွက်က အကန့်အသတ်ဖြစ်နေပါတယ်။ ဒါကြောင့် အခုဖြစ်နေတဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ ရှိတာကိုလက်ခံပါတယ်။ အဲဒါတွေကို ကျော်လွှားနိုင်ဖို့ကတော့ စီးပွားရေး၊ လူမှုရေးနဲ့ကျော်လွှားရပါမယ်။ မောင်တောမှာရှိနေတဲ့ ဘင်္ဂါလီကလေးတွေရော၊ ရခိုင်တိုင်းရင်းသားကလေးတွေရော အဝေးသင်တက်ဖို့ စာရင်းသွင်းပြီးတော့ သင်တန်းတွေပေးနေတာရှိပါတယ်။ အရေးကြီးတဲ့ အခြေခံ တစ်ခုကတော့ ရခိုင်ပြည်နယ်မှာ ပညာရေး၊ ကျန်းမာရေးကို ဂရုတစိုက်လုပ်ဖို့လိုပါတယ်။ အခုခေတ်မှာတော့ နည်းပညာ (IT) ရှိရင် ပညာရေးကို ပုံစံတစ်မျိုးနဲ့လုပ်ဖို့ Task Force ထဲမှာလည်းရှိပါတယ်။ UEHRD လုပ်တာသည် သက်သက်လုပ်နေတာ မဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ SEDP လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လုပ်နေတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရကိုလည်း ကူညီရာရောက်ပါတယ်။ ပြည်နယ်အစိုးရရဲ့ စိန်ခေါ်မှုတွေအများကြီးကို UEHRD အနေနဲ့ တစ်ဖက်တစ်လမ်းက ကူညီရာရောက်သလို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေအားလုံးကလည်း အင်တိုက်အားတိုက်နဲ့ လုပ်နေပါတယ်။

ကျွန်တော်တို့မှာ အချိန် ငါးလပဲရှိပါတယ်။ မိုးတွေရွာနေရင် တချို့အလုပ်တွေ မလုပ်နိုင်ပါဘူး။ အခုကတော့ အရှိန်အဟုန်မြှင့်လုပ်နေပါတယ်။ တချို့က ကွင်းတွေ ဆင်းနေကြတယ်။ လုပ်စရာရှိတာကို အဆောတလျင် အင်တိုက်အားတိုက်လုပ်နေပါတယ်။ Task Force တွေလည်း စစ်တွေရောက်ပြီးပါပြီ။ စစ်တွေရောက်ပြီး သုံးသပ်ချက်ကိုလည်း ရန်ကုန်မှာလုပ်ပြီးပါပြီ။ တောင်ပြိုလက်ဝဲမှာလည်း ဒီအပတ်ပြီးမယ်လို့ပြောပါတယ်။ ငါးခူရမှာလည်း စနေပါပြီ။ အားလုံးကိုပြောရရင်တော့ သိပ်တော့အားမရသေးဘူး။ အရှိန်အဟုန်မြှင့်ပြီးလုပ်ချင်တယ်။ ဒီကလုပ်ပြမှ နိုင်ငံတကာက သိမှာပါ။ ဒီကနေ့ ဆွေးနွေးပွဲဟာ ပြည်တွင်း ပြည်ပ နှစ်ခုနဲ့ နိုင်ငံရေးနဲ့ စီးပွားရေးချိတ်ဆက်မှုတွေမှာ နိုင်ငံရေးအရ ဖိအားပေးမှုကို စီးပွားရေးနဲ့ ပြန်ပြီးတွန်းလှန်နိုင်မယ်လို့ ထင်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ညှိနှိုင်းရေးမှူးချုပ်တို့ရဲ့ ဆွေးနွေးမှုဟာ တကယ်ကောင်းမွန်ပါတယ်။ ရခိုင်ဒေသ ငြိမ်းချမ်းအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာကို သိရှိရတဲ့အတွက် အကျိုးကျေးဇူးရှိမယ်လို့ ယုံကြည်ပါတယ်။ ရခိုင်ဒေသအခြေအနေနဲ့ ပြည်တွင်းပြည်ပ သုံးသပ်ချက်များ ခေါင်းစဉ်နဲ့ ဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးအနေနဲ့ အနားသတ်ဆွေးနွေးပေးပါ။

**ပြည်ထောင်စုဝန်ကြီး**။ ။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေတဲ့ အချိန်ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့တာ ဖြစ်ပါတယ်။ အခုလို ဒီမိုကရေစီနိုင်ငံ ထူထောင်တယ်၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်နဲ့ ဖြစ်အောင် ကြိုးစားနေတဲ့အချိန်မှာ ဒီလိုစိန်ခေါ်မှုတွေနဲ့ ထိတွေ့နေရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုစလုံး တိုးတက်အောင် ကြိုးစားနေတဲ့အချိန်မှာ ရခိုင်အရေးကို ပြေလည်အောင် အဖြေရှာနေပါတယ်။ ရခိုင်အရေးက အခုအချိန်မှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။ ဒါကို ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ ဒီဟာကို ကျော်လွှားနိုင်ဖို့ စောစောက ပြောသလို နိုင်ငံရေးအရ၊ သံတမန်ရေးအရရော ဆောင်ရွက်ရမှာဖြစ်သလို UEHRD အဖွဲ့ကရော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ပြဖို့လိုပါတယ်။ နှစ်ဖက်က ဒီလိုဆောင်ရွက်ရင် နိုင်ငံတကာဖိအားပေးမှုက ကျလာမှာဖြစ်ပါတယ်။ ဒီလိုလုပ်ပြတာနဲ့အညီ သူတို့ ဦးတည်ကျုံးသွင်းနေတဲ့ R2P ကို လုပ်ဆောင်လို့ မရပါဘူး။ ဒါကြောင့်မို့ ဒါကို တစိုက်မတ်မတ် ဆက်ပြီးလုပ်ရမယ်။ လုပ်တဲ့အခါ အစိုးရ၊ ပြည်သူ၊ တပ်မတော် အားလုံးပေါင်းပြီး လုပ်ဖို့လိုပါတယ်။ ပြည်ပကနေ ကျွန်တော်တို့အပေါ် Targeted Sanction လုပ်ဖို့ ကြိုးစားနေပါတယ်။ ဆိုလိုတာကတော့ အစိုးရနဲ့ တပ်မတော်ကို ခွဲပြီး တပ်မတော်အပိုင်းကို အရေးယူဖို့ လုပ်နေတာရှိပါတယ်။ ကျွန်တော်တို့ကတော့ ဆန်ရှင်ဆို ဘယ်ဆန်ရှင်ကိုမှ လက်မခံပါဘူး။ ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတာမျိုးဆို ပိုပြီးလက်မခံနိုင်ပါဘူး။ တကယ်တော့ တပ်မတော်၊ ပြည်သူနဲ့ အစိုးရဆိုတာ တစ်သွေးတည်းဖြစ်ပါတယ်။ ဒါကြောင့် အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လုပ်မယ်ဆိုရင် ပြည်ပကနေ အန္တရာယ်ပေးတာမျိုး၊ ဖိအားပေးတာမျိုးကိုလည်း ကြံ့ကြံ့ခံနိုင်မှာဖြစ်ပါတယ်၊ ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ ဆရာတို့ရဲ့ ဆွေးနွေးချက်အပေါ် ပြန်လည်သုံးသပ်ပြောဆိုရရင် ရခိုင်ဒေသအနေအထားဟာ စိုးရိမ်ရတဲ့ အခြေအနေအပေါ်မှာ ရှိနေတယ်။ သို့သော် ဒီဟာတွေကို ကျော်လွှားနိုင်မယ့် နည်းလမ်းတွေလည်း ရှိနေပါပြီ။ ဒါတွေကို အကောင်အထည်ဖော်ရမယ့်သူတွေကတော့ အစိုးရတစ်ခုတည်းတင်သာမက တပ်မတော်၊ ဒေသခံပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံ့အရေး ညီညွတ်ကြရမယ်၊ ပြီးတော့ ဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် ရခိုင်အရေးကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာမယ်လို့ ပြောကြားလိုပါတယ်။

❖ **ငြိမ်းချမ်းရေးဂီတပွဲတော်မှ**

ယနေ့သီဆိုပြိုင်ပွဲဝင်ခဲ့ကြသည့် အဆိုပါပြိုင်ပွဲဝင် ငါးဦးအနက်မှ နောက်ဆုံးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင် သုံးဦး၏ အမည်စာရင်းကို ဒီဇင်ဘာ ၃ ရက် ည ၈ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပနေခြင်းဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်အတွက် ပွဲစဉ်များကို မြို့နေရာများ သတ်မှတ်ကာ ကျင်းပခဲ့ရာတွင် level I အဆင့် ၁ ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေး မြို့တို့၌ ကျင်းပခဲ့သည်။ အဆိုပါမြို့များမှ လက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ level II အဆင့်ပွဲစဉ် လေးခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို level III အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။ level III အဆင့်ကိုလည်း ပွဲစဉ် လေးခုဖြင့် ကျင်းပခဲ့ပြီး နောက်ဆုံးပြိုင်ပွဲကြီးကို ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

မိမိနှစ်သက်ရာ တေးသံရှင်များအတွက် မဲပေးလိုသည့် ပရိသတ်ကြီးအနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်မှ ၄၈ နာရီအတွင်း SMS ဖြင့် မဲပေးနိုင်ကြောင်းနှင့် မိမိကိုင်ဆောင်သည့် ဖုန်း MPT (၇၆၇၆)၊ Ooredoo (၆၀၃၁)၊ Telenor (၆၆၀၀)တို့မှတစ်ဆင့် အလွယ်တကူမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရခိုင်ပြည်နယ်သတင်း

## ကျောင်းဆရာတစ်ယောက်အနေနဲ့ လုံခြုံမှုရှိမယ်၊ အေးချမ်းမယ်ဆိုရင် ဘယ်နေရာမဆို တာဝန်ထမ်းဆောင်မှာပါ

ဆရာ ဦးနေမျိုးနိုင် အမက(ခွဲ)ခုံတိုင်ကျေးရွာ

သတင်းအဖွဲ့

ဓာတ်ပုံ
မင်းထက်

မောင်တော နိုဝင်ဘာ ၂၆

**ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ယာယီပိတ်ထားခဲ့သော အခြေခံပညာအထက်တန်းကျောင်းများကို ပြီးခဲ့သော စက်တင်ဘာလကုန်ပိုင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု နိုဝင်ဘာလကုန်ပိုင်း၌ မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၃၀၀ ဝန်းကျင်အထိ ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ဆရာ ဆရာမများအနေဖြင့် ယာယီစုပေါင်းနေထိုင်ကာ နီးစပ်ရာကျောင်းများသို့ သွားရောက်သင်ကြားနေရသည်။ လတ်တလော ဆရာ ဆရာမများအနေဖြင့် မောင်တောခရိုင်အတွင်း ပညာသင်ကြားပေးနေမှုအပိုင်းနှင့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရမှုနှင့် ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများအား ဖော်ပြလိုက်ပါသည်။**



ဆရာ ဦးအေးထွန်း



ဆရာ ဦးနေမျိုးနိုင်



ဆရာ ဦးမောင်ဖျော့



ဆရာ ဦးသန်းလွင်



ဦးစိုးမင်းကျော်

**ဆရာ ဦးအေးထွန်း**
**အမက တရိန်းကျေးရွာ**

ကျွန်တော်တို့ တရိန်းအမကကျောင်းက အောက်တိုဘာလကုန်ပိုင်းကတည်းက ဖွင့်နေပါပြီ၊ အခုမောင်တောလာတာက သင်တန်းအတွက် စာစဉ်တင်ရမယ်ဆိုလို့ ရောက်လာတာပါ၊ ဒီဇင်ဘာ ကျောင်းပိတ်ရက်လည်း ကျွန်တော်တို့ကလေးတွေ အရေးအခင်းနဲ့ စာတွေနောက်ကျနေတော့ ဆရာ ဆရာမတွေအနေနဲ့ ကိုယ့်နယ်ကို မပြန်တော့ဘဲ အစားထိုးသင်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်၊ လစ်ဟာသွားတာတွေကို ကျွန်တော်တို့ ဆရာတွေအနေနဲ့ အနစ်နာခံပြီး သင်ပေးသွားမှာပါ၊ တရိန်းမှာက အခုဆို တစ်ဝက်လောက်ပဲ ကျောင်းလာတက်ကြတယ်၊ အခုဖွင့်တဲ့ ကျောင်းတွေမှာက ထက်ဝက်ကျော်၊ ထက်ဝက်နီးပါးလောက်ပဲ ကျောင်းတက်ကြပါသေးတယ်၊ ဒီမောင်တောဒေသ အဓိကအခက်အခဲကတော့ သွားရေးလာရေး၊ နေရေးထိုင်ရေးကအစ အဆင်မပြေမှုတွေ ရှိပါတယ်၊ ကျောင်းဆရာဖြစ်နေတော့လည်း အဆင်မပြေတဲ့ကြားက တပည့်သားသမီးတွေအပေါ်မှာ စေတနာရှေ့ထားပြီး သင်ကြားပေးနေရပါတယ်၊ အကြမ်းဖက်ဖြစ်စဉ်ကာလမှာဆို ကျွန်တော်တို့ ကျောင်းဆရာတွေ တရိန်းမှာပဲရှိပါတယ်၊ ဖြစ်နေတဲ့ကာလမှာ ဘယ်မှသွားလို့မရဘဲ ပိတ်မိနေပြီး စစ်တပ်ရိက္ခာပို့ကားတွေ၊ ကယ်ဆယ်ရေးကားတွေ လာတဲ့အခါ နီးစပ်ရာ ဆွေမျိုးရှိတဲ့ နေရာတွေကို သွားနေကြရတာပါ၊ အခုဆို စာစဉ်က ၂၅ ရက် နောက်ဆုံးထားတင်ရမယ်ဆိုတော့ ကားခ ငွေကျပ် ၁၅၀၀၀ ပေးပြီးလာရတယ်၊ အသွား၊ အပြန်ဆို ငွေကျပ် ၃၀၀၀၀ ကုန်သွားပြီ၊ ဆရာတွေအနေနဲ့ လစာထုတ်ရတာလည်း မောင်တောအထိ လာထုတ်ရတော့ အဆင်မပြေဘူး၊ နီးစပ်ရာကျောင်းတွေမှာထုတ်ရရင် ပိုအဆင်ပြေမှာပါ၊ ဒါမှမဟုတ် ကျောင်းအုပ်ကြီးက တာဝန်ခံပြီးထုတ်ပေး ကုန်ကျစရိတ်ကို အားလုံးမျှခံဆိုရင် ပိုအဆင်ပြေမယ်လို့ထင်ပါတယ်။

**ဆရာ ဦးနေမျိုးနိုင်**
**အမက(ခွဲ) ခုံတိုင်ကျေးရွာ**

ကျွန်တော်တို့ ခုံတိုင်အမက(ခွဲ)မှာ ဩဂုတ် ၂၅ ရက် အရေးအခင်းတုန်းက ကျောင်းသားတစ်ယောက် အသက်ဆုံးရှုံးသွားပါတယ်၊ ရွာက မီးရှို့ခံလိုက်ရတော့ ကျောင်းကလည်း အခုထိပိတ်ထားရပါတယ်၊ ကျောင်းသားတွေကို အခုဂုပ်ချောင်းကျေးရွာမှာ ပေါင်းပြီးသင်ပေးရမယ်လို့ ညွှန်ကြားထားတယ်၊ အခု ကျောင်းပြန်မဖွင့်သေးတော့ မသွားရသေးပါဘူး၊ ကျောင်းသားအများစုက မြိုလူမျိုးတွေများတော့ သင်ကြားမှုအပိုင်းမှာ ဘာသာစကားအခက်အခဲတော့ရှိပါတယ်၊ ဘာသာစကားကျွမ်းကျင်တဲ့ ဆရာတစ်ဦးလောက်ရှိမယ်ဆိုရင်တော့ သင်ကြားရေးအပိုင်းမှာ ပိုပြီးထိရောက်မယ်လို့ထင်ပါတယ်၊ လမ်းပိုင်းဆိုင်ရာကတော့ အခက်အခဲအများကြီးရှိပါတယ်၊ လစာလာထုတ်ရတာ မိုးတွင်းဆိုတစ်ညအိပ်လောက် ကြာတယ်၊ အဲဒီတော့ စာသင်ကြားမှုအပိုင်းမှာ မျှော်မှန်းထားသလောက် ထိရောက်မှုမရှိဘူး၊ လစာထုတ်တဲ့အခါမှာ တာဝန်ခံတစ်ယောက်နဲ့ ထုတ်ပေးရင်တော့ ပိုအဆင်ပြေပါတယ်၊ ကျွန်တော်တို့ ကျောင်းဆရာတွေအနေနဲ့ ခံယူထားတာက လုံခြုံမှုရှိမယ်၊ အေးချမ်းမယ်ဆိုရင် ဘယ်နေရာမဆို သွားရောက်တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။

**ဆရာ ဦးမောင်ဖျော့**
**သဒ္ဓတ်တော အမက(မူလွန်)**

ကျွန်တော်တို့ကို နိုဝင်ဘာ ၂၀ ရက်မှာ တာဝန်ကျတဲ့ကျောင်းတွေကို သွားခိုင်းပါတယ်၊ ဒါပေမယ့် ဒီလကုန်လစာထုတ်ပြီးမှ တာဝန်ကျတဲ့ကျောင်းကို သွားနိုင်မှာပါ၊ လစာက ကိုယ်တိုင်လာထုတ်ရတာဆိုတော့ အသွား၊ အပြန်ခရီးစရိတ်နဲ့ အဆင်မပြေပါဘူး၊ မောင်တောကနေ ကျွန်တော် တာဝန်ကျတဲ့ဆီသွားရင် ငါးနာရီလောက် ကားစီးရပါတယ်၊ အရင်က ကားခငွေကျပ် ၅၀၀၀ ပဲပေးရပေမယ့် အခုကျပ် ၁၅၀၀၀ ပေးရပါတယ်၊ ကျောင်းမှာ ကျောင်းသားအများစုက အစ္စလမ်ဘာသာဝင်တွေများပါတယ်၊ သင်ကြားပေးတဲ့အခါမှာ သူတို့ဘာသာစကားကို လေ့လာပြီး သင်ကြားပေးနေရတယ်၊ ခုတော့ ငါးခူရကျောင်းမှာ တွဲဖက်သွားပြီး သင်ကြားပေးရမှာပါ။

**ဆရာ ဦးသန်းလွင်**
**ငါးရန့်ချောင်း အမက**

ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ရှိပါတယ်၊ ရခိုင်၊ မြို၊ သက်နဲ့ အစ္စလမ်ဘာသာဝင်တွေပါ၊ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်နောက်ပိုင်း ကျောင်းတွေပိတ်ထားခဲ့တာ အခုတော့ ပြန်ဖွင့်နေပါပြီ၊ အခင်းဖြစ်ပွားတဲ့အချိန် ကျွန်တော်တို့ ပိတ်မိခဲ့ပါတယ်၊ အစားအသောက်ကအစ ခက်ခဲခဲ့ပါတယ်၊ မောင်တောဒေသက ဆရာတွေအနေနဲ့ လစာကို ကိုယ်တိုင်ထုတ်ရတဲ့ အခက်အခဲတွေ ရှိနေပါတယ်၊ တခြားမြို့နယ်က ကျောင်းတွေလို ကျောင်းအုပ်က တာဝန်ခံပြီး ထုတ်ပေးရင် ပိုအဆင်ပြေမယ်လို့ ထင်ပါတယ်၊ သင်ကြားပေးတဲ့ ဆရာတွေအနေနဲ့ တချို့နေရာတွေမှာ မလုံခြုံမှုတွေ ရှိနေပါသေးတယ်၊ စားရေးသောက်ရေး အခက်အခဲကအစ အများကြီးရှိပါတယ်။

**ဦးစိုးမင်းကျော်**
**ရန်ခါစေတီ အမက**

ရန်ခါစေတီကျေးရွာမှာ ကျောင်းသားနည်းပါတယ်၊ ဆရာကလည်း သုံးဦးပဲရှိတာပါ၊ ပြီးခဲ့တဲ့ဖြစ်စဉ်မှာ ရွာကလူတွေ အများကြီး အသတ်ခံရတယ်၊ ဖြစ်စဉ်အတွင်းမှာ ပိတ်မိခဲ့တယ်၊ မိုးတွင်းကလည်းဖြစ်တော့ လမ်းပန်းဆက်သွယ်ရေးက မကောင်း၊ တော်တော်လေး အခက်အခဲ ဖြစ်ခဲ့ရပါတယ်၊ ကျွန်တော်တို့က လစာကို ဘူးသီးတောင်မှာ သွားထုတ်ရတယ်၊ တစ်လတစ်လ လစာသွားထုတ်ရတာ အတော်လေး အခက်အခဲဖြစ်ပါတယ်၊ ကျွန်တော်တို့ ရန်ခါစေတီဘက်မှာ အဓိက အခက်အခဲဖြစ်တာက လမ်းပန်းဆက်သွယ်ရေးပါပဲ၊ သွားလာမှုကောင်းသွားရင် အားလုံးအဆင်ပြေမှာပါ။

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်ရှိ အထက်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၉ ကျောင်း၊ မူလတန်းကျောင်း ၅၈ ကျောင်း စုစုပေါင်း ၁၈၃ ကျောင်းကို ယာယီ ပိတ်ထားခဲ့သည်။ အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်တွင်လည်း အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၇ ကျောင်း၊ မူလတန်းကျောင်း ၁၀၄ ကျောင်း စုစုပေါင်း ၂၂၁ ကျောင်းကို ယာယီပိတ်ထားခဲ့ရာ အဆိုပါကျောင်းများအား စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဆရာ ဆရာမ သင်ကြားရေးဝန်ထမ်း ၁၂၈၁ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၁၃၈၄ ဦးရှိပြီး မောင်တောခရိုင်တစ်ခုလုံးအနေဖြင့် သင်ကြားရေးဝန်ထမ်း ဆရာ ဆရာမ စုစုပေါင်း ၂၆၀၀ ကျော်ရှိပြီး အကူဆရာများကိုလည်း ခန့်ထားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများ အခမဲ့ခွဲစိတ်ကုသ

**စစ်တွေ နိုဝင်ဘာ ၂၆**

ပြည်တွင်း၊ ပြည်ပ သာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကမကထပြုလျက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အဓိကပံ့ပိုးကူညီမှုဖြင့် စစ်တွေမြို့၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများကို ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများက (၇)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသကြောင်း သိရသည်။



အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ လည်ပင်းကြီး၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူးနှင့် အဆီကျိတ်ရောဂါများကို ယနေ့ ညနေ ၅ နာရီခွဲတွင် အလိုတော်ပြည့်ကျောင်းတိုက်ဓမ္မာရုံ၌ စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသမည့် လိုအပ်သည့်လူနာများကို စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသလျက်ရှိသည်။

အဆိုပါ ခွဲစိတ်ကုသရာတွင် အာခေါင်ကွဲ ၃၄ ဦး၊ နှုတ်ခမ်းကွဲ ခုနစ်ဦး၊ လည်ပင်းကြီး ၇၆ ဦး၊ မီးလောင်ဒဏ်ရာ ၂၃ ဦး၊ ခြေပူးလက်ပူး ၁၄ ဦး၊ အဆီကျိတ် ၃၅ ဦးနှင့် အာခေါင်ကွဲ နှုတ်ခမ်းကွဲ ၁၇ ဦးတို့ကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မောင်တောမြို့၌ မြန်မာ့သိုင်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ဆင်းပွဲ ကျင်းပ

**မောင်တော နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြန်မာ့သိုင်းအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို မောင်တောမြို့ မြို့မဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရခိုင်မင်္ဂလာစည်တော်အဖွဲ့နှင့် သင်တန်းသား သင်တန်းသူများက သိုင်းမဟာပိတ်ပွဲရတုကို ရွတ်ဆိုပြီးနောက် မောင်တောမြို့ ဇောတိကာရုံကျောင်းတိုက် ဆရာတော်နှင့် နံ့သာတောင် ပညာဒါနပရဟိတကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်က သင်တန်းဆင်းဩဝါဒစကား မိန့်ကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မဝံသာနုရက္ခိတအဖွဲ့ အတွင်းရေးမှူးချုပ် ဗဟို ဆရာကြီး ဦးစိုးထွန်းရှိန်က သိုင်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများကိုယ်စား ဦးမောင်ဝင်းသိန်းက ကျေးဇူးတင်စကား ပြောကြားပြီး သိုင်းမဟာပင်မဆရာကြီး ဦးအောင်နိုင်ကြည်က ဆုံးမစကား ပြောကြားခဲ့သည်။ ဆက်လက်၍ နံ့သာတောင် ပညာဒါန ပရဟိတကျောင်းမှ သင်တန်းသား သင်တန်းသူများ၏ သင်ကြားမှုစွမ်းရည်များ ထုတ်ဖော်ပြသခဲ့ပြီး ထူးချွန်သင်တန်းသား သင်တန်းသူများနှင့် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်အား တာဝန်ရှိသူများက ချီးမြှင့်ခဲ့ရာ နံ့သာတောင်ပညာဒါန ပရဟိတကျောင်းမှ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် နံ့သာတောင် ပညာဒါနပရဟိတကျောင်းမှ သင်တန်းသား သင်တန်းသူများအတွက် ဇောတိကာရုံဆရာတော်ကြီးနှင့် ပြည်စုံကျော် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံ SCG (Siam Cement Group),Thailand's Crown Organization Property Bureau မှ ပံ့ပိုး၍ ထိုင်းနိုင်ငံ Banphaeo Hospital (Public Organization) မှ မျက်စိအထူးကုဆရာဝန်ကြီးများက မွန်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသပေးခြင်းအဖြစ် ဆောင်ရွက်သော (၃)ကြိမ်မြောက် အတွင်းတိမ်ခွဲစိတ်ကုသရေးအစီအစဉ်နှင့် ကြည်လင်သော အမြင်အာရုံကို မျှဝေပေးခြင်းအခမ်းအနား (SCG Sharing a Brighter Vision 2017) ကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက မျက်စိခွဲစိတ်ကုသမှုခံယူသော လူနာများသည် မျက်စိအမြင် ပြန်လည်ရရှိသဖြင့် ဘဝနေထိုင်မှုအရည်အသွေး ယခင်ထက်ပို၍ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ၏ Corporate social Responsibility အနေဖြင့် လူနာများကို ရောဂါပျောက်ကင်းစေရန် ဆောင်ရွက်၍ နာကျင်ခံစားရမှုများကို ပျောက်ကင်းသက်သာစေခြင်းသည် အလွန်ကောင်းမွန်ထိရောက် မွန်မြတ်သောလူမှုရေးအကျိုးပြုဆောင်ရွက်ချက်ဖြစ်ပါကြောင်း။

မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများအကြား အတွေ့အကြုံနှင့် ခေတ်မီပညာရပ်များ ပိုမိုဖလှယ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "National Vision 2020"အဖြစ်သတ်မှတ်၍ တစ်နိုင်ငံလုံးတွင် မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ ပိုမိုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုသည် ရည်မှန်းချက်ပြည့်မီရန်အတွက် အထောက်အကူတစ်ခုဖြစ်ပါကြောင်း၊ အလားတူပင် ပြည်သူများ၏ မျက်စိကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှုများကို ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရန်အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ မျက်စိနှင့်ပတ်သက်သော ကျန်းမာရေး အသိပညာ ယခုထက်ပိုမိုမြင့်မားလာပါက အဖြစ်များသောမျက်စိရောဂါများကို ကာကွယ်ခြင်း၊ စောစီးစွာကုသခြင်းအားဖြင့် အမြင်အာရုံဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျန်းမာရေးအသိပညာမြင့်မားလာစေရန် မျက်စိဆိုင်ရာကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများနှင့် အခြေခံပညာကျောင်းများတွင် ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Jukr Boon-Long ၊ SCG Thailand's Crown Organization Property Bureau မှ Deputy Director Mrs. Vunvimol Supprasert ၊ Banphaeo Hospital (Public Organization)မှ Hospital Director Dr. Pornthep Pongtawigorn ၊ SCG Chairman of CSR Committee for Sustainable Development မှ Khun Arsa Sarasin တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မျက်စိအတွင်းတိမ်ခွဲစိတ်ပြီး လူနာများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံမှ လာရောက်သူ အလှူရှင်များက မျက်မှန်များ တပ်ဆင်ပေးကြပြီး မျက်စိခွဲစိတ်ကုသမှုခံယူမည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားကာ မျက်စိစမ်းသပ်နေမှုနှင့် ခွဲစိတ်ကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါအစီအစဉ်အရ နိုဝင်ဘာ ၂၄ ရက်တွင် မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပေါင်၊ မုဒုံ၊ ဘီးလင်း၊ ရေးတို့တွင် ၁၅၀ နှင့် နိုဝင်ဘာ ၂၅ရက်တွင် ၆၈ ဦး စုစုပေါင်း ၂၁၈ ဦးခန့်ကို ခွဲစိတ်ကုသမှုပေးကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထွေထွေရောဂါကုဆေးရုံကြီး မော်လမြိုင်၏ သံယာဆောင်၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ အကြောအဆစ်ကုဌာန၊ ဆေးရုံကြီးကြပ်မှုကော်မတီ ဆေးဆိုင်၊ ဓာတ်ခွဲခန်းနှင့် အသစ်ဆောက်လုပ်လျက်ရှိသော လေးထပ်လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MFF/MNL**အကောင်းဆုံးဆုပေးပွဲ ကျင်းပ**

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ (MNL) တို့ ပူးပေါင်းကျင်းပသည့် MFF/MNL Awards Night အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ MNL တစ်နှစ်တာအကောင်းဆုံးဆုကို ရတနာပုံတိုက်စစ်မှူး အောင်သူက ရရှိခဲ့သည်။

အခမ်းအနားတွင် ၂၀၁၇ ရာသီတွင် ကျင်းပခဲ့သည့် ပြည်တွင်းပြိုင်ပွဲများတွင် ဆုရခဲ့သည့်အသင်းများ၊ လိဂ်အလိုက်အကောင်းဆုံးဆုများ၊ သွင်းဂိုးအများဆုံးဆု၊ ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနှင့် ဒိုင်လူကြီးဆုများ ပေးအပ်ချီးမြှင့်သည်။ ၂၀၁၇ ရာသီတွင် ကျင်းပခဲ့သည့်ပြိုင်ပွဲများအနက် MNL-2 ယူ-၁၈ ပြိုင်ပွဲတွင် ပထမရခဲ့သည့် မြဝတီအသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၁၀၀၊ သွင်းဂိုး အများဆုံးရရှိသည့် စည်သူဝင်း(မဟာ)နှင့် မင်းခန့်သိန်း(စီးတီးစတား)တို့အား ဆုတံဆိပ်နှင့် ကျပ်သုံးသိန်းစီ၊အကောင်းဆုံးရရှိသည့် သူရိန်ကျော်ဇော (မောရဝတီ)အား ဆုတံဆိပ်နှင့် ကျပ်သုံးသိန်း၊ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းယူနိုက်တက်အသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၁၀၀၊ သွင်းဂိုး အများဆုံးဆုနှင့် အကောင်းဆုံးဆုရခဲ့သည့် လွမ်းမိုးဦး (ရန်ကုန်) အား ဆုတံဆိပ်နှင့် ကျပ်သုံးသိန်းစီ၊ MNL -2 ယူ-၂၀ အမှတ်ပေးပြိုင်ပွဲတွင်



**ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ MNL-2 ယူ-၂၀ အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဖီးနစ်(ခ) အသင်းအား ဆုဖလားချီးမြှင့်စဉ်။**

ပထမဆုရရှိသည့် ဖီးနစ်(ခ)အသင်းအား ဆုဖလား၊ သွင်းဂိုးအများဆုံးရသည့် နေရဲဟန်(မြဝတီ)နှင့် အကောင်းဆုံးဆုရရှိသည့် ငြိမ်းချမ်းစိုး (ငွေကြယ်ပွင့်) တို့အား ဆုတံဆိပ်နှင့် ကျပ်ငါးသိန်းစီ၊ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီအသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၂၀၀၊ သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဆုရရှိသည့် တည်ငြိမ်မင်း (ရခိုင်)အား ဆုတံဆိပ်နှင့် ငွေကျပ်ခုနစ်သိန်းစီ၊ MNL-2 အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စီးတီးရန်ကုန်အသင်းအား ဆုဖလားနှင့် ကျပ်သိန်း ၃၀၀၊ ဒုတိယဆုရရှိသည့် မဟာယူနိုက်တက်အသင်းအား ကျပ်သိန်း ၁၅၀၊ တတိယဆုရ မြဝတီအသင်းအား ကျပ်သိန်း ၁၀၀၊ အသန့်ရှင်းဆုံးအသင်းဆုရသည့် ဒဂုံအသင်းအား ဆုဖလား၊ သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဆုရသည့် ဂျိုးဇက် (စီးတီး ရန်ကုန်) အား ဆုတံဆိပ်နှင့် ဆုကြေးငွေ၊ KBZ Bank Women's League ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးဆုရ ဝင်းသိင်္ဂီထွန်း (မြဝတီ)၊အကောင်းဆုံး ဆုရသည့် ခင်မာလာထွန်း(အား/ကာ)၊ အကောင်းဆုံးဂိုးသမားဆုရ မေဇင်နွယ် (မြဝတီ)၊ အတိုးတက်ဆုံး ဒိုင်လူကြီးဆုကို ဒေါ်စိမ်းချိုအောင်၊ အတိုးတက်ဆုံးစည်းကြပ်ဒိုင်ဆုကို ဒေါ်စုငြိမ်းအေး၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယဆုရ ရန်ကုန်အသင်းအား ကျပ်သိန်း ၁၅၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား ဒိုင်းဆုနှင့် ကျပ်သိန်း ၃၀၀၊ MNL အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရသည့် ရှမ်းယူနိုက်တက်အသင်း၊ ဒုတိယဆုရ ရန်ကုန်အသင်း၊ တတိယဆုရ ရတနာပုံအသင်း၊ စတုတ္ထဆုရ ဧရာဝတီအသင်းနှင့် ပဉ္စမဆုရ ရခိုင်အသင်း၊ အသန့်ရှင်းဆုံးအသင်းဆုရ ဇွဲကပင်အသင်း၊သွင်းဂိုးအများဆုံးရသည့် မာတူနာ(ဧရာဝတီ)နှင့် ခရစ္စတိုဖာ (ရှမ်းယူနိုက်တက်)၊ အကောင်းဆုံးဆုရသည့် အောင်သူ (ရတနာပုံ)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Best Service Awards ဆုရ ဦးတင်အောင်(ဂိုး)၊အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယနှင့် အသန့်ရှင်းဆုံးအသင်းဆုရ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတို့အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။**သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေး အလုပ်ရုံဆွေးနွေး

**မြောက်ဦး နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် work shop နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ရောက်နိုင်ရေးအတွက် မြောက်ဦးရှေးဟောင်းမြို့တော်အား ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရှေးဟောင်းမြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးတို့ကို အဓိကထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌက အမှိုက်သရိုက်များနှင့် ရှေးဟောင်းရေတံခါးများ ရှေးမူမပျက် ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသပ်ရပ်သည့်ရှေးဟောင်းမြို့တော်ဖြစ်လာစေရန် မြောက်ဦးမြို့အား ပြည်သူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော သက်ဆိုင်ရာတာဝန်ရှိသူများက မြို့သန့်ရှင်း သာယာလှပရေး၊မြောက်ဦးရှေးဟောင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊နေအိမ်များ၊ကျောင်းများ၊ဘုရားများ၊ရုံးများ၊ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် တစ်မြို့လုံးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်းရေသန့်များ ရရှိအောင် နိုင်ငံသားတစ်ဦးအနေဖြင့် မည်သို့တာဝန်ယူဆောင်ရွက်သင့်ကြောင်း၊ မြောက်ဦးမြို့၌ မိုးရာသီနှင့် နွေရာသီကာလများတွင် ရေမြောင်းများ၏ အခြေအနေနှင့် အကျိုးသက်ရောက်မှုများကို တက်ရောက်လာကြသူများက တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**တောင်ငူ နိုဝင်ဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇရပ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ယနေ့ နံနက် ၁ နာရီ ၄၅ မိနစ်က ခြောက်ဘီး ကရိန်းယာဉ်နှင့် အိမ်စီးယာဉ်ငယ်တို့ အရှိန်လွန်ပြီး မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း သိရသည်။

သတင်းအရ ကျွန်းကုန်းနယ်မြေ ရဲစခန်း စခန်းမှူး ရဲအုပ်အောင်ဇော်မင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း



ကျော်ဝင်းနိုင်(၃၄)နှစ် လယ်ဝေးမြို့နယ်နေသူ မောင်းနှင်ပြီး ကိုဝင်းတင့်(၄၅)နှစ် ဆင်ပေါင်ဝဲမြို့နယ်၊ ကိုထွေး(၂၀)နှစ် ကြာအင်းကျေးရွာ၊ တစ်ရွာတည်းနေ ဟိန်းမင်းဇော်(၂၂)နှစ်၊ ထွန်းမင်းလတ်(၂၈)နှစ် သန်လျင်မြို့နယ်နေသူတို့ လိုက်ပါလာသော ခြောက်ဘီးကရိန်းယာဉ်နှင့် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ဦးခင်ဇော်(၄၈)နှစ် (၁၅)ရပ်ကွက် တောင်ငူမြို့နေသူမောင်းနှင်ပြီး ရဲအုပ်တင်လင်း(၄၂)နှစ် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့ လိုက်ပါလာသောယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်ငယ်ပေါ်တွင် လိုက်ပါလာသော ဦးခင်ဇော်နှင့် ရဲအုပ်တင်လင်းတို့ နှစ်ဦးအပါအဝင် ကရိန်းယာဉ်ပေါ်တွင်လိုက်ပါလာသူ ဟိန်းမင်းဇော်တို့ သုံးဦးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့ပြီး ကျန်လေးဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျွန်းကုန်း နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**
အမှတ်(၃) ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၃၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး အောင်မြသန်း ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၅ ဦးတို့သည် နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် အောင်ဇေရန်အောင် တပ်ဦးဘုန်းကြီးကျောင်းဝင်းအတွင်းရှိ အောင်သပြေတစ်ထောင်ဘုရားဝင်း အတွင်းအပြင် မြက်ပင်များရှင်းလင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုစုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၁၈ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု(ခန့်မှန်းတန်ဖိုးကျပ် ၁၆၀ ဒသမ ၇၄၈ သန်းခန့်)သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်(၂၁၃/၇)တွင် Nissan ခြောက်ဘီးယာဉ် တစ်စီး၊ Nissan ၁၂ ဘီးယာဉ် တစ်စီးနှင့် Counter ခြောက်ဘီးယာဉ် တစ်စီးတို့ တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အဖြူရောင်အစေ့များပါ ပိနံအိတ် ၉၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၉၇ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အဖြူရောင်အစေ့များနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**
မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ၂၄ ရက် ညနေ ၅ နာရီတွင် ဗန်းမော်မြို့နယ် မန်ရွတ်ကျေးရွာ အဝင် တံတားအနီး ဗန်းမော်-မန္တလေး ကားလမ်းတွင် စိုင်းထွန်းဆာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် ဘိန်းဖြူ ၄၈ ဂရမ်တို့ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ညောင်ရွှေ-ပင်လောင်း ကားလမ်း မိုင်တိုင်(၄၂/၃)နှင့် (၄၂/၄)အကြားတွင် အောင်ဆန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော - သာစည်ကားလမ်းတွင် နေရှိုင်းမောင်းနှင်ပြီး မျိုးမင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာ အုပ်စု မကွေ့ကျေးရွာနေ မလှစန်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆၃ ပြားတို့ကိုလည်းကောင်း၊ ကွင်းဆက်အရ ဝက်ဖြူရေကျေးရွာ အုပ်စု မကွေ့ကျေးရွာနေ ၎င်း၏သမီး မအိအိဖြိုး၏ နေအိမ်ဈေးဆိုင်ကို ရှာဖွေရာ ဘိန်းဆီခဲ ၁၀ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



စိုင်းထွန်းဆာအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၆) လှိုင်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် တာဝန်ရှိသူများ ကြီးကြပ်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကြေးမုံ

# မီးရှို့ရန်ကြံစည်သူ ဆယ်ကျော်သက်သုံးဦးကို အမှုဖွင့်အရေးယူ

**မုံရွာ နိုဝင်ဘာ ၂၆**
မုံရွာမြို့ အလုံဈေးထောင့်တွင်ဖွင့်လှစ်ထားသော “မို” ဖုန်းဆိုင်ကို ဖယောင်းတိုင်မီးအသုံးပြုကာ မီးရှို့ရန် ကြံစည်သူ ဆယ်ကျော်သက်လူငယ် သုံးဦးကို မုံရွာမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆယ်ကျော်သက်လူငယ် သုံးဦးက နိုဝင်ဘာ ၂၅ ရက် ညပိုင်းက မီးရှို့ရန်ကြံစည်လုပ်ကိုင်နေသည်ကို ဈေးလုံခြုံရေးတစ်ဦးမြင်ရာမှ ရဲစခန်းကို အကြောင်းကြားပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

“ဖုန်းဆိုင်ရဲ့သော့ကို ဖယောင်းတိုင်မီးနဲ့ရှို့နေတာကို မြင်တဲ့သူကအကြောင်းကြားတဲ့အတွက် သွားဖမ်းတာ ထွက်ပြေးကြလို့ အလုံအထက်တန်းကျောင်းနားမှာ ဖမ်းမိတာပါ” ဟု မုံရွာမြို့မရဲစခန်းတာဝန်ရှိသူက ပြောသည်။

ဖမ်းမိသည့်လူငယ်များသည် ဘော်ဒါဆောင်တစ်ခုတွင်နေပြီး အထက်တန်းကျောင်းတက်နေသော ကျောင်းသား သုံးဦးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ



# ပီအက်စ်ဂျီနှင့် စီရိုနယ်လ်ဒို လျှို့ဝှက်ဆွေးနွေးမှု လုပ်ဆောင်ခဲ့

ရီးယဲလ်မက်ဒရစ်နှင့် စီရိုနယ်လ်ဒိုတို့ စာချုပ်သစ်ဆွေးနွေးမှု မရေမရာဖြစ်နေသည့် အနေအထားမှာပင် ကစားသမား၏ အေးဂျင့် ဂျော့ဂ်ျမန်းဒက်ဇ်က ပီအက်စ်ဂျီအသင်းနှင့် ချိတ်ဆက်မှုများဆောင်ရွက်နေပြီဖြစ်သည်။ စီရိုနယ်လ်ဒိုနှင့် ပီအက်စ်ဂျီကိုယ်စားလှယ်တို့ မက်ဒရစ်ဟိုတယ်တွင် လျှို့ဝှက်တွေ့ဆုံခဲ့ကြောင်း ရိုဒရီဂိုးက စတင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ရီးယဲလ် ဥက္ကဋ္ဌပီရက်ဇ်က စီရိုနယ်လ်ဒိုနှင့် စာချုပ်သစ်ချုပ်ဆိုရေးကို အလျင်စလို ဆောင်ရွက်ရန် ဆန္ဒမရှိသဖြင့် စာချုပ်ကိစ္စမှာ နှောင့်နှေးနေချိန်တွင် စီရိုနယ်လ်ဒိုက ရီးယဲလ်နှင့် စာချုပ်သစ်ဆွေးနွေးမှုများ ရပ်တန့်ထားရန် မန်းဒက်ဇ်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက်က မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်သစ်တွင် မက်ဆီ၏ တစ်ပတ်လုပ်ခလစာမှာ ယူရို ၆၄၀၀၀၀ ဖြစ်ရာ ရီးယဲလ်နှင့် စီရိုနယ်လ်ဒိုတို့ ယမန်နှစ် ချုပ်ဆိုခဲ့သည့် စာချုပ်တန်ဖိုးထက် ယူရိုသန်း ၁၀၀ များပြားနေသောကြောင့် ယင်းအတွက် စီရိုနယ်လ်ဒိုက ဒေါသထွက်နေခဲ့ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ စီရိုနယ်လ်ဒိုသည် ရီးယဲလ်တွင် တစ်ပတ်လုပ်ခ ယူရို ၄၀၀၀၀၀ သာ ရရှိနေခြင်းကြောင့် လစာတိုးမြှင့်မပေးပါက အသင်းပြောင်းရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက ရီးယဲလ်နှင့် ၂၀၂၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုထားသော်လည်း လစာနှုန်းထား ပိုမိုပေးသော ကလပ်အသင်းရှိပါက ရာသီကုန်တွင် ရီးယဲလ်မှထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုမှာ ဖက်ရှင်ဘက်ကိုလည်း အလေးထားသူဖြစ်ရာ ဖက်ရှင်မြို့တော် ပဲရစ်မှာ စီရိုနယ်လ်ဒိုအတွက် ကွန်းခိုရာ ရပ်ဝန်းဖြစ်လာနိုင်ဖွယ်ရှိသည်။

စီရိုနယ်လ်ဒိုက မက်ဆီ၊ နေမာတို့ကဲ့သို့ တစ်ပတ်လုပ်ခ ယူရို ခြောက်သိန်းအထက် ရရှိလိုနေပြီး ရီးယဲလ်ကိုလည်း လက်ရှိလစာနှုန်းထားထက် တိုးမြှင့်ပေးချေရန် တောင်းဆိုနေသည်ဟူသော သတင်းများထွက်ပေါ်ခဲ့ဖူးသည်။ သို့သော် စီရိုနယ်လ်ဒိုက ရီးယဲလ်တွင်သာ ဆက်နေလိုသည့် ဆန္ဒဘက်ကို ပိုမိုအလေးသာရာ အကယ်၍ ရီးယဲလ်ကသာ လုပ်ခလစာနှုန်းထားတိုးမြှင့်ပေးမည်ဆိုပါက ရီးယဲလ်အတွက်သာ ဆက်လက်ကစားရန် ရှိနေကြောင်းလည်း သိရသည်။

မေလဲ့သင်း - ရေးသားသည်

## စီရိုနယ်လ်ဒိုနှင့် မိတ်ဆွေ မဖြစ်နိုင်ဟု မက်ဆီ ယူဆ

ဘာစီလိုနာရဲ့ စူပါစတား မက်ဆီက စီရိုနယ်လ်ဒိုနဲ့ မိတ်ဆွေ ဖြစ်နိုင်သလားဟူသော စကားအပေါ် တုံ့ပြန်ဖြေကြားခဲ့ပုံက အပျက်ဘက်မှ ရှုမြင်သည့် အနေအထားဖြစ်နေခြင်းကို မက်ဆီ၏ပြောစကားကို ကောက်ချက်ဆွဲကြည့်ခြင်းဖြင့် ထင်ထင်ရှားရှား မြင်တွေ့နိုင်မည်ဖြစ်သည်။

စီရိုနယ်လ်ဒိုက မက်ဆီမှာ သူ၏ မိတ်ဆွေဖြစ်လာနိုင်သူဟု ထုတ်ဖော်ပြောကြားခဲ့ဖူးသော်လည်း မက်ဆီက "ကျွန်တော်တို့ ဒီလိုဖြစ်လာမလားဆိုတာ ကျွန်တော် မသိပါဘူး၊ မိတ်ဆွေဖြစ်ကြသူတွေဟာ အချိန်အတော်ကြာ အတူတကွ ဖြတ်သန်းဖူးကြပြီး တစ်ယောက်အကြောင်း တစ်ယောက် သိကြသူတွေပါ၊ ကျွန်တော်တို့ နှစ်ဦးကြားမှာ ဒီလို ဆက်ဆံရေးမျိုး မရှိပါဘူး၊ ကျွန်တော်တို့ဟာ ဆုချီးမြှင့်ပွဲလို အခမ်းအနားတွေမှာသာ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံစကားပြောဖြစ်ကြတယ်၊ ဒါပေမယ့် ကျွန်တော်တို့ဘဝတွေက တစ်ဦးနဲ့ တစ်ဦး ဖြတ်နေတဲ့အနေအထားနဲ့ ရှင်သန်နေတာမဟုတ်ဘဲ အရာအားလုံး ကောင်းနေပါတယ်"ဟု တုံ့ပြန်ခဲ့သည်။

## ဘေးလ်အတွက် မန်ယူကို ဇီဒန်း သတိပေးလိုက်ပြီ



ရီးယဲလ်တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်ကို မန်ယူအသင်းက ချိတ်ဆက်မှုများ တောက်လျှောက်ပြုလုပ်နေရာ နည်းပြ ဇီဒန်းက ဘေးလ်မှာ ရီးယဲလ်အတွက် အရေးပါဆဲဖြစ်သည်ဟူသော စကားဖြင့် မန်ယူအသင်းကို သတိပေးမှုပြုလိုက်ပြီဖြစ်သည်။ ဘေးလ်မှာ ဒဏ်ရာပြဿနာကြောင့် စက်တင်ဘာလကတည်းက အနားယူနေရပြီး ဒဏ်ရာ မကြာခဏရနေသဖြင့် ဘေးလ်ကို ရီးယဲလ်က လာမည့် နွေဈေးကွက်အတွင်း ထုတ်ရောင်းမည်ဟူသော သတင်းများ ထွက်လာခဲ့ခြင်းဖြစ်သည်။

အစ္စကိုနှင့် အဆန်စီယိုတို့သည် ဘေးလ်၏နေရာကို အကောင်းဆုံးဖြည့်စွက်ကစားနိုင်သူများဖြစ်ရာ ဘေးလ်၏ အခန်းကဏ္ဍမှာ ပျောက်သထက် ပျောက်ဆုံးလာသည့်သဘောဖြစ်နေပြီး ရီးယဲလ်က ဘေးလ်ကို စိတ်မရှည်တော့ဘဲ အရောင်းစာရင်းတွင် ထည့်သွင်းထားကြောင်း သတင်းများ ထွက်လာခဲ့သည်။

သို့သော် ဇီဒန်းက "ဘေးလ်က ကျွန်တော်တို့ကို ဘာတွေပေးနိုင်သလဲဆိုတာ ကောင်းကောင်းသိပါတယ်၊ အများကြီးပဲ၊ သူက လျင်မြန်တယ်၊ နည်းစနစ်ပိုင်း တကယ့်ကို ကောင်းမွန်ပါတယ်၊ ပြင်းပြင်းထန်ထန်ကြိုးစားတတ်သူ ဖြစ်တယ်"ဟု ဆိုခဲ့သည်။ ဘေးလ်ကို ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၁၃ ခုနှစ် နွေဈေးကွက်တွင် ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၈၃ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဘေးလ်မှာ ရီးယဲလ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ် ဆွတ်ခူးနိုင်ခဲ့သည်အထိ အောင်မြင်ခဲ့သော်လည်း ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေရပြီးနောက် ရီးယဲလ်မှ ထုတ်ရောင်းခံရတော့မည့်ကစားသမားအဖြစ် နာမည်ထွက်နေခြင်းဖြစ်သည်။

## မစ်ခီတာယန်ကို ဒေ့ါမွန်မှ ချိတ်ဆက်နေပြီ



မန်ယူနည်းပြ မော်ရင်ဟိုက ကွင်းလယ်လူ မစ်ခီတာယန်အနေဖြင့် မန်ယူတွင် ခြေစွမ်းတိုးတက်ရန်လိုပြီး ထိုသို့မဟုတ်လျှင် နေရာရမည်မဟုတ်ကြောင်း သတိပေးစကားဆိုခဲ့ပြီးနောက် မစ်ခီတာယန်ကို အသင်းဟောင်း ဒေ့ါမွန်မှ ပြန်လည်ခေါ်ယူရန် ချိတ်ဆက်နေသည်ဟူသော သတင်းများထွက်ပေါ်လာခဲ့သည်။ မစ်ခီတာယန်သည် ယခုနှစ် ဘောလုံးရာသီအစတွင် ခြေစွမ်းပိုင်း အတော်တိုးတက်ခဲ့သော်လည်း ပြီးခဲ့သည့်လပိုင်းအတွင်း ရုတ်တရက် ခြေစွမ်းကျဆင်းခဲ့ရာ မော်ရင်ဟို၏ ပထမပွဲထွက်လူစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

မော်ရင်ဟိုက "သူ့ရဲ့ ခြေစွမ်းပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ကို မပျော်မရွှင် ဖြစ်စေပါတယ်၊ ကျွန်တော်က တစ်ပွဲ၊ နှစ်ပွဲဆိုရင်တော့ ပြောနေမှာ မဟုတ်ဘူး၊ သုံးလေးငါးပွဲဆိုရင်တော့ ပြောဖို့လိုလာပါပြီ၊ သူက ဂိုးသွင်းခြေရှိတယ်၊ ဂိုးဖန်တီးမှု ကောင်းကောင်းပြုလုပ်နိုင်တယ်၊ ပြိုင်ဘက်ကို ဖိအားပေးမှု ပြုလုပ်နိုင်တယ်၊ ဒါပေမယ့် ကျွန်တော်တို့က သူ့ကို ကွင်းလယ်ဖန်တီးရှင်နေရာမှာ ထားကစားလိုက်ချိန်မှာ တဖြည်းဖြည်းကျသွားခဲ့တယ်"ဟု မစ်ခီတာယန်နှင့်ပတ်သက်ပြီး မှတ်ချက်စကားဆိုခဲ့သည်။ မစ်ခီတာယန်မှာ ပြီးခဲ့သည့်နှစ်နွေဈေးကွက်တွင် ဒေ့ါမွန်မှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ရောက်စကာလကလည်း နည်းပြ မော်ရင်ဟို၏ ယုံကြည်ကိုးစားမှုရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ နောက်ပိုင်းတွင် ခြေစွမ်း တဖြည်းဖြည်းတိုးတက်လာခဲ့သည်။ မစ်ခီတာယန်သည် အေဂျက်စ်နှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲတွင်လည်း မန်ယူအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

### နိုဝင်ဘာ ၂၆ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၃** | | | | |
| ဆောက်သမ်တန် | ၄ | - | ၁ | အဲဗာတန် |
| ဘန်လေ | ၀ | - | ၁ | အာဆင်နယ် |
| ဟက်ဒါဖီးလ် | ၁ | - | ၂ | မန်စီးတီး |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၃** | | | | |
| ဟမ်းဘက် | ၃ | - | ၀ | ဟော့ဖန်ဟိမ်း |
| **စပိန်လာလီဂါ ပွဲစဉ် - ၁၃** | | | | |
| ဒီပို့ဒီဗို | ၂ | - | ၂ | ဘီဘာအို |
| ဆိုစီဒက် | ၂ | - | ၂ | လက်ပါးမက်စ် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၁၄** | | | | |
| နိုက် | ၀ | - | ၅ | လိုင်ယွန် |
| မာဆေး | ၁ | - | ၀ | ဂူအင်ဂမ့် |
| **စီးရီးအေ ပွဲစဉ် - ၁၄** | | | | |
| ဂျီနိုအာ | ၁ | - | ၁ | ရိုးမား |
| အူဒီးနီးစ် | ၀ | - | ၁ | နာပိုလီ |
| အေစီမီလန် | ၀ | - | ၀ | တိုရီနို |

ခိုင်ဝင်း

### အားကစားသတင်းတိုများ

## မန်စီးတီးတိုက်စစ်တွင် ဂျေဆူးနှင့် အဂွဲရိုးတို့ တွဲဖက်ကစားနိုင်

နည်းပြ ဂွါဒီယိုလာက အဂွဲရိုးနှင့် ဂျေဆူးတို့ကြား ရင်းနှီးသည့် ဆက်ဆံရေးအပေါ် အခြေခံပြီး မန်စီးတီးတိုက်စစ်ပိုင်းအတွက် ၎င်းတို့နှစ်ဦးကို တစ်ပြိုင်နက်တည်းထားပြီး အသုံးပြု နိုင်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ဂျေဆူးနှင့် အဂွဲရိုးတို့မှာ ပြင်ပလူနေမှုဘဝတွင် နီးကပ်သည့် ဆက်ဆံရေးရှိသူများဖြစ်သော်လည်း မန်စီးတီးတိုက်စစ်ပိုင်းတွင် ပွဲထွက်ခွင့်အတွက် ပြိုင်ဆိုင်နေရသူများ ဖြစ်သည်။ ဂွါဒီယိုလာက ရာသီအစတွင် သူတို့နှစ်ဦးကို တွဲဖက်အသုံးပြုခဲ့သော်လည်း အဂွဲရိုး ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် ကစားကွက်ပြောင်းလဲခဲ့ရာ နှစ်ဦးထဲမှ တစ်ဦးကိုသာ ပွဲထွက်ကစားစေခဲ့သော်လည်း ဂွါဒီယိုလာ၏ ယခုပြောကြားချက်က ကာယကံရှင်များအတွက် သတင်းကောင်းပင်ဖြစ်သည်။ ဂွါဒီယိုလာက တစ်ဦးနှင့် တစ်ဦး နီးကပ်သည့် ဆက်ဆံရေးရှိခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်ပြီး နှစ်ဦးကို တွဲဖက်ကစားခိုင်းရန် ခက်ခက်ခဲခဲ စဉ်းစားစရာမလိုကြောင်း ဆိုခဲ့သည်။

## ဒရက်ဇ်လာကို ခေါ်ယူရန် အာဆင်နယ်နှင့် လီဗာပူး အပြိုင်ကြိုးပမ်း

ပရီမီယာလိဂ်ကလပ် အာဆင်နယ်နှင့် လီဗာပူးတို့သည် ပီအက်စ်ဂျီတွင် နေရာပျောက်နေသည့် ဒရက်ဇ်လာကို လာမည့်ဇန်နဝါရီဈေးကွက်အတွင်း ခေါ်ယူနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြောင်း မေရာသတင်းဌာနက ဖော်ပြသည်။ ပီအက်စ်ဂျီက ယူအီးအက်ဖ်အေမှ ချမှတ်ထားသည့် ဘဏ္ဍာရေးမျှခြေစည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန် အနည်းဆုံး ကစားသမား တစ်ဦး( သို့မဟုတ်)နှစ်ဦးကို ဇန်နဝါရီဈေးကွက်ကာလအတွင်း မဖြစ်မနေထုတ်ရောင်းရမည်ဖြစ်သောကြောင့် ပရီမီယာလိဂ်အသင်းများက ဒရက်ဇ်လာကိုရရှိရေး စောစောစီးစီးလှုပ်ရှားလာခြင်းဖြစ်သည်။ ပီအက်စ်ဂျီသည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း နေမာအတွက် ကမ္ဘာ့စံချိန်တင်ကြေး ပေါင်သန်း ၂၀၀ အပြင် လက်ရှိတွင် အငှားဖြင့် ခေါ်ယူအသုံးပြုနေသည့် မက်ပီကိုလည်း ပေါင် ၁၆၆ သန်းဖြင့် အပြီးသတ်ခေါ်ယူရမည်ဖြစ်ရာ လက်ရှိကစားသမားအင်အားကို မဖြစ်မနေ ထုတ်ရောင်းရတော့မည်ဖြစ်သည်။

# အိန္ဒိယက အဝယ်ပိတ်ထားသော မတ်ပဲနှင့် ပဲစင်းငုံ ပြည်တွင်းလုပ်ငန်းရှင်များ အသုံးပြုမှု များပြားလာ



**မုံရွာ နိုဝင်ဘာ ၂၆**

အိန္ဒိယက အဝယ်ပိတ်ထားသော မတ်ပဲနှင့် ပဲစင်းငုံကို ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် ဈေးနှုန်းချိုသာသောကြောင့် ယခင်ကထက် အသုံးပြုမှုများလာကြောင်း ပို့ကုန် ပဲလုပ်ငန်းရှင် ဦးမျိုးမင်းထံမှ သိရသည်။

"မုံရွာကြာဆံစက်သမားတွေက ပိုသုံးလာကြတယ်၊ ဈေးလည်းချိုပြီး အသုံးလည်းကိုက်တဲ့အတွက် အရင်ကထက် ပိုဝယ်သုံးလာကြတာ တွေ့ရပါတယ်၊ အရင်က ဒီပဲတွေက သုံးသောင်း၊ လေးသောင်း၊ ငါးသောင်းဈေးတွေဆိုတော့ မကပ်နိုင်တာလည်းပါတော့ မသုံးဘူး၊ အခုတော့ စမ်းသုံးရင်း အသုံးတည့်နေပါပြီ"ဟု ဦးမျိုးမင်းက ပြောသည်။

မုံရွာမြို့မှ ကြာဆံစက်သမားများသည် ယခင်က ပဲစင်းငုံ တစ်တင်းခွဲအိတ် သုံးအိတ်ခန့် သုံးရာမှ လက်ရှိတွင် တစ်စက်လျှင် ၁၂ အိတ်အထိ ပိုသုံးလာပြီး တိရစ္ဆာန်အစာအတွက်လည်း ယခင်ကထက် တိရစ္ဆာန်အစာရောင်းသူများက ပိုဝယ်လာကြကြောင်း သိရသည်။ မုံရွာမြို့ အနီးဝန်းကျင်ရှိ ကြာဆံစက်တိုင်းလိုလို ပဲစင်းငုံကို အများအပြား သုံးလာကြသည်ကို တွေ့ရသည်။

"အရင်က ကြာဆံစက်တစ်စက်မှာ တစ်ရက်ကို စားတော်ပဲ ၂၄ အိတ်သုံးရာကနေ အခုတော့ စားတော်ပဲ ၁၂ အိတ်၊ ပဲစင်းငုံ ၁၂ အိတ်ဆိုပြီး သုံးနေကြပါတယ်၊ စားတော်ပဲဈေးက နှစ်သောင်းဝန်းကျင်ရှိပါတယ်၊ စားတော်ပဲကို ကနေဒါ၊ ယူကရိန်း စတဲ့ နိုင်ငံတွေကနေ ပို့နေပါတယ်၊ လက်ရှိမှာ ပြည်တွင်းပဲတွေလည်း ပြည်ပမထုတ်ရတော့ ရှိနေတဲ့ပဲ သုံးရအောင် သက်ဆိုင်ရာက စားတော်ပဲကို ပြည်ပက သွင်းတာ ပိတ်ထားတယ်"ဟု မုံရွာအခြေစိုက် ပဲစင်းငုံကုန်သည်တစ်ဦးက ပြောသည်။

"အိန္ဒိယက ပိတ်လိုက်တဲ့နောက်ပိုင်းမှာ မတ်ပဲကလည်း ဈေးကျ၊ ပဲစင်းငုံကလည်း ဈေးကျ၊ ဝယ်လည်းမဝယ်ဆိုတော့ ဈေးတွေ အကျဆုံးအထိကျပြီး ငြိမ်နေတဲ့အခြေအနေပါ၊ ပဲအဝင်က တောင်သူတွေလက်ထဲမှာ မရှိသလောက် နည်းတော့ နည်းနေပါပြီ၊ မြို့ကကုန်သည်တွေ လက်ထဲမှာဆိုတော့ တောင်သူတွေလက်ထဲမှာ မရှိသလောက်အခြေအနေပါ၊ လှောင်လက်ကုန်သည်တွေ လက်ထဲ မိနေတာ များနေပါတယ်"ဟု ဦးမျိုးမင်းက လက်ရှိ မတ်ပဲနှင့် ပဲစင်းငုံဈေးကွက် အခြေအနေကို ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 NOVEMBER 27 TO DECEMBER 3 MONDAY (1138)

အထွေထွေအမြင် ဆောင်းပါးအမြင်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ရဟန်းမင်းကြီး၏ တချွန်တော်

အမေရိကန်စစ်အင်အားပြမှု နောက်ကွယ်မှ အမှန်တရား

မြောက်ကိုရီးယားကို ဖျက်ဆီးနိုင်တဲ့ အမေရိကန်ရေတပ်ရဲ့ နည်းလမ်းများ

ခါးသီးသော ဆော်ဒီ-အီရန် အားပြိုင်မှု

ရေခဲတောင်တွေ အရည်ပျော်ကျလျှင် မည်သည့်မြို့ကြီးတွေမှာ ရေကြီးရေလျှံဖြစ်မှာလဲ

သမ္မတဒူတာတေးနှင့် သမ္မတဒေါ်နယ်ထရန့်

ဘာတွေတူလို့ ဘာတွေကွာလဲ

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊

မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။

ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇

E-mail:internationaljournalmm@gmail.com

## ပန်းရန်၊ လက်သမားသင်တန်းသားများ ပြုလုပ်ခဲ့သည့် အုတ်ရေကန် ကျေးရွာသို့ လွှဲပြောင်းပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၂၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းသားများဖြင့် ဆောင်ရွက်ခဲ့သော အုတ်ရေကန်အား ကျေးရွာရေပေးရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၂၄ ရက်က တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု စပါယ်ကျေးရွာ၌ ပြုလုပ်သည်။

အုတ်ရေကန် လွှဲပြောင်းပေးအပ်ရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်း၊ ဖန်မင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှသိန်းတိုးတို့က ကွင်းဆင်းကြည့်ရှုခဲ့ပြီး စပါယ်ကျေးရွာ ရေပေးရေးကော်မတီအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရေကန်ကို ရှမ်းပြည်နယ်(အရှေ့) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်၊ လက်သမားသင်တန်းသား ၃၀ တို့၏လုပ်အားဖြင့် ဖန်မင်ကျေးရွာအုပ်စု စပါယ်ကျေးရွာတွင် တည်ဆောက်ခဲ့ပြီး ရေဂါလန် ၂၀၀၀ ဝင်ဆံ့ကြောင်း သိရသည်။

**နေလင်း**



## ကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေတာရှည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့ပြတံတား ၁၈ စင်း တည်ဆောက်ပေးသွားမည်ဖြစ်ရာ အငယ်တန်းအင်ဂျင်နီယာ ဦးလှိုင်လှိုင်ဦးက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေတာရှည်မြို့ အမှတ်(၅) ရပ်ကွက်ရှိ အရှည် ၁၄ ပေ၊ အကျယ် ၄ ပေ ၉ လက်မ ကွက်သစ်လမ်း ကွန်ကရစ်တံတားတည်ဆောက်နေမှု လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

**မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ

ဦးသန်းထူး (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း) (ဆေးသုတေသနဦးစီးဌာန) - ဒေါ်ခင်ဝင်းမြင့်တို့၏သားငယ်

နန္ဒလှိုင်ဝင်း B.E(Civil) (Q), Specialist Diploma in Construction Management (BCA Singapore)-

မခိုင်ခိုင်ဦး B.E (Civil) (Q), Specialist Diploma in Construction

Management (BCA Singapore) တို့၏ညီ၊ မဝတ်မှုန်ချို၏ ဦးလေး

**jynfpHkxl** (LL.B)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပရဲစခန်းဝင်းနေ (ရဲအုပ် ဗိုလ်ဝင်း) - ဒေါ်ခင်တုတ် တို့၏သမီး

မျိုးထက်အောင် B.A(Myanmar) (ဇေကမ္ဘာကုမ္ပဏီ)၊ သူရအောင် (LL.B) (အထက်တန်းရှေ့နေ) -

မလဲ့လဲ့နိုင်တို့၏ ညီမ၊ မောင်ကျော်ထက်အောင်၏အစ်မ၊ မသွင်မျှးအိမ်၏အဒေါ်

**'ktjkfwifbLm0if** (B.Sc- Botany)

တို့၏ ၂၅-၁၁-၂၀၁၇ရက်တွင် မင်းကွန်းတိပိဋကကျောင်းတိုက် ရွှေရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးများအားလည်းကောင်း၊ မတက်ရောက်နိုင်ပေမယ့် လက်ဖွဲ့ချီးမြှင့်ပေးပို့ပါသော လူကြီးမင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်း ကူညီပံ့ပိုးပေးကြပါသော နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**ပြည့်စုံထူး-ဒုရဲအုပ် တင်သူဇာဝင်း**

## ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ တောင်ပေါ်ရွာ ကျေးလက်ပြည်သူများအား အခမဲ့ ကွင်းဆင်းကုသ

**ပေါင်းတည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင် ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်း ၅၄ ဦးတို့သည် နိုဝင်ဘာ ၂၅ ရက်က ပြည်ခရိုင် ပေါင်းတည်မြို့နယ် တောင်ပေါ်ဒေသဖြစ်သော ကြာနီကန်အုပ်စု ရှားပေါင်ကျေးရွာ အထကကျောင်း၌ ဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများသည် ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးလက်နေပြည်သူ ၅၅၀ ကျော်အား အထွေထွေရောဂါ၊ ခွဲစိတ်၊ မီးယပ်နှင့် သားဖွား၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း၊ ကလေးအထူးကု၊ အရိုးအကြောနှင့် အရေပြားရောဂါတို့ကို အခမဲ့စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးအပ်မှုများ ပြုလုပ်ခဲ့သည့်အပြင် အဆင့်မြင့်စစ်ဆေးရန် လိုအပ်သော ရောဂါဝေဒနာရှင်များအား ချိတ်ဆက်၍ ဆေးရုံတွင် စစ်ဆေးမှုများ ပြုလုပ်ကာ ပြန်လည်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

**နန္ဒာဦးကျော်** ဒီဇင်ဘာ အားလပ်ရက်ခရီးစဉ်များ

- အလိုတော်ပြည့်ဘုရားဆုတောင်းပွဲ နှင့် ပုဂံဘုရားစုံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ သီဟိုဠ်ရှင် (၄)ရက်။
- အင်းတော်ကြီးရွှေမြဥ္ဈူ၊ ဗန်းမော်၊ ဗလုံတောင်၊ ကျောက်မဉ္စာပ်၊ မြစ်ကြီးနား၊ မေခ-မေလီခမြစ်ဆုံ(၆)ရက်။
- ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက် - မြိတ်(ဘိတ်)ပါ (၆)ရက်။
- တောင်ကြီး၊ အင်းလေး၊ ဖောင်တော်ဦး၊ မွေ့တော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
- မြဝတီ၊ မဲဆောက်နှင့် ဘားအံဂူ(၅)ဂူ (၃)ရက်။ ● မန္တလေးဘုရားစုံ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၃)ရက်။
- မန္တလေးဘုရားစုံဖူး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၄)ရက်။ ● ကျိုက်ထီးရိုး (နေ့စဉ်)
- မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ နွားလဘိုတောင် (၂)ရက်။ ဆက်၍- ကျိုက်ထီးရိုးပါ(၃)ရက်။

ပန်းဆိုးတန်း 01-391577, သန်လျင် 056-21671, 09-5122961, တာမွေ 09-255811682

**မင်္ဂလာပါ** "အသက်သာဆုံးဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှု" နောက်ဆုံးပေါ် ဗီမ်ဝံကားသစ်ကြီးတွေစီးပြီး "Go" မယ်

- ကျိုက်ထီးရိုး(သွား+ပြန်) 8000Ks ✣ ချောင်းသာ(သွား+ပြန်) 12000Ks
- ပုဂံ၊ စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်၊ ပခုက္ကူ၊ ပုပ္ပါး (2/3)Day
- မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ဝေဠုဝန်ကျောက်စိမ်းစေတီ (3/4)Day
- တောင်ကြီး၊ အင်းလေး၊ ဖိန်းမရဲသခင်မ၊ မြသပိတ်၊ ပင်းတယ (3/4)Day
- လွိုင်ကော်၊ ပန်ပတ်(ကယန်း)၊ ကြက်ဂူ၊ ထီးဆဲခါး၊ ကလော (2/3)Day
- ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကပျာဝ (4/5)Day
- ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်၊ ကော့သောင်း၊ ရနောင်း၊ သူ့ဌေးကျွန်း (7/8)Day
- ငပလီကမ်းခြေ၊ သံတွဲဘုရား၊ ကမ်းသာယာကမ်းခြေ ............ (2/3)Day
- မြဝတီ၊ မဲဆောက်၊ ဘားအံ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ (3/4)Day

ထွက်မည့်ရက် - Nov 17,24, Dec 1,8,15,22,29

ဆက်သွယ်ရန်-Ph: 09-43092336, 09-426669001, 09-256223330

သက်ရှိလောက

တည်မြဲ

ဖို့

သဘာဝ

တောတွေ

ထိန်းသိမ်း

စို့

**ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား**

ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်-

(နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | ဂယာ | ကုသိနာရုံ | နယူးဒေလီ | ဗုဒ္ဓဂယာ | ရာဇဂြိုဟ် |
|---|---|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | ၂၉,၀၀၀ | ၁၀,၀၀၀ | ၂၀,၀၀၀ | ၃၀,၀၀၀ | ၁၀,၀၀၀ |

| | ဂယာ | ကုသိနာရုံ | သာဝတ္ထိ | ဗုဒ္ဓဂယာ | ရာဇဂြိုဟ် |
|---|---|---|---|---|---|
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၇,၀၀၀ | ၂၀,၀၀၀ | ၂၅,၀၀၀ | ၃၀,၀၀၀ | ၁၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

☎ ၀၁-၆၅၅၅၂၀ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။

☎ ၀၁-၂၄၀၀၄၇ ၊ ၀၉-၅၃၂၁၀၁၂

# လမြတ်နတ်တော်နှင့် စာဆိုတော်နေ့

## ပန်းတောင်းသန်းကြွယ်

"ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်
မတီကေတု၊ တိုင်းဇေယုက
သမ္မုတိမှန်၊ ကေသာနှံသည်
ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း
ဥကင်မြင့်ဘောင်၊ ရန့်လျှောင်ခဲ့"

ရှင်ဥတ္တမကျော်

နတ်တော်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် ကိုးလမြောက်ဖြစ်သည်။ ရာသီအားဖြင့် ဓနုရာသီ၊ ဆန်းယှဉ်နက္ခတ်မှာ မိဂသီဖြစ်သည်။ ရာသီရုပ်မှာ လေးဆွဲသောယောကျ်ားရုပ်ဖြစ်သည်။ ရာသီပန်းမှာ တော်ဝင်နတ်ပန်းဟု တင်စားကြရသော သဇင်ပန်းဖြစ်သည်။

ရှေးဘုရင်များ လက်ထက်က ရွှေသိုင်းများရွှေ့ဆောင်ကာ ဘုရင်မင်းမြတ်များ ဆက်သရမြဲဖြစ်သော ပန်းမြတ်သဇင်တို့ ဤနတ်တော်လတွင် ဖူးပွင့်ဝေဆာမြဲဖြစ်သောကြောင့် နတ်တော်လသည် ထူးမြတ်သောလ တစ်လအဖြစ် ရှေးယခင်ကပင် မှတ်တမ်းပြုအလေးထားခဲ့ကြသည်။

လမြတ်နတ်တော်တွင် ကောက်သစ်ငယ်တို့ ပေါ်ဦးခြင်းကြောင့် တောင်သူလယ်သမားများ ပျော်မြူးကြသော ရာသီထူးလည်း ဖြစ်သည်။ ကောက်သစ်စားပွဲများ ပျော်ရွှင်စွာကျင်းပကြသော လလည်းဖြစ်သည်။

နတ်တော်လဟု ခေါ်တွင်သည်မှာ ထိုလတွင် နတ်ကိုပူဇော်ပသရခြင်းကြောင့် "နတ်ပျော်လ" ဟု ခေါ်ဆိုရာမှ နောင်တွင် "နတ်တော်လ"ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ရှေးအခါက ဟိန္ဒူပြဟ္မဏပုဏ္ဏားတို့သည် ဘုရင့်အပါး၌ ဘုရင်အား မြောက်စားချီးကျူးလျက် လောကီအကျိုးထူးများဖြစ်စေရန် နတ်များကို ပူဇော်ပသခဲ့သည့် ဓလေ့ဟောင်းတစ်ရပ်ပင်ဖြစ်သည်။

ရတနာပူရ အင်းဝနန်းတည် ဘိုးတော်ဘုရင်လက်ထက်တွင် ပြဟ္မဏပုဏ္ဏားတို့၏ ဝါဒအဟောင်းအဆွေးများကို စာပေတို့မှ ထုတ်နုတ်သုတ်သင်၍ မြန်မာစာပေများကို သန့်စင်စေခဲ့သည်။ ပြဟ္မဏပုဏ္ဏားပညာရှိများကိုလည်း ဟူးရားသမားအဖြစ် သီးခြားခန့်ထား၍ သက်ဆိုင်ရာ၌သာလျှင် အမှုထမ်းခွင့်ပြုခဲ့သည်။

ထိုအချိန်မှစတင်၍ နတ်တော်လတွင် နတ်ပူဇော်ပွဲများကို ပြောင်းလဲ၍ မြန်မာစာပေပညာရှိကြီးများ ချီးမြှောက်ပူဇော်သော ပွဲတော်ရာသီအဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။ ရှေးယခင်က နတ်ပွဲအပြင် ဆင်ရိုင်းတို့ကို ဆင်မပျိုတို့ဖြင့် ဖြားယောင်းဖမ်းဆီးသည့် ဆင်ဖမ်းပွဲကိုလည်း ကျင်းပလေ့ရှိခဲ့ဖူးသော်လည်း ယခုအခါ နတ်ပွဲရော ဆင်ဖမ်းပွဲပါ ပျောက်ကွယ်ခဲ့ပြီး စာဆိုတော်ပွဲကိုသာ လေးစားမြတ်နိုးစွာ ကျင်းပလျက်ရှိသည်။

စာပေပညာရှိကြီးများနှင့်တကွ ထူးချွန်သော အုပ်ချုပ်ရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပုဂ္ဂိုလ်များကိုပါ ချီးမြှောက်ထောက်ပံ့ခဲ့သည့် နတ်တော်လပွဲတော်အစဉ်အလာသည် အင်းဝခေတ်မှ ရတနာပုံခေတ်သို့တိုင်အောင် ပြောင်ပြောင်မြောက်မြောက် ထွန်းတောက်ခဲ့သည်။

သူ့ကျွန်ဘဝရောက်ခဲ့ရသော ကိုလိုနီခေတ်၌မူ မြန်မာစာပေသည် အားနည်းမှေးမှိန်ခဲ့ရသည်။ နိုင်ငံရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာသော ကိုလိုနီခေတ်နှောင်းပိုင်းကာလတွင်မူ မြန်မာစာပေသည် ပြန်လည်ဦးမော့လာခဲ့သည်။ မြန်မာစာရေးဆရာများ၏ စုစည်းမှုများလည်း ပေါ်ထွန်းလာခဲ့သည်။

**"စာပေပညာရှိကြီးများနှင့်တကွ ထူးချွန်သော အုပ်ချုပ်ရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပုဂ္ဂိုလ်များကိုပါ ချီးမြှောက်ထောက်ပံ့ခဲ့သည့် နတ်တော်လ ပွဲတော်အစဉ်အလာသည် အင်းဝခေတ်မှ ရတနာပုံခေတ်သို့တိုင်အောင် ပြောင်ပြောင်မြောက်မြောက် ထွန်းတောက်ခဲ့သည်။"**

၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် ပညာရေးဝန်ကြီး ဦးလှဝင်း၊ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက်ဦးခင်မောင်၊ ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ဦးကောင်း၊ သူရိယဦးသိမ်းမောင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန် စသော မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများ စုဝေးညှိနှိုင်း၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ စာရေးဆရာအသင်း ဖွဲ့စည်းပြီးနောက် လေးနှစ်မြောက်တွင်မှ စာဆိုတော်နေ့ကို သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ခရစ်နှစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာအချို့တို့ စုဖွဲ့ထားသော "ကလောင်အဖွဲ့" လေးသာရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ်စာရေးဆရာကြီး အိပ်ရှ် ဂျီ ဝဲလ် သည် မြန်မာနိုင်ငံသို့ အလည်လာရောက်စဉ် စာရေးဆရာများ စုပေါင်းကျင်းပသော ဧည့်ခံပွဲနှင့် စာရေးဆရာ ပီမိုးနင်းကွယ်လွန်သည့် ဈာပနကိစ္စတွင် စာရေးဆရာများ စုစည်းမိရာမှ ဒီးဒုတ်ဦးဘချိုခေါင်းဆောင်၍ စာရေးဆရာများအသင်းကို တည်ထောင်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မူလက "မြန်မာပြည်စာရေးဆရာများအစည်းအရုံး" ဟု ခေါ်တွင်ခဲ့ပြီး ဂျပန်ခေတ်တွင် "မြန်မာနိုင်ငံစာရေးဆရာများအသင်း"ဟူ၍ မှည့်ခေါ်ခဲ့ကြသည်။

ပြန်လည်ဖွဲ့စည်းသော ဂျပန်ခေတ် မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် ဥက္ကဋ္ဌမှာ သူရိယဦးသိမ်းမောင်ဖြစ်ပြီး ငွေထိန်းအဖြစ် ဒဂုန်ခင်ခင်လေး၊ အမှုဆောင်လူကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ ဒဂုန်ရွှေမျှား၊ ဇေယျ၊ ရွှေပိန်သောင်း၊ သခ်ိဳ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြို့မမောင်၊ မြန်မာ့ရုပ်ရှင်ဦးမောင်မောင်၊ ဆရာကျော်၊ ဆရာစိန်၊ မြဒေါင်းညို၊ ဇဝန၊ သုခ စသည်တို့ ပါဝင်ကြသည်။

ဂျပန်ခေတ်အလယ်ပိုင်းလောက်က ဗဟန်းကန်တော်ကြီးတစ်ဝိုက်တွင် လူနေအိမ်ခြေစည်ကားသော မြို့သစ်ကြီး တစ်မြို့ကဲ့သို့ ဖြစ်နေသည်။ ဝါးခနိုတို့ဖြင့် တည်ဆောက်ထားသော ပြဇာတ်ရုံကြီးများ၊ ရုပ်ရှင်ရုံကြီးများ၊ ပျော်ပွဲစားရုံကြီးများ၊ လက်ဖက်ရည်ဆိုင်များ၊ လူသုံးကုန်၊ စားသောက်ကုန်မျိုးစုံရောင်းချသော အိမ်ဆိုင်များ၊ ကုန်စိမ်းကုန်ခြောက်ပွဲရုံများ စသည်ဖြင့် ကြက်ပျံမကျ ကြိတ်ကြိတ်တိုး စည်ကားနေလေသည်။

စာရေးဆရာအသင်း၏ ပထမဦးဆုံးသော စာဆိုတော်နေ့ကို ရွှေဂုံတိုင်လမ်း ကုန်းမြင့်ပေါ်ရှိ ဒဂုန်ခင်ခင်လေးစာအုပ်တိုက် မျက်နှာစာရှိ မြက်ခင်းပြင်တွင် ကျင်းပခဲ့သည်။ စားပွဲရှည်နှင့် ကုလားထိုင်များ ခင်းကျင်းထားပြီး စာရေးဆရာအသင်း၏ အထိမ်းအမှတ်ဖြစ်သော ငှက်မွေးကလောင်အား ကိုင်နေသည့် လက်မည်းကြီးပုံကို ပင်ဖြူအဝတ်ရှည်ကြီးပေါ်တွင် ပန်းချီခြယ်သရေးသား၍ ကွမ်းသီးပင်နှစ်ပင်တွင် ဖြန့်၍ နောက်ခံကားချပ်ကြီးအဖြစ် ချည်နှောင်ဖော်ပြထားသည်။

ညနေ ၃ နာရီတွင် ဖိတ်ကြားထားသော ကြွရောက်လာကြသူ စာရေးဆရာများ၊ ဧည့်သည်တော်များအား ရေနွေးကြမ်း၊ ဘူးသီးကြော်၊ မုန့်စိမ်းပေါင်းတို့ဖြင့် ဒေါ်ဒဂုန်ခင်ခင်လေးက ဧည့်ခံကျွေးမွေးလေသည်။ ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ် နိုဝင်ဘာလ)တွင် ပထမဦးဆုံးသော စာဆိုတော်နေ့ကို ကျင်းပရာ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အမှာစကားများပြောကြားပြီး ရန်ကုန်၊ မန္တလေး စာရေးဆရာများက မြန်မာ့စာဆိုတော် အကျော်အမော်များဖြစ်ကြသော အနန္တသူရိယ၊ လက်ဝဲသုန္ဒရ၊ နတ်ရှင်နောင်၊ နဝဒေး၊ ဦးပေါ်ဦး၊ မမြကလေး၊ လှိုင်ထိပ်ခေါင်တင်၊ ဦးပုည၊ အချုပ်တန်းဆရာဖေ စသော ပုဂ္ဂိုလ်များ၏ စာပေဂီတ၊ ကဗျာများရွတ်ဆို၍ ချီးကျူးဂုဏ်ပြုကြခြင်းဖြင့် သမိုင်းဝင် ပထမဦးဆုံးသော စာဆိုတော်နေ့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းစာဆိုတော်နေ့ အခမ်းအနားပြီးဆုံးသည့် ညနေပိုင်းတွင် စာရေးဆရာများ၏ စာပေဟောပြောပွဲ၊ ကဗျာရွတ်ဆိုပွဲတစ်ရပ်ကို မြိုင်ရုံ၌ကျင်းပရာ စာပေဝါသနာရှင်များ၊ ပညာရှိပုဂ္ဂိုလ်ကြီးများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ ပူးပေါင်းတက်ရောက်ကြပြီး စာဆိုတော်ကြီးများ၏ ပြောင်မြောက်သော စာပေအရေးအသားတို့မှ ထုတ်နုတ်၍ ရွတ်ဆိုဂုဏ်ပြုခဲ့ကြသည်။ စာရေးဆရာသုခ၏ ဦးပုညဝိဇယပြဇာတ်မှ ထုတ်နုတ်ရွတ်ဆိုဂုဏ်ပြုသော သရုပ်ပြကဏ္ဍမှာ လူကြိုက်အများဆုံးဖြစ်ကာ နာမည်ကြီးခဲ့သည်။

၁၉၄၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၂ ရက်အထိ စာရေးဆရာအသင်းရန်ပုံငွေအတွက် ဝိဇယပြဇာတ်ကို မြိုင်ရုံ၌ တင်ဆက်ကပြခဲ့သည်။ ဝိဇယမင်းသားအဖြစ် စာရေးဆရာ သုခ၊ မယ်ကုဝဏ်အဖြစ် သီတာခင်ထွေး၊ ဝန်ကြီးများအဖြစ် မဟာဆွေ၊ ဒဂုန်ရွှေမျှား၊ ဆရာဟိန်နှင့် ဇဝနတို့က သရုပ်ဆောင်ကြသည်။ မုဆိုးအဖြစ် သတင်းထောက်ကိုချစ်ဦး၊ သိကြားမင်းအဖြစ် သခ်ိဳ၊ နတ်မင်းအဖြစ် ရွှေပိန်သောင်း၊ ဘီလူးမင်းအဖြစ် ဝဇီရာ၊ ရှင်ဘုရင်အဖြစ် သဇင်မြင့်တို့က ပါဝင်ခဲ့ကြသည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် စာရေးဆရာပြဇာတ်ကို စာဆိုတော်နေ့နှင့် တစ်ပြိုင်တည်း ကပြခဲ့ကြသည်။ ဒုတိယနှစ်တွင် စာရေးဆရာဇဝန ဇာတ်လိုက်လုပ်သည့် ဦးပေါ်ဦးပြဇာတ်ကို မြိုင်ရုံ၌ တင်ဆက်ခဲ့သည်။ မြိုင်ရုံမှာပင် နံနက်ပိုင်း စာဆိုတော်နေ့အခမ်းအနားကျင်းပ၍ ပြဇာတ်ကို မွန်းလွဲ ၂ နာရီမှ စတင်ကာ ကပြခဲ့ကြသည်။

နောက်ပိုင်းကာလများတွင် စာရေးဆရာပြဇာတ်ကို ရုံဖန်ရုံခါသာ ပြသနိုင်ခဲ့တော့သည်။ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ၊ စာပေဆုနှင်းသဘင်ပွဲများ၊ သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို နိုင်ငံတစ်ဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲ ကျင်းပလာခဲ့ကြသည်။ မျက်မှောက်ကာလတွင် စာဆိုတော်နေ့သည် လမြတ်နတ်တော်၏ အထင်ကရ အဓိကပွဲတော်ကြီးအဖြစ် ရောက်နေပြီဖြစ်ရာ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်သည်။

ယင်းစာဆိုတော်နေ့မှ ပေါက်ဖွားလာသော အသက် (၈၀) ကျော် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကြီးကို နှစ်စဉ်ကျင်းပနိုင်ခဲ့သည်မှာလည်း ပူဇာစပူဇနေယျာနံ ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဆင်ယင်ကျင်းပနိုင်ခြင်းဖြစ်ရာ အချိုပေါ်သကာလောင်းသကဲ့သို့ ထပ်ဆောင်းကာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

## နတ်တော်မာသ စာဆိုလ

❋ တောင်သူမြူးပျော်၊ ကောက်သစ်ပေါ်သည့်
နတ်တော်မာသ၊ စာဆိုလတည့်။

❋ မြင့်မြတ်တော်ဝင်၊ ပန်းသဇင်လည်း
ပျော်ရွှင်မြူးကြွ၊ ပွင့်တိုင်းလှ၏။

❋ ချစ်နှင်းမှုန်မှုန်၊ ဆောင်းငွေ့လုံ၍
လူ့ဘုံလောက၊ ချမ်းအေးမြ၏။

❋ သူငါဆင်နွှဲ၊ စာဟောပွဲလည်း
ခြိမ့်သဲကျင်းပ၊ စည်ကားလှ၏။

❋ ထူးချွန်စာဆို၊ မြတ်နိုးပို၍
ကြည်ညိုဂုဏ်ပြု၊ ဆုတွေချ၏။

❋ သက်ကြီးဂုဏ်တင်၊ စာဆိုရှင်ကို
နှစ်စဉ်ကျင်းပ၊ ပူဇော်ကြ၏။

❋ စာအုပ်စာပေ၊ လူ့မိတ်ဆွေတည့်
စာပေမြင့်မှ၊ တိုင်းပြည်လှ၏။

❋ စာအုပ်မျိုးစုံ၊ လူ့ကြေးမုံတည့်
စာစုံဖတ်မှ၊ စိတ်တိုင်းလှ၏။

❋ စာပေဂုဏ်မြောက်၊ ပလ္လင်ဆောက်မှ
ထွန်းတောက်ဝင်းပ၊ လူမျိုးလှ၏။

❋ လူမျိုးစုံစွာ၊ ပြည်မြန်မာဝယ်
စာပေချစ်ကြ၊ ကြိုးစားကြသော်
ဓနလည်းဖြိုး၊ ပညာတိုး၍
ကောင်းကျိုးဆယ်ဆ တိုးလိမ့်တကား။ ။

ပန်းတောင်းသန်းကြွယ်

## ပုဂံတွင် ပဉ္စမအကြိမ်မြောက် နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်း ၁၀ ကီလိုမီတာ၊ မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲကျင်းပ



**ညောင်ဦး နိုဝင်ဘာ ၂၆**
ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် နိုဝင်ဘာ ၂၅ ရက် နံနက်က ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် ပဉ္စမ အကြိမ်မြောက် နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်း ၁၀ ကီလိုမီတာ၊ မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲ (Bagan Temple Marathon)ကို ထီလိုမင်းလိုဘုရား အရှေ့ဘက်မုခ်ကွင်းပြင်၌ကျင်းပရာ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အလံအချက်ပြကာ စတင်တာလွှတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက်ပြိုင်ပွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ကြရာတွင် ၁၀ ကီလိုမီတာပြိုင်ပွဲ အမျိုးသားတွင် Mr. James Foreman (အင်္ဂလန်)က ပထမ၊ Mr. Reid Moorsmith (အမေရိကန်)က ဒုတိယ၊ Mr. Ryan Michael Fiene (အမေရိကန်)က တတိယ၊ ၁၀ ကီလိုမီတာပြိုင်ပွဲ အမျိုးသမီးတွင် Mrs. Georgia Gabriel (ဩစတြေးလျ) က ပထမ၊ Mrs. Lynsey Ross (အင်္ဂလန်) ကဒုတိယ၊ Mrs. Christine Clear(အိုင်ယာလန်)က တတိယဆုတို့ ရရှိကြသည်။

မီနီမာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Mr. Straume Fogliani Renato (အင်္ဂလန်)က ပထမ၊ ကြည်စိုး (မြန်မာ)က ဒုတိယ၊ နိုင်လင်းထွန်း(မြန်မာ) က တတိယ၊ မီနီမာရသွန်ပြိုင်ပွဲ (အမျိုးသမီး) တွင် Mrs. Brittany Louise Kirksey (အမေရိကန်)က ပထမ၊ Mrs. Simone Frei (အမေရိကန်)က ဒုတိယ၊ Mrs. Eloise Welfare (အင်္ဂလန်)က တတိယတို့ရရှိကြပြီး မာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Mr. Nicolai Eitzen (နော်ဝေ)က ပထမ၊ Mr.Lars Erik Svanholm (နော်ဝေ)က ဒုတိယ၊ Mr.Otmar Eisner (ဩစတြေးလျ)က တတိယ၊ မာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Mrs. Anni Vedel (ဒိန်းမတ်)က ပထမ၊ Mrs. Emily Louise Cambridge (နယူးဇီလန်)က ဒုတိယ၊ Mrs. Liesbeth Kanis (နယ်သာလန်)က တတိယဆုတို့ အသီးသီးရရှိကြသည်။

အဆိုပါပြိုင်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒိန်းမတ်နိုင်ငံ အခြေစိုက်Albatros ကုမ္ပဏီနှင့် Myanmar Voyages International Tourism ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ဒိန်းမတ်၊ အမေရိကန်၊ အင်္ဂလန်၊ အာရှနိုင်ငံများနှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ အားကစားသမား ၃၉၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ) ပြင်ပလူနာဌာန ဖွင့်လှစ်

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၂၆**
အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်း (ဗဟို- မန္တလေးရုံးခွဲ) ပြင်ပလူနာဌာန လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ် ၆၂လမ်း ဗန္ဓုလလမ်းနှင့် ခတ္တာလမ်းကြားတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာ ယုယုမေ တက်ရောက် အားပေးသည်။

ဆေးရုံသစ်ကို စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဒေါက်တာရဲလွင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်၊ Ms . GAIL MARZETTI နှင့် Mr. Orenn GINZBURG တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အဆောက်အအုံ ကြေးပြားကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်ပြီး မန္တလေးမြို့တော်ဝန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် 3MDG Fund မှ Ms.GAIL MARZETTI, Head of DFID Myanma နှင့် Mr.Orenn GINZBURG,Fund Director,3MDG တို့က ထောက်ပံ့ပေးရမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တီဘီပြင်ပလူနာဌာန အဆောက်အအုံနှင့် ပတ်သက်သော စာချုပ်နှင့် အချက်အလက်မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ပြီး အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း စီမံချက်မန်နေဂျာ ဒေါက်တာ စည်သူအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် ဝန်ကြီးများ၊ အလှူရှင်များက ဆေးရုံသစ်အတွင်း ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းများအတွင်းရှိ စက်များထားရှိမှုအခြေအနေများ၊ လူနာများအား ကုသပေးမည့်အခြေနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တီဘီရောဂါ တိုက်ဖျက်ရေး ပြင်ပလူနာဌာနကို ၂၀၁၆ ခုနှစ်တွင် 3MDG Fund ၏ အထောက်အပံ့ဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်က မန္တလေးတီဘီရောဂါ တိုက်ဖျက်ရေး ပြင်ပလူနာဌာနကို မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း ဖွင့်လှစ်၍ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် နှစ်စဉ် တီဘီဝေဒနာရှင်အသစ် ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၈ သန်းခန့် သေဆုံးနေကြောင်း ခံစားရသူအများစုမှာ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားပေးနိုင်သည့်အရွယ်တွင် ဖြစ်ပွားသည့်အတွက် ကုန်ထုတ်စွမ်းအား လျော့ပါးစေပြီး လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ ယခုအခါ တီဘီနှင့် အိတ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပေါ်လာခြင်း၊ ဆေးယဉ်ပါးသော တီဘီဝေဒနာရှင်များ ပိုမိုများပြားလာခြင်းတို့ကို ရင်ဆိုင်နေရကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများသာမက မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ လက်ထောက်ကျန်းမာရေး မှူးများအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ MANA, Pyi Gyi Khin, PSI, The Union,Cesvi တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုဖွင့်လှစ်လိုက်သည့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း (ဗဟို-မန္တလေးရုံးခွဲ) ပြင်ပလူနာကုသဌာနကြောင့် မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ တီဘီရောဂါ စစ်ဆေးကုသမှုခံယူမည့် လူနာများ အခမဲ့ကုသခွင့် ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

**ဝေဖြိုးအောင်(ပြန်ဆက်)**

## စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ အဆင့်မြင့်ပညာရေးပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**
မန္တလေးမြို့ ဖူချင့်ကွန်ဖြူးရှပ်စင်တာ (FITC) မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် တရုတ်နိုင်ငံ အဆင့်မြင့်ပညာရေးပြပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက လမ်း ၃၀၊ ၈၂ လမ်းနှင့် ၈၃လမ်းကြားရှိ ဖူကျင်ခန်းမအပေါ်ထပ်၌ ပြုလုပ်ခဲ့သည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးပိုမြင့်က ပညာရေးသည် နိုင်ငံတိုင်း၏ ရေသောက်မြစ်ပင်ဖြစ်၍ပညာရေး တိုးတက်မှ နိုင်ငံများလည်း တိုးတက်ဖွံ့ဖြိုးမှာဖြစ်သည့်အတွက် ယခုလို ပညာရေးနှင့်စပ်လျဉ်းသော အဆင့်မြင့်ပညာရေးပြခန်းများဖြင့် လာရောက်ပြသသည်ကို ထပ်ဆင့်၍ ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအနေဖြင့် ( FITC )နှင့် ပူးပေါင်း၍ တရုတ်ဘာသာစကားသင်တန်းများလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေကြောင်း၊ ဤကဲ့သို့ တရုတ်ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းမှာလည်း မြန်မာ-တရုတ် ချစ်ကြည်ရေးခိုင်မာမှု အစဉ်အဆက် တိုးတက်စေရန်အတွက်သာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် FITC ကျောင်းမှ ကျောင်းအုပ်ချုပ်ရေးနာယကအဖွဲ့ဥက္ကဋ္ဌ ဦးဖြူဝင်းနှင့် တရုတ်နိုင်ငံ ပြန်မြန်မာကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကျော်သန်းထွန်းတို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ထျန်ကျင်း တရုတ်တိုင်းရင်းဆေးတက္ကသိုလ်မှ တာဝန်ခံဆရာမကြီး Chu Lirong၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး ) မှ ဒုတိယပါမောက္ခချုပ် ဦးကျော်သိန်းဌွေးနှင့် ပြပွဲတွင် လာရောက်ပြသကြသော တက္ကသိုလ်များမှ တာဝန်ရှိသူများက မိမိတို့တက္ကသိုလ်၏ ပညာရေးအဆင့်မြင့်တင်ထားမှု အခြေအနေများကို ရှင်းပြသည်။

ထို့နောက် တရုတ်နိုင်ငံမှ လာရောက်ပြသကြသော ဟွာချောင် တက္ကသိုလ်၊ ထျန်ကျင်း တရုတ်တိုင်းရင်းဆေးတက္ကသိုလ်၊ ရှန်ဟိုင်းအိုးရှင်းတက္ကသိုလ်၊ တုန်းဟွာတက္ကသိုလ်၊ ရှန်ဟိုင်းတက္ကသိုလ်၊ ပေဟွာတက္ကသိုလ်၊ ယူနန်တက္ကသိုလ်နှင့် ရှန်ဟိုင်းလိုရှင်စီးပွားရေးတက္ကသိုလ်များမှ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**(၀၀၂)**

## မန္တလေးတွင် အမျိုးသမီးများ လမ်းလျှောက်ပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MEGA ဆေးကုမ္ပဏီ Ferrovit သံဓာတ်ဖြည့် အားဆေးတို့ပူးပေါင်း၍ မန္တလေးမြို့တွင် ပထမအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၅ နာရီက စတင်ကျင်းပသည်။

အဆိုပါလမ်းလျှောက်ပွဲကို အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် စုရပ်အဖြစ်ထားရှိပြီး မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နံနက် ၆ နာရီတွင် စတင်တာလွှတ်ကာ ၆၆ လမ်းအတိုင်း မြောက်ဘက် ၁၉ လမ်းအထိ၊ ၎င်းမှ လမ်းလယ်ကျွန်းအားပတ်ကာ ၆၆ လမ်းအတိုင်း တောင်ဘက် ၂၆ လမ်းအထိ၊ ၎င်းမှ လမ်းလယ်ကျွန်းကိုပတ်ကာ ၆၆ လမ်း အရှေ့ဘက်ခြမ်းမှ အမျိုးသားကဇာတ်ရုံအထိ သုံးကီလိုမီတာ အကွာအဝေးအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

အမျိုးသားကဇာတ်ရုံတွင် အာဟာရဆိုင်ရာ ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းမြင့်က ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ သရုပ်ဆောင် ချစ်သုဝေ၊ တင်မိုးလွင်နှင့် တေးသံရှင် ဇေယျတို့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေကြသည်။

လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများကို အင်္ကျီနှင့် ဦးထုပ်များ၊ အမှတ်တရ ဆုတံဆိပ်များ ပေးအပ်ခြင်း၊ ပြည်သူ့ကျန်းမာရေးဌာနမှ သွေးအတွင်း သံဓာတ်အားနည်းခြင်း ရှိ-မရှိ အခမဲ့စစ်ဆေးပေးသည်။ အထူးအစီအစဉ်အဖြစ် အသက် ၆၀ အထက်နှင့် ၁၀ နှစ်အောက် လမ်းလျှောက်သူများအား အထူးလက်ဆောင်များ ချီးမြှင့်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အမရပူရနန်းမြို့ဟောင်း သမိုင်းဆိုင်ရာအချက်အလက်နှင့် အဆောက်အအုံများစာရင်း ကောက်ယူ၍ မှတ်တမ်းထုတ်ဝေမည်

**အမရပူရ နိုဝင်ဘာ ၂၆**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရနန်းမြို့ဟောင်းနှင့် သက်ဆိုင်သည့် ရှေးဟောင်းအဆောက်အအုံများနှင့် သမိုင်းဆိုင်ရာ အချက်အလက်များကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ကောက်ယူ၍ မှတ်တမ်းပြုစု ထုတ်ဝေသွားမည်ဖြစ်ကြောင်း ၎င်းဌာနမှ သိရသည်။

အဆိုပါ စာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းတွင် စတင်လုပ်ဆောင်ခဲ့ရာ သမိုင်းအထောက်အထားအရ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံ ၆၅ ခုနှင့် ပတ်ဝန်းကျင်တွင် ဆက်စပ်လျက်ရှိသည့် သမိုင်းအထောက်အထားများလည်း ကောက်ယူသွားမည်ဖြစ်သည်ဟု ၎င်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က ပြောသည်။

"ရည်ရွယ်ချက်က အမရပူရနန်းမြို့တော်ဟောင်းနဲ့ ပတ်သက်တဲ့ သမိုင်းစာအုပ်ထုတ်ဝေဖို့ပါ၊ စာအုပ်မှာ ဘုရား၊ စေတီနဲ့ အဆောက်အအုံ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်တွေပါမယ်၊ ဓာတ်ပုံတွေလည်းပါမယ်၊ ယဉ်ကျေးမှု အမွေအနှစ်တွေကို ဖော်ထုတ်တာပါ၊ ပတ်ဝန်းကျင်ဆက်စပ်တဲ့ နေရာတွေရဲ့ အချက်အလက်တွေပါ ကောက်ယူမယ်၊ ဒီလုပ်ငန်းတွေက ကျွန်တော်တို့ ဌာနရဲ့ တာဝန်တွေပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် သမိုင်းကြောင်း အချက်အလက် စုဆောင်းခြင်း အဆူ ၂၀၊ အတိုင်းအတာ ကောက်ယူမှု ၂၅ ဆူနှင့် ပုံဖော်ရေးဆွဲခြင်း ၁၅ ဆူတို့ ဆောင်ရွက်ပြီးနေပြီဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ အမရပူရနန်းမြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းအထောက်အထားများကို ဖော်ထုတ်ကာ စာအုပ်ထုတ်ဝေခြင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် ခရီးစဉ်ဒေသသစ်များ ပေါ်ထွက်လာမည် ဖြစ်ကြောင်း သိရသည်။

"အမရပူရနဲ့ ဆက်စပ်တဲ့နေရာတွေအပြင် သူနဲ့ နီးစပ်ရာဖြစ်တဲ့ သပြေတန်းခံတပ်တို့၊ ရွှေကြက်ယက်ဘုရား စတဲ့နေရာတွေလည်း ကောက်ယူမှာပါ။ အမရပူရကို ခေတ်တစ်ခေတ်အနေနဲ့ တင်စားပြီး ယဉ်ကျေးမှု ဖော်ထုတ်တဲ့အတွက် ခရီးသွားနေရာသစ်တွေ ပေါ်ပေါက်လာပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမရပူရမြို့တော်ကို ဘိုးတော် ဗဒုံမင်းက မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တပို့တွဲလဆန်းတွင် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော်ဟူ၍ ခုနစ်ဌာနကို လေးလအတွင်း တစ်ပြိုင်တည်း အပြီးတည်ဆောက်ခဲ့သည့်အပြင် မြို့ထောင့် လေးခုတွင်လည်း မြို့ထောင့် စေတီတော်များ တည်ထားခဲ့ပြီး ဘုရားနန်းမြို့တော်ကို မြနန်းဘုံစံနှင့် ရွှေနန်းတော်ကို အောင်နန်းစံရာဟူ၍ အမည်ပေးကာ အင်းဝနေပြည်တော်မှအမရပူရသို့ ပြောင်းရွှေ့နန်းစံခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းဈေးကွက်တွင် ပေါ်လာသော Toyota Vios ယာဉ်တွင်ပါဝင်သည့် စွမ်းဆောင်မှုနှင့် အချက်အလက်အချို့

**ရန်ကုန် နိုဝင်ဘာ ၂၆**
မြန်မာနိုင်ငံ ပြည်တွင်းကားဈေးကွက်တွင် စတင်ဝယ်ယူရရှိနိုင်ပြီဖြစ်သော Toyota ၏ Vios မော်ဒယ် ကားအမျိုးအစားသစ်တွင် ပါဝင်သည့် စွမ်းဆောင်မှုနှင့် မဝယ်ယူမီ သိသင့်သော အချက်အလက်အချို့ကို ဖော်ပြပေးလိုက်ခြင်း ဖြစ်သည်။

ဒီဇိုင်းပိုင်းဆန်းသစ်သည့်ပုံစံဖြင့် ရှေ့မီးကြီးများနှင့် နေ့ဘက်အချိန်အသုံးပြုနိုင်သော မီးများပါဝင်ပြီး ကားအတွင်းပိုင်း ပိုမိုကျယ်ဝန်းလာသည့်အပြင် သက်သောင့်သက်သာရှိစေမည့် အနောက်ဘက်ထိုင်ခုံများတပ်ဆင်ပေးထားသည်။ ဒေသတွင်းလမ်းများတွင် မောင်းနှင်ရာအနေအထား ကိုက်ညီမှုရှိစေရန် ၁ ဒသမ ၃ လီတာ ဓာတ်ဆီအင်ဂျင်နှင့် အဆက်မပြတ်ပြောင်းလဲထိန်းချုပ်နိုင်သည့် ဂီယာစနစ် (CVT) ကဲ့သို့ လုပ်ဆောင်ချက်များ ပါဝင်သည်။ အသစ်ထပ်မံပေါင်းစပ်ထားသော ယာဉ်တည်ငြိမ်မှုထိန်းချုပ်ခြင်းစနစ် (VSC)၊ ကုန်းတက်ကုန်းဆင်းများတွင် ကူညီထိန်းချုပ်ပေးနိုင်မည့် HAC စနစ်နှင့် SRS လေအိတ်ခုနစ်လုံးပါဝင်ပြီး ဘေးကင်းလုံခြုံရေးအတွက် အဆင့်မြင့်နည်းပညာနှင့် စက်ပစ္စည်းများတပ်ဆင်ပေးထားသည်။

မော်တော်ယာဉ်၏ ဆူညံမှုကို အဆင့်မြင့်ကားများနှင့် နှိုင်းယှဉ်နိုင်ရန် လျှော့ချပေးထားပြီး နည်းပညာမြင့်ဒိုင်ခွက်၊ သတင်းအချက်အလက်နှင့် သတိပေးချက်များပြသပေးသော မျက်နှာပြင်ပါဝင်ကာ အလိုအလျောက် လေအေးပေးသည့် စနစ်ကိုလည်း ထည့်သွင်းပေးထားသည်။ ဘရိတ်ဖြုတ်စနစ် (ABS)၊ ဘရိတ်ကူဖမ်းပေးသောစနစ် (BA)၊ ဘီးများပေါ်တွင် သက်ရောက်အားများကို ထိန်းညှိပေးသည့်စနစ်၊ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ပါကင်ထိုးခြင်းနှင့်ပက်သက်သည့် အာရုံခံကိရိယာများနှင့် လျှပ်စစ်ပါဝါစတီယာရင် (EPS) များ ပါဝင်သည်။

အဆိုပါ Toyota Vios မော်ဒယ်ကားသစ်တွင် အဆင့်မြင့် G အမျိုးအစားနှင့် အခြေခံ J အမျိုးအစားဟူ၍ နှစ်မျိုးရွေးချယ်နိုင်ပြီး တန်ဖိုးမှာ G အမျိုးအစားကို ဒေါ်လာ ၂၁၈၀၀ နှင့် J အမျိုးအစားကို ဒေါ်လာ ၁၈၂၀၀ သတ်မှတ်ထားပြီး အရောင်ရှစ်မျိုးအထိရွေးချယ်နိုင်ကာ ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ကြီးများရှိ တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ALEX



# ပုပ်ရဟန်းမင်းကြီးခရီးစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**
ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်ပြီး လေးရက်ကြာနေထိုင်သွားမည့် ခရီးစဉ်နှင့်ပတ်သက်၍ MITV၊ SKY Net (Uptodate) Channels တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ရောက်ရှိလာခြင်းကို လေဆိပ်၊ ကိုးမိုင်၊ ခုနစ်မိုင်၊ အင်းယားကန်(တံတားဖြူ)၊ ပြည်သူ့ရင်ပြင်၊ ဗိုလ်ချုပ်လမ်း အစရှိသည့် နေရာများတွင် ကြိုဆိုရေးအဖွဲ့များဖြင့် ကြိုဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ ရောက်ရှိသည့်ခရီးစဉ်အတွင်း သမ္မတဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ကက်သလစ်ဘာသာဝင်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်း၌ ပရိသတ်များနှင့်အတူ မစ္ဆားပူဇော်ဝတ်ပြုဆုတောင်းခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"လုံခြုံရေးကို တင်းကျပ်ထားမှာပါ။ ဘုရားဝတ်ပြုပွဲတော်ဖြစ်တဲ့အတွက် တိတ်တိတ်ဆိတ်ဆိတ်နေပေးကြဖို့၊ သပ်သပ်ရပ်ရပ်ဝတ်ပေးကြဖို့ ပြောချင်ပါတယ်၊ တချို့က သရုပ်ပျက်အဝတ်အစားတွေ၊ အကျီလက်ပြတ်တွေ ဝတ်လာရင် လူအများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေမှာဖြစ်တဲ့အတွက် အဲဒီအချက်တွေကို မေတ္တာရပ်ခံပါတယ်"ဟု ပြန်ကြားရေးတာဝန်ခံ ဖယ်သာရ်မာရီယာနိုစိုးနိုင်က ပြောသည်။

ပုပ်ရဟန်းမင်းကြီးခရီးစဉ်နှင့် ပတ်သက်၍ ပြည်တွင်းပြည်ပသတင်းမီဒီယာများ ဆောင်ရန်ရှောင်ရန် စည်းကမ်းချက်များကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်း-ဓာနည်မောင်**
**ဓာတ်ပုံ-အေးမင်းသူ**



# မွန်ပြည်နယ်၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသနေပြည်သူများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပေးရေး လူမှုအကျိုးပြုအစီအစဉ်တွင် ပါဝင်နိုင်မည်

အူရီဒူးမြန်မာမှ လူမှုအကျိုးပြု အစီအစဉ်ကို မြန်မာနိုင်ငံအတွင်းရှိ နေရာသုံးခုတွင် ထပ်မံ ပြုလုပ်သွားမည်ဟုသိရပြီး ဒေသတွင်း လူထု၏ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးလိုသော ရည်ရွယ်ချက်ဖြင့် ယခုအစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ပြည်သူလူထုအတွက် ကောင်းမွန်သည့် ပြောင်းလဲမှုများ ဖော်ဆောင်ပေးနိုင်ရန်အတွက် အူရီဒူး၏ဝန်ဆောင်မှု အသုံးပြုသော ဒေသခံပြည်သူများကို ပူးပေါင်းပါဝင်ခွင့်အား တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ပေးနိုင်ရန်အတွက် အူရီဒူးသုံးစွဲသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်မိုဘိုင်းဖုန်းကိုမဆို ဖုန်းခေါ်ဆိုလိုက်သည်နှင့် ဖုန်းခေါ်ဆိုသည့် မိနစ်တိုင်းအတွက် အူရီဒူးက ၎င်း၏ဝင်ငွေထဲမှ တစ်ကျပ်ကို တိုက်ရိုက် လှူဒါန်းပေးသွားမည်ဖြစ်ပြီး ၎င်းလူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်၏ ကြာမြင့်ချိန်မှာ ၃ လဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်မှ စတင်ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အူရီဒူးဆင်းကတ်ကို အသုံးပြုပြီး ဖုန်းခေါ်ဆိုသည့် မိနစ်တိုင်းအတွက် အူရီဒူးမှ ၎င်းတို့ဒေသအတွင်းရှိ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးရန် လှူဒါန်းပေးသွားမည်ဖြစ်သည် ဟု ဆိုသည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Vikram Sinha က "ကျွန်တော်တို့ဟာ သုံးစွဲသူတွေရဲ့လိုအပ်ချက်တွေကို ပြည့်မီဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်ပေးသွားဖို့ ဆန္ဒအပြည့်အဝရှိပါတယ်။ ဒါဟာဆိုရင် စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားတဲ့မူအရ လိုင်စင်ရရှိထားတဲ့အတွက် လုပ်ပေးရတဲ့ တာဝန်တစ်ခုထက်ပိုပြီး လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျေးလက်ဒေသနေ ပြည်သူတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးလုပ်ပေးဖို့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' အစီအစဉ်၏ ပထမအဆင့်ကို မကွေးတိုင်းဒေသကြီးမှာ စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့အနေဖြင့် သုံးစွဲသူများထံမှ အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်မှုတွေကို တွေ့ရှိရပါတယ်။ အဲဒီရလဒ်ဟာဆိုရင် ကျွန်တော်တို့ရဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေ လုပ်ဆောင်ပေးရတာကို ပိုပြီးအားတက်စေခဲ့ပါတယ်။ ၎င်းဒေသတွေမှာ အောင်မြင်မှုအပေါ်မူတည်ပြီး ကျွန်တော်တို့အနေဖြင့် အူရီဒူးရဲ့ လူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်ကို မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ပြည်သူလူထုရဲ့ လူနေမှုဘဝတွေ ပြီးပြည့်စုံစေနိုင်ဖို့အတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ALEX

❐

# ငမိုးရိပ်ဆည်မှ ဒီဇင်ဘာလ ဒုတိယပတ်တွင် နွေစပါးရေ စတင်ပေးဝေမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**
ယခုနှစ် မိုးရာသီ မိုးရွာသွန်းမှုကောင်းသဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံနှင့် အကူတမံများဖြစ်သော ပေါင်းလင်းတမံ၊ မဟူရာတမံတို့တွင် ရေဧကပေ ၃၅၀၀၀၀ သိုလှောင်နိုင်ခဲ့ကြောင်း သိရသည်။ ယင်း သိုလှောင်ရေပမာဏ ဧကပေ ၃၅၀၀၀၀ အနက် ဧကပေ ၉၀၀၀၀ကို ရန်ကုန်မြို့တော် စည်ပင်ရေရယူသုံးစွဲမှုအတွက် သောက်သုံးရေအဖြစ် ပေးဝေသွားမည်ဖြစ်ပြီး ကျန် ဧကပေ၂၆၀၀၀၀ ဖြင့် နွေစပါးဧက ၅၀၀၀၀ အတွက် ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငမိုးရိပ်ရေလှောင်တမံမှ ဆည်ရေဖြင့် ငမိုးရိပ်တူးမြောင်းမကြီး အလျား ၁၅ မိုင်၊ လက်ဝဲတူးမြောင်းအလျား ၂၃ မိုင်၊ လက်ယာတူးမြောင်းအလျား ၁၇ မိုင်၊ လက်တံမြောင်းခွဲပေါင်း ၉၀ ဖြင့် လာမည့် ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ နွေစပါးစိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆည်ရေဖြင့် ယခင်နှစ်တွင် နွေစပါး ၂၄၄၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်တွင် ဧက ၂၈၅၅၀ စိုက်ပျိုးရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လျာထားကြောင်း သိရသည်။

"ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မြောင်းပေါင်ရှင်းလင်းခြင်းနှင့် တူးမြောင်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ဒီဇင်ဘာ ၁၅ ရက်မှာ ငမိုးရိပ်ရေလှောင်တမံကနေ စိုက်ပျိုးရေ ပေးဝေတော့မှာဖြစ်တဲ့အတွက် တောင်သူလယ်သမားကြီးများအနေနဲ့လည်း အခုကတည်းက မြေပြင်ထားကြဖို့ ကြိုတင်မှာကြား နှိုးဆော်ချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

တူးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် နွေစပါးအောင်ရေလုံလောက်စွာ ရရှိစေရေး၊ တောင်သူလယ်သမားများ နွေစပါးအောင်မြင်စွာ စိုက်ပျိုးနိုင်စေရေးအတွက် ချုံမြက်များ ရှင်းလင်းခြင်းကို ဌာနလုပ်သားများဖြင့်လည်းကောင်း၊ မြောင်းပေါင်ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့်လည်းကောင်း နွေစပါးစိုက်ပျိုးချိန်အမီ ရေပေးဝေနိုင်ရန် ဒီဇင်ဘာ ၁၀ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ဆည်ရေစတင်ပေးဝေမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည့် ဆိုင်းဘုတ်များ၊ တူးမြောင်းအလိုက် ဆည်ရေပေးဝေမည့် ဝန်ထမ်းများ၏ အမည်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖုန်းနံပါတ်များ ဖော်ပြထားသည့် အသိပေးဆိုင်းဘုတ် စိုက်ထူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆည်ရေလုံလောက်စွာပေးနိုင်မှုအပေါ် လယ်သမားများအနေနှင့် စိတ်ချလက်ချ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**


နွေစပါးအတွက် ကန်ရေပြည့်သိုလှောင်ထားသည့် ရန်ကုန်တိုင်းဒေသကြီးရှိ ငမိုးရိပ်ရေလှောင်တမံအား တွေ့ရစဉ်ပုံ။

# ဒေါက်တာသန်းထွန်းလွန် ၁၂ နှစ်

**ဆူးငှက်**



သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း။

ကျွန်တော်က မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကို ၁၉၇၅-၇၆ စာသင်နှစ်မှ ရောက်သည်။ ဒါတောင် ကံကောင်းထောက်မစွာဖြင့် တက္ကသိုလ်သို့ ပထမနှစ်ကတည်းက တက်ခွင့်ရသည့် ပညာရေးစနစ်ကို မီလိုက်၍ ဖြစ်သည်။ ကျွန်တော်တို့ နောက်နှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးပါက မန္တလေးမြို့လယ်ကောင် ယခင် ကဥ္စဏနှင့် နန်းကေသီ အမျိုးသမီးဆောင်များနှင့် ယခင် ဖားသားလဖုန်း (အ. ထ. က-၁၄) ကျောင်းဝင်းများနှင့် နန်းရှေ့ ယခင်ပွဲကုန်းကျောင်းနေရာများတွင် မန္တလေးတိုင်းဒေသကြီး ဒေသကောလိပ်ဟု ဖွင့်လှစ်ပြီး ထိုဒေသကောလိပ်မှာ နှစ်နှစ်နေပြီးမှ တက္ကသိုလ်သို့ ဆက်တက်ခွင့်ရသည်။

**နာမည်ကျော် ဆရာကြီးများကို တွေ့မြင်လိုလှခြင်း**

တက္ကသိုလ်သို့ တက်ခွင့်ရပြီဆိုကတည်းက စိတ်ထဲမှာ ချဉ်ခြင်းတက်နေတာက တက္ကသိုလ်အဝန်းအဝိုင်းနှင့် စပ်ဟပ် သက်ဆိုင်သော နေထိုင်ခြင်း အနုပညာနှင့် တက္ကသိုလ်မှ နာမည်ကျော် ဆရာကြီးများကို တွေ့မြင်လိုလှခြင်း ဖြစ်သည်။ ဝတ္ထုတွေထဲက တက္ကသိုလ်သည် လွမ်းဆွတ်ဖွယ်ကောင်းလှ၏။ ဆွတ်ပျံ့ဖွယ် ကောင်းလှ၏။ ရဲရင့် တက်ကြွဖွယ် ကောင်းလှ၏။ ဂုဏ်ယူအားတက်ဖွယ် ကောင်းလှ၏။ ကိုယ်ကိုယ်နှိုက်က စာပေအနုပညာမှာ ဝါသနာ အထုံပါခဲ့တော့ တက္ကသိုလ်က ပညာရှင်ကြီးများထံ စာပေအနုပညာဆိုင်ရာ အဆိုအမိန့်၊ အသင်အကြားများကိုလည်း နာယူလိုလှ၏။ ဆရာဒဂုန်တာရာ၏ စာများနှင့် ဆရာသိန်းဖေမြင့်၏ စာများအပေါ် နှစ်ဝင်စွဲလမ်းမှုကြောင့် တက္ကသိုလ် ပရဝဏ်အတွင်းက အနီရဲရင့်ရင့် ဗုဒ္ဓသာသနံ အပွင့်များကို လေးစားကြည်ညိုနေမိသည်။ ရင့်ကျက်တည်ငြိမ်သော ဘွဲ့နှင်းသဘင်ခန်းမနှင့် အားမာန်၏ လက္ခဏာ သစ်ပုပ်ပင်တို့ကို ဦးညွတ်နေမိသည်။

သို့သော် မိမိ၏ တက္ကသိုလ်ဝင်အောင်စာရင်း အမှတ်အရ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှာပဲ တက်ရမည်လေ။ ကိစ္စမရှိ။ တမာလမ်း၊ ရေနီမြောင်းနှင့် အဓိပတိဆောင်၏ တိုင်လုံးကြီးများနှင့် ခံ့ထည်သည့် မန္တလေးတက္ကသိုလ်ကိုလည်း ရှေးရှေးက မျိုးဆက်များ၏အသီးသီးသော ဂုဏ်ရည်ဖြင့် လေးစားမြတ်နိုးစိတ် အပြည့်အလျှံရှိခဲ့ပါ၏။ မန္တလေးတက္ကသိုလ်မှာ (ထိုစဉ်က) ပါမောက္ခ ဦးနက်ရှိသည်။ ဒေါက်တာ ဘကြည်ရှိသည်။ ဦးသိန်းမောင်ရှိသည်။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)ရှိသည်။ ဦးဆန်းထွန်း(မန်းတက္ကသိုလ်) ရှိသည်။ ရုက္ခဗေဒ ဒေါက်တာသန်းထွန်း ရှိသည်။ သမိုင်း ဒေါက်တာသန်းထွန်း ရှိသည်။ ကဲ ဘာလိုသေးသနည်း။

**မန်းတက္ကသိုလ် ကလောင်ရှင်များအသင်း**

တကယ်တော့ မန္တလေးတက္ကသိုလ်နှင့် ပတ်သက်၍ ရှေးရှေးက အတွေ့အကြုံများမှာ မန်းတက္ကသိုလ် ကလောင်ရှင်များအသင်းမှ ထုတ်ဝေသော ကဗျာစာအုပ်များထဲက ဖတ်မှတ်လွမ်းဆွတ်၊ အားတက်ခဲ့ရသော စာတွေ့များပဲ ဖြစ်ပါ၏။

တက္ကသိုလ်မတက်ခင်က စာအုပ်တွေဖတ်ပြီး တက္ကသိုလ်ရောက်ရင် ပညာတွေ ဆည်းပူးလိုက်မယ်။ ပညာရှိဆရာကြီးများထံ ဆည်းကပ်လိုက်မယ်။ ပခုံးပြောင်းတာဝန်တွေ ယူလိုက်စမ်းမယ်ဟူသော အတွေးတွေက တကယ်တမ်း တက္ကသိုလ်တက်တော့ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ပြီ။

> ဆရာကြီး ဒေါက်တာသန်းထွန်းတို့ လက်ဖက်ရည်ဆိုင်ထိုင်မည့်အချိန်ကို မျှော်နေမိသည်။ ဆရာတို့ ရောက်လာလျှင် ဝမ်းမြောက်သွား၏။ ဆရာတို့ ဘာစကားပြောမလဲဆိုတာ အငမ်းမရ နားစွင့်မိသည်။ နားစွင့်မိသလို ပြောသော စကားများကလည်း အဖိုးတန် စိတ်ဝင်စားစရာတွေ . . .

မနက် ကျောင်းမသွားမီ ဆေးရုံကြီးရှေ့က စိန်မြင်းမိုရ်လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ကျောင်းရောက်တော့ အတန်းထဲ မျက်နှာပြရုံ၊ စတိမှတ်ပြီး မိန်းအနောက်ဘက်က မငွေးမာတို့ 'ချိုကြီး' လက်ဖက်ရည်ဆိုင်ကို ရောက်ကြသည်။ မနက် ၉ နာရီလောက်က ထိုင်လိုက်တာ မွန်းလွဲ ၁ နာရီကျော်မှ ထကြသည်။ အပြန် မင်္ဂလာလမ်းက သီတာဦးမှာ ဝင်ထိုင်ကြတာ ညနေစောင်းရော၊ ညနေ အိမ်ပြန်၍ ထမင်းစားသောက်ပြီး ညပိုင်းအလင်းဆိုင်တစ်ဆိုင်မှာ ထပ်ထိုင်ကြတာ သန်းခေါင်မှ ပြန်ကြတော့၏။

ဤသို့ လက်ဖက်ရည်ဆိုင်တွေမှာ မိုးလင်းမိုးချုပ် ထိုင်ကြရင်းမှ ကျွန်တော် ဆရာကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်း**

ပင်မဆောင်အနောက်ဘက် မငွေးမာတို့ ချိုကြီးကဖေးက လူမစည်လှ။ အလွန်ဆုံးရှိလှ နှစ်ဝိုင်း၊ သုံးဝိုင်းပဲ ဖြစ်သည်။ ကျွန်တော်တို့ဝိုင်းက ပင်တိုင်ပေါ့။ ကျောင်းသားဝိုင်းက ကျွန်တော်တို့ပဲရှိသည်။ ကျန်ဝိုင်းတွေက ဆရာတွေ ဖြစ်သည်။ အလွန် သဘောထားပြည့်ဝ၍ အပြန်အလှန် လေးစားမှုဖြင့် တပည့်များအပေါ် နားလည်ပေးသော ဆရာများမို့ပေါ့။ အတန်းတက်ချိန်ရောက်တိုင်း လက်ဖက်ရည်ဆိုင်မှာချည်း တွေ့နေရသော တပည့်များအပေါ် အလိုလိုက်လွန်းလှသည်။

ထိုဆရာများဝိုင်းတွင် မနက်ပိုင်း ၁၁ နာရီဝန်းကျင် ရောက်လာတတ်သော ဆရာများတွင် သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းက ဦးဆောင်လာသည်။ ဆရာ၏ လက်ထဲမှာ စာအုပ်၊ စာတမ်း၊ စာရွက်ထပ်များ အမြဲတမ်း မပါမဖြစ် ပါလာတတ်၏။ ဆရာကြီးဘေးမှာ ဆရာလေးတွေ သုံးဦး၊ လေးဦး လိုက်ပါလာသည်။ ဆရာကြီးက လက်ဖက်ရည်ဆိုင် စားပွဲမှာ စာတမ်းများ၊ စာအုပ်များကိုဖွင့်ပြီး အလုပ်လုပ်ချင် လုပ်သည်။ အလုပ်လုပ်သည် ဆိုသော်လည်း စာအကြောင်း၊ ပေအကြောင်း ဖွယ်ဖွယ်ရာရာတွေကို သူ့တပည့် ဆရာများနှင့် ပြောတတ်၏။

ကျွန်တော်တို့နှင့် စားပွဲချင်းယှဉ်လျက် နေရာမှာချည်း ဆရာတို့က ထိုင်သည်မို့ ဆရာတို့ စကားတွေကို သဲသဲကွဲကွဲ အမြဲကြားနေရသည်။

**သမိုင်းကို ဒိုင်ယာလစ်တစ်အမြင်နဲ့ရေးမလား**

လက်ဖက်ရည်ဆိုင်မှာ ပြောသော ဆရာ့စကားတွေက သမိုင်းဆိုင်ရာတွေ၊ သုတေသနတွေမဟုတ်။ ဆရာဒဂုန်တာရာ၏ "လေနုအေးက နော့နေဆဲကို" ဟူသော အရေးအသားနှင့် ကဗျာများအကြောင်း။ တစ်နေ့မှာတော့ ဆရာက ဗန်းမော်တင်အောင်၏ "ကိုလိုနီခေတ် ဗမာ(မြန်မာ) နိုင်ငံသမိုင်းစာအုပ်နှင့် ပတ်သက်၍ သူ့အမြင်ကို ပြောပြနေ၏။ "ဗန်းမော်တင်အောင်က သမိုင်းကိုရေးပြီဆိုတော့ ဒိုင်ယာလစ်တစ်အမြင်နဲ့ ရေးမလားလို့ အတော်မျှော်လင့်မိတယ်ဗျ"ဟူသော စကားများကို ကျွန်တော် အလွန် စိတ်ဝင်စားသွားသည်။ ဤသို့ဖြင့် နံနက်တိုင်း "ချိုကြီး" ကဖေးမှာထိုင်ရင်း ဆရာကြီး ဒေါက်တာသန်းထွန်းတို့ လက်ဖက်ရည်ဆိုင် ထိုင်မည့်အချိန်ကို မျှော်နေမိသည်။ ဆရာတို့ ရောက်လာလျှင် ဝမ်းမြောက်သွား၏။ ဆရာတို့ ဘာစကား ပြောမလဲဆိုတာ အငမ်းမရ နားစွင့်မိသည်။ နားစွင့်မိသလို ပြောသော စကားများကလည်း အဖိုးတန် စိတ်ဝင်စားစရာတွေချည်း။ ညိုမြနှင့် တောင်သမန်အကြောင်း၊ မြသန်းတင့်နှင့် "ဆက်၍ ရေးချင်သော ဝတ္ထုများ အကြောင်း"၊ "ဇင်၊ နိုး၊ ကြူး" ကဗျာ ဝါဒအကြောင်း။ ဗန်းမော်တင်အောင်နှင့် "တော့၊ ကာ၊ သာ၊ ဘဲ၊ ရယ်၊ နဲ့" အကြောင်း၊ မောင်လေးအောင်၏ "ပညာတတ်ကြိမ်လုံး အကြောင်း"။ ထို့နောက် အထက်ဗမာ(မြန်မာ)နိုင်ငံ စာရေးဆရာအသင်း၏ စာတမ်းများအကြောင်း။

**ဒီဘုရားက ဘယ်လိုတွေ့တာလဲ**

ကျွန်တော်က ဆရာတို့ဝိုင်းမှ ဆရာဦးဆောင်ပြောသော စကားများကို နားစွင့်ပြီး သိချင်သောစာတွေ ရှာဖွေဖတ်ဖြစ်သည်။ ၁၉၇၅ မှသည် ၁၉၇၉ ထိ လေးနှစ်၊



တောင်လေးလုံးမှာ ကျင်းပတဲ့ ဆရာကြီးရဲ့မွေးနေ့ပွဲ

လေးမိုးတိုင် မန္တလေးတက္ကသိုလ်မှာ နေခဲ့ပြား ဆရာနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ဖူးသည်က တစ်ကြိမ်တစ်ခါပဲ ဖြစ်သည်။ မုံရွာမှရသော အုတ်ခွက်ဘုရားတစ်ဆူကို ဆရာ့ထံပေးပို့ကာ ခေတ်ကာလ အခြေအနေ မေးမြန်းစူးစမ်းခြင်း ဖြစ်သည်။ ဆရာ့ရုံးခန်းထဲမှာက အဲလို အုတ်ခွက်ဘုရားတွေက အများအပြား အပုံအပင်။

ခင်ဗျား ဒီဘုရားက ဘယ်လိုတွေ့တာလဲ။ ဘုရားအုတ်တံတိုင်းထဲ ဘယ်နေရာမှာ တွေ့တာလဲ။ ဘုရားစေတီထဲကလား၊ မြေကြီးထဲကလား၊ အနက် ဘယ်လောက်လဲ၊ ဘာပစ္စည်းတွေ ပါသေးလဲ၊ ဘယ်နေရာကလဲ၊ ဒါတွေ အတိအကျသိမှ ဖြစ်မှာပေါ့။

ထိုအရာများ ကျွန်တော်မသိ။ ကျွန်တော်က အိမ်တစ်အိမ်၏ ခေါင်းရင်းအုတ်ခုံဘေးမှာ ထောင်ထားတာ တွေ့လို့ ယူလာခြင်းဖြစ်သည်။ ကျွန်တော့်မှာ သမိုင်းသုတေသနနှင့် ပတ်သက်၍ ဗဟုသုတအရာ ဤရွေ့ ဤမျှ ညံ့ဖျင်းလှခြင်းအတွက် ရှက်မိသည်။ နောက်ဆရာနှင့် ကျွန်တော် ချိုကြီးကဖေးမှာပဲ သူမသိ ကိုယ်မသိ တွေ့ဖြစ်နေကြတော့သည်။

ပြောစမ်းဗျာ။ မန္တလေးက ရွှေကျင်သာသနာဝင်အကြောင်း

နောက် ကျွန်တော် စာလေးပေလေးမတောက်တစ်ခေါက်ရေး၊ လူထုစာအုပ်တိုက်မှ အယ်ဒီတာစားပွဲမှာ ရောက်ဖြစ်နေတော့ အမေ လူထုဒေါ်အမာဆီလာရောက်တတ်သော ဆရာ့ကို အမြဲတွေ့ဖြစ်သည်။ ထို့နောက် တောင်လေးလုံး အောင်ခြင်းရှစ်ပါးမွှာရုံနှင့် သူ့ငွေးဘုရားရင်ပြင်မှာ။

၁၉၉၇ ခုနှစ်လောက်က တောင်လေးလုံးကျောင်းတိုက်မှာ ကျွန်တော့်သားတွေ ရှင်ပြုတော့ မထင်မှတ်ဘဲ ဆရာရောက်လာသည်။ ဆရာက ဆရာတော် ဦးပညာ(အမရပူရ)၏ အခန်းမှာ ဝက်အူချောင်းကြော် တစ်ပန်းကန်နှင့် အကြာကြီးထိုင်ကာ ချီးမြှင့်ပေးသွားသည်။

တစ်နေ့တော့ အမေလူထုဒေါ်အမာက ကျွန်တော့်ကို "မင်းကလည်း မန္တလေးအကြောင်းတွေ ရေးနေတော့ ဆရာက မင်းကို တွေ့ဦးမယ်တဲ့။ ညနေ ဆရာလာလိမ့်မယ်၊ စောင့်လိုက်ဦးတဲ့။ ဘုရား "ဘုရား"။ ကျွန်တော်မန္တလေးအကြောင်း ရေးတယ်ဆိုတာက တောင်ရောက်မြောက်ရောက်။ "ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည်" ချည်းဖြစ်သည်။ ဘာမှ ခိုင်ခိုင်မာမာ တိတိကျကျ မရှိလှ။ ဟော "ဆရာလည်း ရောက်လာရော" ကျွန်တော့်ကို တစ်ယောက်တည်း ခေါ်တွေ့ပြီး "ကဲ ကိုဆူးငှက် ပြောစမ်းဗျာ။ မန္တလေးက ရွှေကျင်သာသနာဝင် အကြောင်းတဲ့"။ ဆရာက မှတ်စုစာအုပ်ထုတ်ပြီး ခဲတံနှင့် စောင့်သည်။

သေပါလေရော။ ဘယ့်နှယ် ကျွန်တော်က မန္တလေး ရွှေကျင်သာသနာဝင်အကြောင်း ဘယ်သိပ့်ါလဲ။ မတတ်နိုင်။ "ဆရာ ကျွန်တော် မသိပါဘူး ဆရာ"ဟုဆိုတော့ ဆရာက ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းရမ်းသည်။ "ကဲ ဒါဆိုရင် ခင်ဗျားသိတာပဲပြော"ဟု ဆိုသည်။ ကိုင်း ကျွန်တော်ကလည်း အရပ်ပြောပဲ ပြောနိုင်သည်။ ဆရာ သိချင်သော အချက်နှစ်ချက် သုံးချက်လောက်တော့ ရပုံပေါ်ပါရဲ့။ သမိုင်းတော့မဟုတ်။ လက်ရှိ မြင်ကွင်း အနေအထားအချို့ပဲ ဖြစ်သည်။ လူထု အယ်ဒီတာ စားပွဲမှာ ဆရာ့စာအုပ် တစ်အုပ်စ၊ နှစ်အုပ်စ ကိုင်ရတိုင်း အထူးဂရုစိုက်မိ၏။ ဆရာက အလွန်တိကျ၊ သေချာ၊ စနစ်ရှိသောကြောင့် ဖြစ်သည်။ စာပိုဒ်အဖွင့်တွေကိုပင် အမှားမခံ။

**ဒေါက်တာသန်းထွန်းလွန် ၁၂ နှစ်**

၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့က ဆရာချစ်သော မန္တလေးတက္ကသိုလ်၏ ဆရာချစ်သော ရုံးခန်းအတွင်း၌ပင် ကွယ်လွန်ကာ ဆရာချစ်သော တောင်လေးလုံးပရဝဏ်၌ ထာဝရခေါင်းချသွားခဲ့သဖြင့် ဒီနှစ်ဆိုလျှင် ဒေါက်တာသန်းထွန်းလွန် ၁၂ နှစ်ပြည့်ပြီ။ မန္တလေးအကြောင်း ပြောကြလေတိုင်း ဆရာကြီး ဒေါက်တာသန်းထွန်း အကြောင်းက ထိပ်ဖျားမှာ ပါနေဦးမည်သာ။ ဆရာကြီး သမိုင်းကား မန္တလေးနှင့်အတူ တည်ရှိနေမည်မှာ မလွဲပါ။ ။

# အဓိပ္ပာယ်ရှိသောလူ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

လောကီလူ့ရွာသို့ ရောက်ရှိလာကြတာချင်းတူပေသည့် အသက်ရှုချင်းကွဲသည်။ မိမိအတွက်၊ အများအတွက် အကျိုးဆောင်ပြီးခါမှ လှည့်ပြန်သွားကြသူများရှိသလို မိမိအတွက်လည်း အကျိုးမရှိ၊ အများအတွက်လည်း အကျိုးမရှိ၊ အလဟဿ အဓိပ္ပာယ်မဲ့နေထိုင်သွားကြသူများလည်း ဒုနဲ့ဒေး။ အတိတ်ကံအကျိုးပေးကောင်းပြန်တော့ အကြောင်းထင်၊ ကံ၊ ဉာဏ်၊ ဝီရိယ သုံးဖက်လှပြန်တော့ အောင်မြင်၊ သာမန်ထက် ထူးခြား၊ အများတကာထက် ထူးချွန်၊ တစ်လောကလုံးက အလေးအနက်ထား မှတ်မှတ်သားသားဖြစ်ရသူများကို အဓိပ္ပာယ်ရှိသောလူဟု ဆိုရမည်သာ။ ထိုသို့အဓိပ္ပာယ်ရှိသော လူများထဲတွင် ဟိန်းနေအောင် ကျော်သည့် အနုပညာရှင်တစ်ယောက်အကြောင်း ဖော်ပြရမည်ဆိုပါလျှင် -

**အကယ်ဒမီငါးဆုရှင် ကျော်ဟိန်း**

အမည်ရင်းမှာ ကျော်ငွေးဖြစ်သည်။ ငယ်ပေါင်းရောင်းရင်းများက ကျော်ကြီး၊ အရွယ်ရောက်လာသောအခါ မောင်မောင်ကျော် စသဖြင့် ခေါ်ဝေါ်ကြသည်။ အဘ ဦးဂွန်မောင်စိန်(အငြိမ်းစားခရိုင်ရဲဝန်)၊ အမိ ဒေါ်ချိုချိုတို့က ၁၄-၇-၁၉၄၇ ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့ စမ်းချောင်း ကျောင်းကုန်းလမ်း၌ မွေးဖွားခဲ့သည်။ မွေးချင်း ခြောက်ယောက်အနက် စတုတ္ထမြောက်၊ ၎င်းအောက် ပဉ္စမမြောက်ညီဖြစ်သူ ဇော်ဇော်မှာလည်း ထင်ရှားသော ရုပ်ရှင်သရုပ်ဆောင် လူကြမ်းတစ်ဦး။ ကျော်ဟိန်း၏ ငယ်စဉ်ဘဝသည် ကြမ်းတမ်း၏။ ဆန္ဒနှင့် ဘဝသည် တစ်ထပ်တည်းမကျ။ စိတ်အလိုဆန္ဒ မပြည့်ဝသည့်အခါ ဖြစ်ချင်တာ မဖြစ်သည့် လောကကြီးကို အရွဲ့တိုက်ရင်း ဆူးခင်းလမ်းကို ဖြတ်သန်းခဲ့ရသူ၊ အရွယ်လေးရ အသက်ကြီး ပိုင်းရောက်ခါမှ အောင်မြင်မှုအပေါင်း သရဖူဆောင်းရင်း ပန်းခင်းလမ်းပေါ် လျှောက်လှမ်းခဲ့ရသူ၊ တစ်နည်း အိုဇာတာ ကောင်းသူဟု ဆိုရမည်။

**တဇွတ်ထိုးသမားတစ်ဦး၏ ငယ်ဘဝ**

ကျော်ဟိန်းသည် ငယ်စဉ်က ဆတ်ဆတ်ထိမခံ တဇွတ်ထိုးသမား၊ ချုပ်ချယ်မှုကို မလိုလား၊ လွတ်လွတ်လပ်လပ်နေလိုသူ၊ မိဘများက ကောင်းစေချင်၍ ဆုံးမလျှင် မကြိုက်၊ အာရုံနောက်သည်ဆိုပြီး အိမ်မကပ်၊ ရှူးရှူးမိုက်မိုက်ဖြင့် အိမ်က ထွက်ပြေးခဲ့သည်က အကြိမ်ကြိမ်၊ လေလွင့်လူငယ်ဘဝဖြင့် ခြေဦးတည့်ရာသွားရင်း နယ်ဘက်ရောက်သည့်အခါ အိပ်စရာ၊ နေစရာမရှိ၍ ဆိတ်ခြံထဲမှာ ဆိတ်တွေနှင့်အတူ ရောနှောအိပ်ခဲ့ရသည်အထိ ခပ်ပေပေနေခဲ့ရာမှာ ထစ်ခနဲရှိ ရိုက်ချင်၊ နှက်ချင်၊ ရန်ဖြစ်ချင်၊ ထိုမှတစ်ဆင့်တက်၍ စိန်ဂေါ်လီဂိုဏ်းဝင် လမ်းသရဲဘဝ၊ အရက်သောက်၊ ဖဲရိုက်၊ ဆေးခြောက်ရှူ ရုပ်ရှင်ထဲ ရောက်ခါစ ဘိန်းဖြူကလည်း ပေါ်ခါစ၊ သဘောသိအောင် စမ်းကြည့်ရာမှ ငြိသွားသည့်အတွက် မနည်းဖြတ်ယူရသည်။ အကွပ်မရှိသည့်ကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ မိဘစေတနာကို ဝေဒနာထင်မှတ်၍ လမ်းမှားရောက်ခဲ့ရသည်။ ပျက်အစဉ် ပြင်ခဏ မိဘစေတနာကို သိလာသည့်အခါ မကောင်းတာမှန်သမျှ ခဝါချရင်း အသိ၊ သတိနှင့်ယှဉ်၍ အနုပညာလမ်းမှာ အောင်မြင်စွာ လျှောက်လှမ်းခဲ့လေသူ။

ကျော်ဟိန်းသည် ဉာဏ်ကောင်းသည်၊ အတွေးအခေါ်ကောင်းသည်၊ သို့သော်လည်း ပညာသင်ယူရမည့်အရွယ်တွင် စိတ်တေလေ လေမှာ လွင့်နေသည့်ကာလများသည့်အတွက် ပညာရေးမှာ ထင်တိုင်းမပေါက်၊ အခြေခံပညာကို ၁၅ နှစ်မျှ သင်ယူခဲ့ရသည်။ ပညာသင်နေဆဲ ၁၉၆၇ ခုနှစ်မှာ ရေတပ်ထဲဝင်ခဲ့ပြီး တစ်နှစ်မျှအကြာ ရေတပ်ကထွက်၍ ၁၀ တန်း ပြန်ဖြေရာ "ခ"အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

**ပထမဆုံးသောရုပ်ရှင်**

ကျော်ဟိန်းသည် ၁၉၆၈ ခုနှစ်တွင် ရုပ်ရှင်ကောင်စီမှ ဖွင့်လှစ်သည့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို တက်ရောက်ခဲ့ပြီး မင်းသားအဖြစ် အရွေးခံရသည်။ သို့သော် ရိုက်ကူးရန် ကမ်းလှမ်းလာသူမရှိ။ ဘယ်ရုပ်ရှင်ကုမ္ပဏီက ခေါ်ပါ့မလဲဟု မျှော်တလင့်လင့်စောင့်စားရင်း ပတ္တမြားရုပ်ရှင်က "ဖူးစာလမ်းဆုံ" ရုပ်ရှင်ဇာတ်ကားတွင် မင်းသားအဖြစ်တင်ရိုက်ရန် ကမ်းလှမ်းလာသည့်အတွက် ထိုဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ စတင်ရောက်ရှိခဲ့သည်။

မင်းသားအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း အရေးပေးခြင်း မခံရသည့်အပြင် ရုပ်ရှင်ရိုက်ကူးရန် မန္တလေးသို့ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် သွားခဲ့ရသည်။ ထိုစဉ် ကျော်ဟိန်းလက်ဝယ် ငွေကြေးမပြည့်စုံ၊ ရုပ်ရှင်မင်းသမီးကြီး ဒေါ်စံရှားတင်က ရထားပေါ်ခေါ်တင်ပြီး မန္တလေးရောက်သည်အထိ အစစကူညီစောင့်ရှောက်ခဲ့၍သာ အသက်ရှုချောင်တော့သည်။ ထိုကျေးဇူးကို တစ်သက်မမေ့ဟု ကျော်ဟိန်း ဆိုလေ့ရှိသည်။ ထိုဇာတ်ကား ရိုက်ကူးရာတွင် ထုတ်လုပ်သူဘက်ကလည်း ပြတ်၏။ "မင်းသား စရိုက်မယ်၊ မှားတာနဲ့၊ ရီဂျက်ဖြစ်တာနဲ့ ကိုယ့်စရိတ်နဲ့ကိုယ် ရန်ကုန်ပြန်ပေတော့"ဟု ရာဇသံပေးလေသည်။ မင်းသားသာဆိုသည် ရုပ်ရှင်ရိုက်ဖို့ မန္တလေးကို အောက်ကျနောက်ကျလာခဲ့ရသည့်အပြင် ထုတ်လုပ်သူက ရင်ဘတ်ဆောင့်ကန်သကဲ့သို့ အပြောခံရသည့်အတွက် ကျော်ဟိန်း လွန်စွာနာကြည်း ခံပြင်းခဲ့လေသည်။ အထင်သေးသည့်အကြည့်ကို မခံချင်၊ ခွန်းတုံ့ပြန်နေမည့်အစား အလုပ်ဖြင့် သက်သေပြရန် အစွမ်းကုန်ကြိုးစားတော့သည်။ မခံချင်စိတ်တို့သည် အထွတ်အထိပ်ရောက်အောင် တွန်းပို့လေသလား မသိ။ ကျော်ဟိန်းရင်ထဲမှာ ခါးသီးမှုတွေ၊ နာကျင်မှုတွေအပြည့်။ ဇာတ်ကား

"ရုပ်ရှင်ထဲရောက်ခါစ ဘိန်းဖြူကလည်း ပေါ်ခါစ၊ သဘောသိအောင် စမ်းကြည့်ရာမှ ငြိသွားသည့်အတွက် မနည်းဖြတ်ယူရသည်။ အကွပ်မရှိသည့်ကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ မိဘစေတနာကို ဝေဒနာထင်မှတ်၍ လမ်းမှားရောက်ခဲ့ရသည်။ ပျက်အစဉ် ပြင်ခဏ မိဘစေတနာကို သိလာသည့်အခါ မကောင်းတာမှန်သမျှ ခဝါချရင်း အသိ၊ သတိနှင့်ယှဉ်၍ အနုပညာလမ်းမှာ အောင်မြင်စွာ လျှောက်လှမ်းခဲ့လေသူ"

စရိုက်သည်နှင့် မြင်းကို ဇောင်းထဲမှ လွှတ်လိုက်သလို ကျော်ဟိန်းသည် ဇာတ်ညွှန်းထဲ ပါတာတွေရော၊ မပါတာတွေရော ရောသမမွှေလျက် ပြောချလိုက်ရာ ထုတ်လုပ်သူရော၊ ဒါရိုက်တာပါ ပါးစပ်အဟောင်းသား၊ ရီဂျက်အမှားလုံးဝမရှိ ကွက်တိ။ ထိုမှ စတင်၍ အရည်အသွေးရှိ မင်းသားတစ်လက်အဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရလေသည်။

**တိုင်းသိ ပြည်သိ ကျော်ဟိန်း**

၁၉၆၉ ခုနှစ်တွင် ပတ္တမြားရုပ်ရှင်က ထုတ်လုပ်ပြီး ဒါရိုက်တာ ဗိုလ်ဗကို ရိုက်ကူးသည့် "ဖူးစာလမ်းဆုံ"ဇာတ်ကားတွင် မင်းသမီး စန္ဒာ၊ စံရှားတင်၊ ဗိုလ်ဗကိုတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာမှ အောင်မြင်မှုရရှိခဲ့ပြီး ဆက်၍ ၁၉၇၀ ပြည့်နှစ်တွင် ဒါရိုက်တာ ရှုမဝချစ်စိန် ရိုက်ကူးသည့် "တစ်ချက်ခုတ် နှစ်ချက်ပြတ်"နှင့် "ကိုကြေးမုံ"ဇာတ်ကားများ ရိုက်ကူးပြီးနောက် မော်လမြိုင်ရုပ်ရှင်က ထုတ်လုပ်သည့် ဒါရိုက်တာ တင်အောင်မြင့်ဦး၏ လက်ရာ "နုနု ငယ်ငယ်" ဇာတ်ကားတွင် စန္ဒာ၊ ကြည်ကြည်ငွေး၊ ဝင်းညွန့်၊ ဝင်းမြင့်တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာ ဇာတ်လမ်းဇာတ်ကွက်နှင့် ကျော်ဟိန်း၏ အမူအရာများသည် အံဝင်ခွင်ကျဖြစ်ပြီး ထိုဇာတ်ကားပြသရာ နေရာတိုင်း ရုံပြည့် ရုံလျှံ၊ အဆိုပါဇာတ်ကားနှင့်အတူ "ကျော်ဟိန်း"အဖြစ် တိုင်းသိပြည်သိ ထင်ပေါ် ကျော်ကြားလေတော့သည်။ "ဖူးစာလမ်းဆုံ"ဇာတ်ကားရိုက်ကူးစဉ် မင်းသမီး စန္ဒာနှင့် ဖူးစာဆုံခဲ့ပြီးနောက် နှစ်ဦးသား လမ်းခွဲခဲ့ကြသည်။

**ကျော်ကြားသော ရုပ်ရှင်များ**

မင်းသားဖြစ်စမှ ၂၀၀၈ ခုနှစ် ရုပ်ရှင်လောကမှ အနားယူသွားချိန်အထိ မင်းသား၊ ဇာတ်ပို့ စသည်ဖြင့် ကျော်ဟိန်းပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားပေါင်း ၂၂၂ ကား၊ ဗီဒီယိုဇာတ်ကားပေါင်း ၃၆၂ ကားရှိသည်။ ကျော်ဟိန်းပါဝင်သည့် ကားမှန်သမျှ ပရိသတ်က မလွတ်တမ်းအားပေးလေ့ရှိသည်။ ယနေ့တိုင် ပရိသတ်ရင်ထဲစွဲငြိနေသည့် ရုပ်ရှင်ဇာတ်ကားအချို့ကို ရွေးထုတ်တင်ပြရလျှင် နုနုငယ်ငယ်၊ ကျွန်တော့်နာမည် ကျော်ကျော်၊ ကုဋေရှစ်ဆယ် သူဌေးသား၊ အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ၊ စိန်သို့မဟုတ်စိန်၊ နှလုံးသားနဲ့ စစ်တာဝန်၊ တစ်ဦးက စေတနာ တစ်ဦးက မေတ္တာ၊ နေမဝင်အချစ်၊ လူဇော်၊ ပန်းစကား၊ တစ်ခါကတစ်ဘဝ၊ စံအိမ်ကို စိန်နဲ့မွန်းပါ့မယ်၊ ထိပ်ဆုံးက ကျွန်တော်၊ အကာကအချစ် အနှစ်က မေတ္တာ၊ ကိုယ့်သွေး သူ့သား၊ ခုနစ်လွှာ မျက်နှာ၊ ပန်းမမလှဧကရီ၊ တေဇာ၊ စိမ်းနဲ့တေဇာ၊ စေ့စပ်လက်ထပ်ကွာရှင်းပြီးစီးခြင်း၊ မွန်းတည့်ချိန်တွင် နေဝင်သည်၊ မီလာရှီကာစိုင်းဗေဒါ၊ နေကျောက်ခဲ၊ ဘုံပျက် ဘမောင်၊ အချစ်ကိုယ်ရံတော်၊ အရှိုက်၊ မောင့်အချစ်သီရိ၊ ကျီးယောင်ဆောင်သော ဒေါင်း၊ နွဲ့ဆိုး၊ ရမက်ဇော၊ လွမ်းနေမယ် မမ၊ ပန်းမြိုင်လယ်က ဥယျာဉ်မှူး၊ စုန်ရေ၊ မောင်ရင် ငတေမိုက်ကန်းသည်၊ ဝေလည်းမွှေး ကြွေလည်းမွှေး၊ နှုတ်ခမ်းထက်က ခါးသွား၊ မောဟမျဉ်းပြိုင်များ၊ ခါးတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်၊ နေကမွေးတဲ့လနှင့် ကျော်ဟိန်း နောက်ဆုံးရိုက်ကူးခဲ့သည့် ကြိုးတန်း ဇာတ်ကား စသည်တို့ဖြစ်သည်။

**ဒါရိုက်တာအဖြစ်လည်း အောင်မြင်**

ကျော်ဟိန်းသည် ဆန်းသစ်သော ဘဝဒဿနအတွေးအခေါ်နှင့် ဘဝသရုပ်ဖော်ဇာတ်လမ်းများကို ဦးစားပေးရိုက်ကူးလေ့ရှိပြီး "မွန်းတည့်ချိန်တွင် နေဝင်သည်"၊ "စိန်သို့မဟုတ်စိန်"၊ "ကျွန်တော့်ကိုယ်စား ပြောပေးပါ"၊ "ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" စသည့် ရုပ်ရှင်ဇာတ်ကားကြီးများသည် ကျော်ဟိန်း ဒါရိုက်တာအဖြစ် ရိုက်ကူးထားသော လက်ရာမြောက်ဇာတ်ကားများဖြစ်သည်။ ဒါရိုက်တာ "အာသီသ" အမည်ဖြင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာကို ရိုက်ကူးခဲ့သည်။ ရုပ်ရှင်လောကသာမက ဗီဒီယိုလောက၌လည်း ကျော်ဟိန်းပါဝင်ရိုက်ကူးသည့် ဇာတ်ကားမှန်သမျှ အခွေငှားဆိုင်များ လက်မလည်အောင် ငှားကြရသည်။

**အကယ်ဒမီများ ရယူ**

သဏ္ဌာန်လုပ် သရုပ်နှင့်တူအောင် ကြိုးပမ်းအားထုတ်မှုများကြောင့် ၁၉၇၉ ခုနှစ်တွင် "အကာကအချစ် အနှစ်က မေတ္တာ"၊ ၁၉၈၂ ခုနှစ်တွင် "မွန်းတည့်ချိန်တွင် နေဝင်သည်"၊ ၁၉၈၉ ခုနှစ်တွင် "ပန်းမြိုင်လယ်က ဥယျာဉ်မှူး"၊ ၁၉၉၄ ခုနှစ်တွင် "ဝေလည်းမွှေး ကြွေလည်းမွှေး"၊ ၂၀၀၃ ခုနှစ် တွင် "နေကမွေးတဲ့လ" စသည့် ရုပ်ရှင်ဇာတ်ကားများဖြင့် အကယ်ဒမီ ငါးဆု ရခဲ့သည်။ အကြောင်းကြောင်းကြောင့် လွဲချော်ခဲ့ရသော်လည်း ပရိသတ်တစ်ပေးသည့်ဇာတ်ကားများ ကျန်ရှိနေပါသေးသည်။ ကျော်ဟိန်းသည် အကယ်ဒမီ ငါးဆုထက်မက ရထိုက်သည့် ထူးချွန်အနုပညာရှင်ဟုဆိုက လွန်မည်မထင်။

**ဂီတလောကမှလည်း မှတ်တိုင်စိုက်ထူ**

ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင်သာမက ဂီတလောကမှာလည်း နောက်ကျမကျန်၊ ခေတ်ကို အမှီလိုက်ရင်း ပရိသတ်အကြိုက် ထိပ်တန်းတေးစီးရီး အဆိုတော်များစာရင်းတွင်လည်း ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။ စန္ဒရားချစ်မောင် ရေးစပ်ပြီး ကျော်ဟိန်းသီဆိုထားသည့် မြန်မာ့အသံ ဓာတ်ပြားတေးဖြစ်သော "စိမ်းတယ်လို့ မှတ်မှာလား"သီချင်းသည် ယနေ့တိုင် မရိုးနိုင်။ မြို့မငြိမ်း၏ လက်ရာ "မေ့ပါနိုင်" ခေတ်ဟောင်းတေးကို ပြန်ဆိုတော့လည်း စီးစီးပိုင်ပိုင် ရှိလှသည်။ ကက်ဆက်တိပ်ခွေခေတ်မှသည် ဗွီစီဒီ၊ ဒီဗွီဒီခေတ်အထိ တေးစီးရီးပေါင်း ၁၄ ခွေခန့် သီဆိုခဲ့ပြီး တေးအများစုကို မောင်သစ်မင်း၊ သုခမိန်လှိုင်နှင့် ကျော်ဟိန်းကိုယ်တိုင် ရေးစပ်သည်။ မျိုးဆက်သစ်ခေတ်ပေါ် စတီရီယိုတေးသံရှင်များဖြစ်သော ဇော်ဝင်းထွဋ်၊ မျိုးကျော့မြိုင်၊ ချစ်ကောင်း၊ ဒိုးလုံး၊ အနဂ္ဂ၊ ဘာဘူတို့နှင့် တွဲဖက်၍လည်း တေးသီချင်းများစွာ သီဆိုခဲ့သည်။

**ဘုရားဒါယကာကြီး**

အနုပညာအရာသာမက အမျိုးဘာသာသာသနာအရာမှာလည်း စံတင်လောက်သည်၊ ငွေကြေးသိန်းပေါင်းများစွာ အကုန်အကျခံ၍ အထက်အညာဒေသမှ ပင့်ဆောင်လာသည့် "အသိ၊ သတိ၊ ကြေးသွန်းဘုရားကြီး" ကို ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားဝင်းအတွင်း တည်ထားကိုးကွယ်ခဲ့သည်မှာ ကမ္ဘာတည်သရွေ့ တည်တံ့နေမည့် ဘုရားဒါယကာကြီး ဦးကျော်ဟိန်း၏ အလှူတော်မင်္ဂလာ ဖြစ်ပေသည်။

**သာသနာ့ဘောင်သို့လှမ်း**

ကျော်ဟိန်းသည် "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားသူဖြစ်၏။ အပြောနှင့် အလုပ် တစ်ထပ်တည်းကျအောင် မဖြစ်ဖြစ်အောင်လုပ်တတ်သည်။ သူချစ်သော အနုပညာလောကကြီးကို ကျောခိုင်း၍ သာသနာ့ဘောင်ဝင်သွားစဉ်က အသက်(၆၁)နှစ်မျှသာ ရှိသေးသည်။ သူသည် ဆေးစက်ချရာ အရုပ်ထင်သည့် ထိတ်ထိတ်ကြဲ အနုပညာရှင်တစ်ယောက်၊ မိမိမြတ်နိုးသည့် အနုပညာကို စိတ်ကြိုက်ဖန်တီး၍ ကောင်းနေဆဲအရွယ်၊ ငွေကြေးဥစ္စာခနဲ ကြွယ်ဝမှုကလည်း လှည့်ကြည့်ရန်မလို၊ လောကီကာမဂုဏ်အာရုံတွေကို စိတ်ကြိုက်ခံစား စံစားခွင့်ရှိပါလျက် အားလုံးကို သံယောဇဉ်ဖြတ် တောရပ်ကိုမှီ သံသရာလည်စေသည့် အကြောင်းတရားများနှင့်ဝေးရာ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို ဖွေရှာရင်း ရဟန်းဘဝဖြင့် ရပ်တည်သွားသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ သူ့နေရာမှာ သာမန်စိတ်ဓာတ်ဖြင့် ထိုသို့ ပြတ်သားဖို့ မလွယ်။

အချုပ်အားဖြင့်တင်ပြရလျှင် ပုထုဇဉ်တို့သဘာဝ အမှားနဲ့မကင်း၊ အနည်းနှင့်အများ မှားတတ်ကြသည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက ရဟန္တာအရှင်မြတ်ကြီးတစ်ပါးအဖြစ် ထင်ရှားခဲ့သည့် အင်္ဂုလိမာလသည် ငယ်စဉ်ဘဝမှာ လူဖမ်း လက်ဖြတ် သေအောင်သတ်သည် အထိ အမှားကြီးမှားခဲ့ဖူးသည်။ မျက်မှောက်ခေတ်ကာလ ဝိပဿနာတရားပြ သဲအင်းဂူဆရာတော်ကြီးသည်လည်း ငယ်ရွယ်စဉ်ကာလမှာ လွန်စွာခက်ထန်ကြမ်းကြုတ်သည့် ဓားပြဗိုလ်ကြီးအဖြစ်နှင့် အမှားကြီးမှားခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကြီးတို့သည် အမှားကိုသိ၍ အမှန်သို့ရောက်အောင် ပြုပြင်နေထိုင်ရင်း သူတော်စင်ဘဝများဖြင့် ဘဝကို နိဂုံးချုပ်သွားခဲ့ကြသည်။ အမှားကိုမြင်၍ အမှန်ပြင်နေထိုင်ကြသူများကို လူကောင်းဟုဆိုရမည်သာ။ ပရိသတ်အသည်းစွဲဦးကျော်၊ ငယ်စဉ်က ဆိုးခဲ့သမျှ အကောင်းဆုံးဖြစ်အောင် ပြုပြင်နေထိုင်ခဲ့သည့် ဦးကျော်၊ လူ့လောကဝယ် အဓိပ္ပာယ်ရှိရှိ အသိ၊ သတိဖြင့် တရားအားထုတ်လျက်ရှိသည့် ဦးကျော်ကို အထူးပင် လေးစားမိသည်။ ဦးကျော်က လောကီအာရုံကို သံယောဇဉ်ဖြတ်နိုင်ငြားသော်လည်း ဦးကျော်လို တရားမရနိုင်သေးသည့် ပရိသတ်တွေကတော့ တီဗွီဇာတ်လမ်းကောင်းတုန်း မီးပြတ်သွားသကဲ့သို့ ဆန့်တငင်ငင် ဖြစ်ကျန်ခဲ့ရသည်။ သို့ပါသော်လည်း ဦးကျော်အတွက် ကြည်နူးပီတိကား မဆုံးနိုင်တော့ပါ။

**မှီငြမ်း-ဆရာအောင်သင်း၏ "ကျော်ဟိန်းလို့နာမည်ကြီးတဲ့ လူတစ်ယောက်"**

# နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ ဘားအံစက်မှုဇုန်၊ ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသများအား လေ့လာ



**ဘားအံ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ Kayin State Investment Fair 2017 ကို နိုဝင်ဘာ ၂၄ ရက် က ကျင်းပရာ တက်ရောက်လာကြသည့် နိုင်ငံတကာမှ စီးပွားရေး လုပ်ငန်းရှင်များသည် ဘားအံစက်မှုဇုန်၊ ဘားအံမြို့နှင့်ပတ်ဝန်းကျင်ဒေသများအား လိုက်လံကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ဒေသ၏တွင်းထွက်ဓာတ်သတ္တုနှင့် သယံဇာတပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၊ ရိုးရာလက်မှုလုပ်ငန်းများ၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၊ လျှပ်စစ်နှင့်စွမ်းအင်ထုတ်လုပ်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး စသည့်ကဏ္ဍအလိုက် ပြခန်းပေါင်း ၂၂ ခန်းကို စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရန် ခင်းကျင်းပြသခဲ့ပြီး တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၇၅၀ ခန့် တက်ရောက်ကြကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းက ဘားအံစက်မှုဇုန်သို့ သွားရောက်လေ့လာရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီရုံး၌ ကရင်ပြည်နယ် စီမံကိန်း ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ဇုန်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ စက်မှုဇုန်အတွင်း လိုက်လံကြည့်ရှု လေ့လာခဲ့ကြသည်။

ဘားအံစက်မှုဇုန်သည် မြို့နှင့် ၇ မိုင်ကွာဝေးသော ဘားအံ-လှိုင်းဘွဲ့ကားလမ်းနံဘေး ရန်ကုန်မြို့နှင့် ၂၇၃ ကီလိုမီတာခန့်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ၃၆၃ ကီလိုမီတာခန့်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ၅၇၉ ကီလိုမီတာခန့် ကွာဝေး၍ ထိုင်း-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းနှင့် အာရှအဝေးပြေး လမ်းမကြီးပေါ်တွင်တည်ရှိပြီး ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် အလွန်အချက်အချာကျကာ ဧရိယာအားဖြင့် ဧက ၁၀၀၀ ခန့် ကျယ်ဝန်းကြောင်း၊ Foreign Investment၊ Local Investment၊ Regional Investment၊ SME Investment Zone ဟူ၍ အပိုင်းလေးပိုင်းခွဲထားကြောင်း၊ 66^11 KV,20 KVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ထားပြီး mini-hydro power plant များမှ (30MW)၊ Coal-Fired power plant မှ (1280MW)တို့ကိုအနာဂတ်တွင်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရေသိုလောင်နိုင်မှု ၄၉၁ ဒသမ ၆ ဂါလန်သန်းခန့်ရှိ လျှိုပိတ်ဆည်လေးခုအပြင် သံလွင်မြစ်နှင့် ရေဘုတ်ဆည်တို့မှ ရေများကို သွယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံပေါင်း ၁၄ ရုံ လည်ပတ်လျက်ရှိပြီး တည်ဆောက်ဆဲ စက်ရုံအလုပ်ရုံ ၁၅ ရုံ ရှိကြောင်း၊ မြေနေရာဈေးနှုန်းသင့်တင့်၍ အခွန်နှုန်းထားသက်သာခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်ကြီးကြပ်ရေးကော်မတီနှင့်လုပ်ငန်းအဖွဲ့များက လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အကောင်းဆုံးစက်မှုဇုန် တစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များသည် နိုဝင်ဘာ ၂၅ ရက်တွင် သံလွင်မြစ်အတွင်းမြစ်ကြောင်းကြည့် ရေယာဉ်ငယ်ဖြင့်သံလွင်မြစ်၏ အသုံးပြုထားခြင်းမရှိသေးသည့် သဘာဝ ရှုခင်းအလှအပများ၊ ထင်ရှားကျော်ကြားသည့် ဘုရင့်ညီနောင် သဘာဝထုံးကျောက်ဂူတို့အား လိုက်လံကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲ ကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၅ နာရီခွဲက ဟိုပုံးကားဂိတ်အနီး၌ ကျင်းပခဲ့သည်။

ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲတွင် အ.ထ.က(၂)ကျောင်းမှ ကျောင်းသား မောင်ခွန်ထွန်းဇော်နှင့် ကျောင်းသူ မနန်းဟန်ထွေးတို့က ပထမ၊ အ.ထ.က(၁)ကျောင်းမှ ကျောင်းသား မောင်စိုင်းတင့်အောင်နှင့် အ.ထ.က(၂)ကျောင်းမှ ကျောင်းသူ မနှင်းနှင်းယုတို့က ဒုတိယ၊ အ.ထ.က(၁)ကျောင်းမှ ကျောင်းသား မောင်ပိုင်လင်းဇော်နှင့် အ.ထက(၂)ကျောင်းမှ ကျောင်းသူ မနွေဖူးတို့က တတိယဖြင့် အသီးသီး ပန်းဝင်လာကြကြောင်း သိရသည်။

ဆက်လက်၍ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုအသီးသီး ရရှိသော ကျောင်းသား ကျောင်းသူများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးတို့က ဆုများ အသီးသီး ချီးမြှင့်ပေးကြကြောင်း သိရသည်။

အဆိုပါ မီနီမာရသွန်ပြိုင်ပွဲကို ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဟိုပုံးကားဂိတ်တွင် စုရပ်ပြုလုပ်ကာ ဟိုပုံး-ဆီဆိုင် ပြည်ထောင်စုလမ်းမကြီး သုံးမိုင်တံတားထိပ်မှ စတင်၍ ဟိုပုံးကားဂိတ်အထိ သုံးမိုင် မီနီမာရသွန် အပြေးယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

## မုံရွာမြို့တွင် လူထုစုပေါင်းစက်ဘီးစီးပွဲ ပြည်သူ ၃၀၀ ကျော် ပါဝင်ဆင်နွှဲ

**မုံရွာ နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူထုစုပေါင်းစက်ဘီးစီးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီက မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအရှေ့ ဗိုလ်ချုပ်လမ်းမပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။



လူငယ်လူရွယ်များ အားကစားကိုစိတ်ပါဝင်စားလာစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်၊ မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်စေရေး ပညာပေးလှုပ်ရှားမှုဆောင်ရွက်ရန်နှင့် စုပေါင်းလုပ်ဆောင်သည့်အလေ့အကျင့်ကောင်းရရှိစေရန်အတွက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်နိုင်ဆွေ၏ ပြောကြားချက်အရ သိရသည်။

"လူငယ်တွေအတွက် အကျိုးရှိစေတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ လုပ်ဆောင်တာပါ၊ လူထုစက်ဘီးစီးပွဲကို မုံရွာမြို့မှာ တစ်လတစ်ကြိမ်နှုန်းနဲ့ လေးလကြာ လှုပ်ရှားဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်၊ စက်ဘီးစီးပွဲကို ပြင်ပကုမ္ပဏီ ၁၀ ခုကနေ ကူညီပံ့ပိုးပေးထားပါတယ်၊ အဓိကကတော့ လူငယ်တွေ စုပေါင်းလုပ်ဆောင်တဲ့အလေ့အကျင့်ကောင်းတွေကို ရရှိစေဖို့နဲ့ ကျန်းမာပျော်ရွှင်စွာနဲ့ ပညာသင်ကြားမယ်၊ လုပ်ငန်းခွင်တွေမှာ စွမ်းအားအပြည့်နဲ့ တာဝန်တွေထမ်းဆောင်နိုင်ဖို့အတွက် အလေ့အကျင့်ကောင်းတွေကို အထောက်အကူဖြစ်စေဖို့အတွက် ကျင်းပတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

လူထုစုပေါင်းစက်ဘီးစီးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးခဲ့ရာ စက်ဘီးစီးဝါသနာရှင် ၃၅၀ တို့က ဗိုလ်ချုပ်လမ်းမမှ ကွေ့ကြီးရပ်ကွက်ရှိ ရွှေတောင်ဆီဆိုင်လမ်းမှတစ်ဆင့် ချင်းတွင်းမြစ်ကမ်းဘေး မြို့ပတ်လမ်းအတိုင်း မြောက်မှတောင်သို့စီးနင်းခဲ့ပြီး မုံရွာတောင်ရပ်ကွက် ဘဏ်လမ်းဆုံမှ ဗိုလ်ချုပ်လမ်းအတိုင်း တိုင်းဒေသကြီးအားကစားကွင်းသို့ တောင်မှမြောက်ဘက်သို့ စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## ကျေးလက်နေပြည်သူများ သောက်သုံးရေသန့်သုံးစွဲနိုင်ရေး ဆောင်ရွက်၍ ကျေးရွာရေကော်မတီသို့ လွှဲပြောင်းပေးအပ်

**တနိုင်း နိုဝင်ဘာ ၂၆**

တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကာ ကျေးလက်နေပြည်သူများ သောက်သုံးရေသန့် ရရှိရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားသည့် ကျေးလက်သောက်သုံးရေတွင်းအား ကျေးရွာရေကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ဂျိုဆားဒီကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရလှိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား မြို့ပြနှင့် ကျေးလက် တစ်သားတည်းရှိစေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်း၍ ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိစေရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ယခုဆောင်ရွက်ပေးသည့် လက်တူးတွင်း(ရေတွင်း) လုပ်ငန်း လုပ်ဆောင်ပေးမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဆောင်ရွက်ပြီးစီးသွားသည့် ကျေးရွာ လက်တူးတွင်း (ရေတွင်း)အား ကျေးရွာရေကော်မတီသို့ လွှဲပြောင်းပေးအပ်ရာ ကျေးရွာနေပြည်သူများကိုယ်စား ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အဆိုပါ လက်တူးတွင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလငွေလုံး ငွေရင်းရန်ပုံငွေဖြင့် အချင်း ခြောက်ပေရှိ လက်တူးတွင်း၊ တိုင်ထူသွပ်မိုးနှင့် သမံတလင်းခင်း၊ ရေတုံကင်တစ်ခုနှင့် ကျွဲ/နွားများ မဝင်ရောက်နိုင်ရန် သံဆန်ခါခြံစည်းရိုးတပ်ဆင်ပေး၍ အိမ်ထောင်စု ၂၀၃ စုမှ လူဦးရေ ၉၅၅ ဦး လွှမ်းခြုံကာ သောက်သုံးရေသန့် သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ဦးလေးကြီး**

## မြို့နယ်သတင်းစာဆရာအသင်းမှ ထပ်ဆင့်ဂုဏ်ပြု

**ဒဂုံမြို့သစ် (ဆိပ်ကမ်း) နိုဝင်ဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် ငြိမ်းချမ်းစိမ်းလန်း စာကြည့်တိုက်၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက နိုင်ငံတော်ကချီးမြှင့်သည့် စာပေဗိမာန်စာပေဆု(လူငယ်ဘဝဒုတိယ)ဆု ရရှိသည့် စာရေးဆရာ ချစ်မိုးငြိမ်းကို မြို့နယ်သတင်းစာဆရာအသင်းက ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပသည်။

မြို့နယ်သတင်းစာဆရာအသင်းနာယက စာရေးဆရာ (ပြည်)ဘုန်းမြင့်၊ (၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရန်ရှင်း၊ မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးရဲလင်းအောင်၊ စာရေးဆရာနန္ဒမိုးကြယ်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (တေးရေး/ဆို)(ပြည်)လှိုင်မင်းအောင်၊ စာပေ ဂီတ ရုပ်ရှင် ဦးမောင်မောင်လေးနှင့် စာပေစိစစ်ရွေးချယ်ရေးကော်မတီ (တက္ကသိုလ်) ဆန်းဆင့်နိုင်တို့က ဂုဏ်ပြုချီးမြှင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးရဲလင်းအောင်တို့က (လူငယ်ဘဝဒုတိယ)ဆု ရရှိသည့် စာရေးဆရာ ချစ်မိုးငြိမ်းကို တစ်ဦးချင်းစီအလိုက် ထပ်ဆင့်ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

**(၅၁၂)**

# ငွေဆောင်နှင့် ချောင်းသာမှအပြန် ညောင်ချောင်းသာ(ရေချို) အပန်းဖြေစခန်းသို့

■ သတင်းဆောင်းပါး-အောင်ဝင်း



ချောင်းသာကမ်းခြေအလှကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ပင်လယ်ကမ်းခြေများ၊ ရေတံခွန်နှင့် တောတောင်များ၊ မြစ်ကြီးလေးသွယ်စီးဆင်းရာ နေရာဒေသများတွင် ရှုမငြီးဖွယ်ရာ အကွေ့အကောက်များက ပြည်တွင်း ပြည်ပ ခရီးသွားများအတွက် အပန်းဖြေ အနားယူဖွယ်ရာ နေရာများအဖြစ် ဆွဲဆောင်လျက်ရှိနေသည်။

နိုင်ငံတော်အနေဖြင့်လည်း ပြည်ပဝင်ငွေ ပိုမိုရရှိရေးအတွက် ခရီးသွား အပန်းဖြေနေရာများ တိုးချဲ့ရေး စီမံဆောင်ရွက်လျက် ရှိနေသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ ငွေဆောင်နှင့် ချောင်းသာကမ်းခြေ အပန်းဖြေစခန်းများသို့ အများအပြား သွားလာလျက်ရှိနေကြသည်။

၂၀၁၆ ခုနှစ်က ငွေဆောင်သို့ ပြည်တွင်းအပန်းဖြေခရီးသည် ၈၈၀၀၀ ကျော်၊ ပြည်ပအပန်းဖြေခရီးသည် ၂၉၇၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ ပြည်တွင်းအပန်းဖြေခရီးသည် ၈၁၀၀၀ ကျော်နှင့် ပြည်ပအပန်းဖြေ ခရီးသည် ၂၅၀၀၀ ကျော် လာရောက်အပန်းဖြေသဖြင့် ယခင်နှစ်ကထက် ၁၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန (ငွေဆောင်) ရုံးခွဲမှ သိရသည်။

နိုဝင်ဘာ ၂၁ ရက်က ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသို့ မမျှော်လင့်ဘဲ ဒုတိယအကြိမ် ရောက်ရှိခဲ့ပြန်သည်။ ရုံးပိတ်ရက်၊ ဈေးပိတ်ရက် မဟုတ်သော်လည်း ကမ်းခြေတစ်ဝိုက် ရေကစားနေသူများ၊ အနားယူနေသူများ၊ ဈေးသည်များနှင့် ဈေးဝယ်သူတို့ အများအပြား တွေ့ရမြင်ရသည်။

ထူးခြားသည်မှာ ပြည်တွင်း ပြည်ပခရီးသွားများအား ငွေဆောင်ကမ်းခြေမှ ချောင်းသာကမ်းခြေ အပန်းဖြေစခန်းနှင့် အခြားကျွန်းများသို့ နေ့ချင်းပြန် လည်ပတ်နိုင်သော အပျော်စီးအမြန်ရေယာဉ်ဝန်ဆောင်မှုလုပ်ငန်းအား ရေယာဉ် ၂၁ စင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အပန်းဖြေသူများ စိတ်ဝင်စား၍ စီးသူများပြားလျက်ရှိကြောင်း ဒေသခံတစ်ဦးကပြောသည်။

ထို့အပြင်ငွေဆောင်ကမ်းခြေတွင်ရေငုပ်သည့်ဝန်ဆောင်မှု၊ ငါးမျှားလိုသူများ ငါးမျှားရန် ဆောင်ရွက်ပေးမှုနှင့် သန္တာကျောက်တန်းတွေ ကြည့်ရှုနိုင်အောင် စီစဉ်ပေးထားတာတွေ့ခဲ့ရပြီး လာရောက်အပန်းဖြေသူများ စိတ်ဝင်စားကြောင်းသိရသည်။

ငွေဆောင်နှင့် ချောင်းသာ ကမ်းခြေ အပန်းဖြေစခန်းတွေက ပုသိမ်ကနေ ချောင်းသာကိုပဲ သွားသွား၊ ငွေဆောင်ကိုပဲ သွားသွား နေ့ချင်းပြန် လည်ပတ်သွားလာနိုင်သည့် နေရာများဖြစ်သည်။

ငွေဆောင်နှင့် ချောင်းသာမှအပြန် ရန်ကုန်ရောက်ရန် ၃၅ မိုင်အလိုမှာ ဧရာဝတီတိုင်းဒေသကြီး အတွင်းက ညောင်တုန်းမြို့နယ်နှင့် မနီးမဝေးတွင် ညောင်တုန်းမြစ်သည် မိုးတွင်းကာလက ရေပြည့်လျှံနေသော်လည်း ပွင့်လင်းရာသီတွင် သဲသောင်ပြင်ကျယ်များ ဖြစ်ပေါ်လျက် မြစ်၏မြစ်ရေစီးဆင်းမှု၊ ရေ၏ကြည်လင်သန့်ရှင်းမှုနှင့် သဲသောင်ပြင်များကျယ်ပြန့်ဖြူဖွေးပြီး သန့်ရှင်းမှုတို့ကြောင့် ၂၀၁၃ ခုနှစ်က စပြီး "ညောင်ချောင်းသာကမ်းခြေအပန်းဖြေစခန်း"ဟုသတ်မှတ်ပြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာကော်မတီ၏ ကြီးကြပ်မှုဖြင့် ပွင့်လင်းရာသီ အပန်းဖြေစခန်း ဖွင့်လှစ်ခဲ့ရာ ၃-၄နှစ်အတွင်း လူသိများ ထင်ရှားလာခဲ့သည်။

ညောင်ချောင်းသာ အပန်းဖြေစခန်း ယခင်နှစ်များက ဖေဖော်ဝါရီလမှ စတင်ဖွင့်လှစ်ခဲ့သော်လည်း ယခုနှစ်တွင် နိုဝင်ဘာလဆန်းကပင် စနေ၊ တနင်္ဂနွေနေ့နှင့် ဈေးပိတ်၊ ရုံးပိတ်ရက်များတွင် အနယ်နယ်မှ ပြည်သူများ လာရောက်အပန်းဖြေနေကြသဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာအဖွဲ့မှ ယခုနှစ်တွင် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်ကြောင်းသိရသည်။

ညောင်ချောင်းသာ အပန်းဖြေစခန်းသို့ လာရောက်သူများ တစ်နှစ်ထက်တစ်နှစ် များပြားလာ၍ ငွေဆောင်-ချောင်းသာခရီးစဉ်နှင့် တွဲလျက်ဖြစ်စေ၊ သီးသန့်ဖြစ်စေ ငွေကုန်ကြေးကျမများဘဲ ရက်တို၊ နေ့ချင်းပြန်နိုင်သော အပန်းဖြေခရီးစဉ်တစ်ခု ဖြစ်သည်။

နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဧရာဝတီတိုင်းဒေသကြီးသည် အပန်းဖြေစခန်းများ၊ သမိုင်းဝင် အထင်ကရနေရာများ၊ ရိုးရာယဉ်ကျေးမှုစုဝေးရာနေရာများနှင့် စီးပွားရေးအတွက်အချက်အချာကျသည့်နေရာများဖြစ်နေ၍ "အလှအပတို့စုဝေးရာ" နယ်မြေဟုပင် ဆိုချင်ပါသည်။



## မူခင်းကျဆင်းရေး ပညာပေးဟောပြော

**တောင်ဥက္ကလာပ နိုဝင်ဘာ ၂၆**

တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၅) ရပ်ကွက် ဓမ္မာရုံ၌ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီက တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဦးတို့က ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(၁၁၈)**

## ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များအား မြိတ်မြို့နယ်တွင် စစ်ဆေးပညာပေး

**မြိတ် နိုဝင်ဘာ ၂၆**

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အပင်ရောဂါကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချမှုတာဝန်ခံ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးအပါအဝင် ဝန်ထမ်းများက မြိတ်မြို့နယ် အတွင်းရှိ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များအား နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီမှစ၍ လိုက်လံစစ်ဆေးခြင်း၊ လိုအပ်သည်များကို ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိတ်မြို့ ကန်ဖျားရပ်ကွက်နေ အောင်ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာအရောင်းဆိုင် ပိုင်ရှင် ဒေါ်အေးဝင်းက "အခုလို မကြာခဏ လာရောက်စစ်ဆေးတဲ့အတွက်လည်း သမီးတို့အတွက် ဥပဒေနှင့်အညီ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ဓာတုဗေဒပစ္စည်းတွေနဲ့ ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို သိရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အပင်ရောဂါကာကွယ်ရေးတာဝန်ခံ ဒေါ်အေးသန္တာစိုးက "အပင်ဖျက်ပိုးတွေ၊ ကပ်ရောဂါတွေ ကျရောက်တဲ့အချိန်မှာဆိုရင် ဒေသခံတောင်သူတွေကို ဖျက်ပိုးကပ်ရောဂါ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲတွေ ဆောင်ရွက်သလို တစ်ချိန်တည်းမှာပဲ ပိုးသတ်ဆေးအရောင်းဆိုင်တွေသွားပြီးတော့ သုံးစွဲရမည့်ဆေး၊ စနစ်တကျစည်းကမ်းရှိစွာ သုံးစွဲရမယ့်နည်းလမ်းတွေကို တောင်သူတွေကို တစ်ဆင့်ဖြန့်ဖြူးနိုင်ဖို့ အသိပညာပေး ဆောင်ရွက်ပါတယ်" ဟု ပြောကြားသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက "ကျွန်တော်တို့အနေနဲ့ လစဉ် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အရောင်းဆိုင်တွေကို ပုံမှန်စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရာမှာ ဥပဒေနဲ့ညီညွတ်စွာ ရောင်းချနိုင်ရေးကို အဓိကစစ်ဆေးတဲ့အပြင် စားသုံးသူတွေရဲ့ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုထားတဲ့ ဓာတုဗေဒပစ္စည်းတွေ သုံးစွဲခြင်းအားဖြင့် သုံးစွဲသူတွေအနေနဲ့ ပစ္စည်းမှန်၊ အရည်အသွေးမှန် သုံးစွဲနိုင်ရေး၊ စနစ်တကျ စည်းကမ်းရှိစွာ သုံးစွဲခြင်းဖြင့် သုံးစွဲသူ၊ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေး ဒါ့အပြင် တစ်ဆင့် လူ့ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်၊ ရှောင်တခင်စစ်ဆေးရေးကိုလည်း အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါတယ်၊ ထိုင်းနယ်စပ်နီးတဲ့ မြို့ဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်တွေကို အလေးအနက်ထား အဓိကဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို စနစ်တကျစည်းကမ်းချက်များနှင့်အညီ သုံးစွဲချက်များကြောင့် ဆေးယဉ်ပါးမှုပြဿနာများ၊ သုံးစွဲသူများ ရေရှည်တွင် ကျန်းမာရေးထိခိုက်စေမည့်ဆိုးကျိုးများ၊ ဓာတုဗေဒဓာတ်သွင်းအာနိသင်များမှတစ်ဆင့် စားသုံးသူများအား ကျန်းမာရေးထိခိုက်စေမှု၊ ပိုးသတ်ဆေးများကို မသိနားမလည်သူများက ငါးဖမ်းဆီးရာတွင် အသုံးပြုမှုများ၊ ယင်းမှတစ်ဆင့် ပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်စေမှုများ၊ ဆိုးကျိုးသက်ရောက်မှုများ၊ ဓာတုဗေဒပစ္စည်းများကို လူစားကုန်ထုတ်လုပ်ရာတွင် အသုံးပြုမှုများရှိနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ကရင်ပြည်နယ်တွင် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး အဖွဲ့ခွဲဖွင့်ပွဲနှင့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့နှင့် ကရင်ပြည်နယ် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ခွဲတို့ ပူးပေါင်းကာ S.A.T Janpan Road Sercice Co.. Ltd ၏ ထောက်ပံ့မှုဖြင့် ယာဉ်လမ်းအန္တရာယ် လျော့နည်းကျဆင်းရေးအတွက် ရည်ရွယ်ပြီး ကရင်ပြည်နယ်အဖွဲ့ခွဲဖွင့်ပွဲနှင့် ပထမအကြိမ် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက အမှာစကားပြောကြားပြီး အလှူရှင်များ ကိုယ်စား HONDA NCX Myanmar မှ Mr.Noyori Shin I Chi ESifh Sales Director ဦးအောင်သူမြင့်တို့က လှုပ်ရှားမှုတွင် ပါဝင်ခဲ့ရသည့် အကြောင်းရင်းအား Projecter ဖြင့် ရှင်းလင်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့မှ ကရင်ပြည်နယ် ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေး အဖွဲ့ခွဲသို့ အလှူငွေကျပ် ၁၀ သိန်း ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ယာဉ်မတော်တဆမှုကြောင့် ၂၀၁၅ ခုနှစ်တွင် သေဆုံးသူ ၁၁၄ ဦး၊ ဒဏ်ရာရရှိသူ ၇၅၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် သေဆုံးသူ ၁၃၃ ဦး၊ ဒဏ်ရာရရှိသူ ၆၁၁ ဦး၊ ၂၀၁၇ ခုနှစ် ပထမ ခြောက်လတွင်



သေဆုံးသူ ၁၀၀၊ ဒဏ်ရာရရှိသူ ၄၅၂ ဦး ရှိသောကြောင့် တစ်ရက်လျှင် ပျမ်းမျှ ၀ ဒသမ ၅၄ ဦးနှုန်းရှိသောကြောင့် ယာဉ်မတော်တဆမှုနှုန်း တိုးလာကြောင်း သိရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိနားလည်ပြီး ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုလျော့ကျစေရေးအတွက် ဘားအံမြို့ ဗိုလ်ချုပ်လမ်း ဟွန်ဒါမော်တော်ဆိုင်ကယ်အရောင်းပြခန်းရှေ့၊ အဝေးပြေး ယာဉ်ရပ်နားစခန်း၊ လှိုင်းဘွဲ့လမ်း၊ ရေအရင်းအမြစ်ရုံးရှေ့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၊ ပြည်ထောင်စုသီရိဈေးအရှေ့တို့တွင် နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ ဘားအံမြို့ ယာဉ်ထိန်းရဲများ အကူအညီဖြင့် အသိပညာပေးအစီအစဉ်များကို လှုပ်ရှားဆောင်ရွက်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# နှစ်သစ်ကူး အထူးအစီအစဉ်

## THE BEST DEAL AWAITS YOU.

**2** | **BMW 2 SERIES GRAN TOURER.**
နှစ် **0%** ဘဏ်တိုး
နှစ် လစဉ်ပေးသွင်းငွေ **3,880,000** ကျပ်
၃ နှစ် လစဉ်ပေးသွင်းငွေ **2,770,000** ကျပ်
၅ နှစ် လစဉ်ပေးသွင်းငွေ **1,900,000** ကျပ်

**2** | **BMW X1.**
နှစ် **0%** ဘဏ်တိုး
နှစ် လစဉ်ပေးသွင်းငွေ **4,150,000** ကျပ်
၃ နှစ် လစဉ်ပေးသွင်းငွေ **2,960,000** ကျပ်
၅ နှစ် လစဉ်ပေးသွင်းငွေ **2,020,000** ကျပ်

*** အရေအတွက် ကန့်သတ်ထားပါသဖြင့် Prestige Automobiles သို့ အမြန်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။

BMW ကားများအား စမ်းသပ်မောင်းနှင် (test drive) ရင်း BMW Lifestyle အမှတ်တရလက်ဆောင်ပစ္စည်းများ ရယူလိုက်ပါ။ Call for test drive 01 230 6133.

* Terms and conditions apply.

**BMW Yangon Showroom:** အမှတ် (၄၈၅)၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
**BMW Pavilion Mandalay Showroom:** ရွှေမန်းတောင်ဂေါက်ကွင်း (မန္တလေးတောင်ခြေ) ဥပုသ်တော်ရပ်ကွက်၊ မန္တလေး - မတ္တရာလမ်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
Email: info@pac-bmw.com Website: www.bmwmyanmar.com www.facebook.com/BMWPAC


SAMSUNG
ပျော်ရွှင်ဆင်နွှဲ Samsung
တန်ဆောင်တိုင် ပရိုမိုးရှင်းပွဲ
နှစ်ထပ်ကွမ်း ပျော်ရွှင်မှု
နိုဝင်ဘာလ (၈)ရက်နေ့မှ (၃၀) ရက်နေ့ အထိ
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Premium Backpack
Travel Mug
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက်
Premium Backpack
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
Power Bank 10,400 mAh
Ring Stent
လက်ဆောင်လည်းရ ကံလည်းစမ်းနိုင်မယ့်
နှစ်ထပ်ကွမ်း ပျော်ရွှင်မှု
ကျပ်သိန်း ၂၅၀ ကျော် တန်ဖိုးရှိ ဆုမဲပေါင်းများစွာ
Samsung Brand Ambassadors
များနှင့် တွေ့ဆုံခွင့်
★ ကံစမ်းမဲအစီအစဉ်အား အသေးစိတ်သိရှိလိုပါက www.samsung.com/mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM
samsungmobilemyanmar


အားလုံး အားလုံး ပျော်ဖို့ . . .
မူလအရသာမပြောင်းလဲဘဲ
ထုတ်ပိုးမှုပုံစံအသစ်
HAPPY®
30g
ကော်ဖီ
လက်ဖက်ရည်
ခရင်(မ်)မီ
ကော်ဖီ
HAPPY


• SATELLITE • BROADBAND • MOBILE • IoT • ENTERPRISE • BROADCAST SOLUTIONS • DELIVERY • CONTENT
MYANMAR'S 4TH ANNUAL EVENT
Visit
The 4th Communications Technology, Enterprise & Convergence Solutions Show
CommuniCast 2017
Myanmar
Co-located with:
International MYANMAR ICT EXHIBITION 2017
Incorporating:
SATELLITE FORUM 2017 Myanmar
Tuesday 28 - Thursday 30 November 2017
Novotel Yangon Max, Yangon
(10.00 -18.00 Hrs.)
ပြပွဲသည် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအတွက်ဖြစ်ပါသည်၊
အသက် (၁၆) နှစ်အောက် ဝင်ရောက်ခွင့်မပြုပါ။
Including:
• 0ver 60 Exhibitors from 14 Countries
• 3 International Pavilions from India, Singapore and Thailand
• Myanmar Satellite Forum (On 29 November 2017)
Pre-register at
www.communicastmyanmar.com
Info Hotline: +95-1 513 515-519
Supported by:
MCF
SOFTWARE PARK THAILAND
Silver Sponsor:
COMMSCOPE
Organised by:
UBM

## ဦးစောလွင်
**B.Sc (Eng)**
**ဦးစီး-ဒု၊ အဆောက်အဦးသုတေသနဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း**
## အသက် (၉၅)နှစ်

တိုက်ကြီးမြို့နေ (ဦးစိန်-ဒေါ်လှမေ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၂၄၈)၊ တောင်ထိပ်ပန်းလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်ခင်ခင်ကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာဦးမင်းလွင် (အရိုးအထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါ်ဝင်းဝင်းကို၊ ဦးကျော်သက်အောင်-ဒေါက်တာဒေါ်ဥမ္မာလွင် (နား၊နှာခေါင်း၊လည်ချောင်း အထူးကုဆရာဝန်ကြီး၊ ပင်လုံဆေးရုံ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) ည ၁၀း၃၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [၁-၁၂-၂၀၁၇ (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးကို အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောလွင်
**B.Sc (Eng)**
**ဦးစီး-ဒု၊ အဆောက်အဦးသုတေသနဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း**
## အသက် (၉၅)နှစ်

မိသားစုသဖွယ် အမြဲကူညီစောင့်ရှောက်ပေးပါသော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမင်းလွင် (အရိုးအထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါ်ဝင်းဝင်းကိုတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးစောလွင် အသက်(၉၅)နှစ်သည် ၂၅-၁၁-၂၀၁၇ (စနေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ပုလေး(သုခိတာမိခင်ကြီး) (မြင်းခြံ)
## အသက် (၈၇)နှစ်

အင်းယားကန်လမ်းလျှောက်အဖွဲ့မှ ချစ်သူငယ်ချင်း ဒေါ်တင်အေးသန့်၏ချစ်လှစွာသော သုခိတာမိခင်ကြီး ဒေါ်ပုလေးသည် ၂၅-၁၁-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်းယားကန်လမ်းလျှောက်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

I.M.T (16) batch မှ သူငယ်ချင်း Capt. Naing Aung (Fairway Maritime Co., Ltd)၏မိခင် ဒေါ်ကြည်ကြည်အောင်(ခ) ဒေါ်ကျင်ကြည် အသက်(၈၂)နှစ် (B.A, BED) အထက(၄) တောင်ဥက္ကလာပ၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)သည် ၂၅-၁၁-၂၀၁၇ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**I.M.T 16 batch မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်ခင်ရီ (ဘုရားကလေး)
## အသက် (၇၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးခင်ဇော်(ငြိမ်း) (တပ်မတော်-ရေ)-ဒေါ်နိုင်နိုင်လွင်တို့၏မိခင် ဒေါ်ခင်ရီသည် ၂၄-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံအထက်လမ်း၊ အမှတ်(၆၈)၊ ငါးလှော်နေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သော Dr.ကြည်လွင်ဦး အသက်(၅၀)သည် ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**SUWIT အဖွဲ့သားများ**
**ITP-SUWAS (301)၊ ရန်ကုန်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဆရာကြီး ဦးကြီးမြင့် (၈၆)နှစ်
**(ပညာရေး-ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၆) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၃၂)နေ (ဦးမောင်စိန်-ဒေါ်စော)၊ (ဦးဘကြွယ်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ကြွေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဆရာ ဦးစောအောင်-ဆရာမ ဒေါ်ထားကြည်)တို့၏ ညီ/မောင်၊ ဦးဇော်ညွှန့်-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မောင်အောင်ခန့်ဖြိုး (ကွန်ပျူတာတက္ကသိုလ်၊ မအူပင်)၊ မဆုဆုထွေးလှိုင်(အထက-၁)တို့၏ အဘိုးသည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် (၅)ရပ်ကွက် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ကျော့
## အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၈၉၈)နေ (ဦးသောကြာညို)၏ဇနီး၊ ဒေါ်ဦးစောတင်၊ ဒေါက်တာထွန်းအေး-ဒေါ်လှအေးနု၊ ဦးထွန်းလှစိန်-ဒေါ်စောမြသိန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ဒေါ် ရီရီ(ငြိမ်း)(ခ)ဒေါ်ရီရီလင်း
**ကြည်း-၇၁၇၂၊ ဗထူးတပ်**
## အသက်(၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းသွယ် (၆)၊ အမှတ် (၂၀၄၁)နေ (ဦးဘတင်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘနှစ်-ဒေါ်အုန်းစိန်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)]-ဒေါ်ခင်မေလှ၊ (ဦးညွှန့်သိန်း)-ဒေါ်မြင့်မြင့်တင်၊ [ဦးကျော်ဆွေ-ဒေါ်နွဲ့နွဲ့ (ကထိက)]တို့၏ ညီမ၊ ဒါရိုက်တာ ဦးထင်လင်း (ဦးတေဇောဘာသ)၏ဇနီး၊ ဦးမင်းသိန်း-ဒေါ်နန်းယဉ်မေလွင်တို့၏ မွေးသမိခင်၊ မောင်စိုင်းထက်မြတ်၏ အဘွားသည် ၂၅-၁၁-၂၀၁၇ ရက် နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၇ ရက် နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
## ဦးအုန်းမြင့် (အတိုင်ပင်ခံ သုခမိန်) (၈၈)နှစ်
**နက္ခတ္တဗေဒ အခါတော်ပေးပညာရှင်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်မင်္ဂလာ (၂) လမ်းသွယ်(၄)၊ အမှတ် (၈၃၉)နေ [ဦးဘစိုး (ဆောင်းဒါးယက္ကန်းကျောင်းအုပ်ကြီး)-ဒေါ်ငွေသွင်]တို့၏သား၊ လှည်းကူးမြို့နေ (ဦးအုန်းမောင်)-ဒေါ်အေးချိုတို့၏ သားသမက်၊ ဒေါ်သန်းနု၏ခင်ပွန်း၊ ဦးမျိုးညွှန့်အောင်-ဒေါ်ခင်စောယု၊ ကိုမြတ်မင်းပိုင်-မအဥ္စလီမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရာဇာညွှန့်၊ မချေယမုံခင်တို့၏အဘိုး၊ မင်္ဂလာဗျူဟာအသင်းချုပ်-ပိဋကဗျူဟာအဖွဲ့-မေတ္တာဗျူဟာအဖွဲ့ သန်လျင် လယ်တီမူဝိပဿနာအဖွဲ့ချုပ်တို့၏ နာယကကြီးသည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ညွှန့်(ဒေးဒရဲ) (၈၈)နှစ်
**(သုဝဏ္ဏ)**

ရန်ကုန်မြို့၊ အမှတ်(၁၅၀)၊ လုံးသွယ် (၃)လမ်း၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်နေ (ဦးသက်အေး-ဒေါ်မြင့်)တို့၏သမီး၊ [ဦးခင်စိုး(ခ)ဦးအေးနိုင်]၏ဇနီး၊ (ဦးအေးထွဋ်နိုင်)-ဒေါ်ခင်မြင့်ကြည်၊ (ဦးအေးညွှန့်နိုင်)-ဒေါ်ဝင်းဝင်း၊ ဒေါ်သီတာနိုင်၊ ဒေါ်မာလာနိုင်၊ ဒေါ်စန္ဒာနိုင်၊ ဦးမင်းညွှန့်နိုင်-ဒေါ်မာမာမင်းဆွေ၊ ဦးမိုးကျော်လွင်-ဒေါ်အေးအေးနိုင်၊ (ဗိုလ်မှူးကြီးကြည်နိုင်)-ဒေါ်သော်တာနိုင်၊ ဦးဘုန်းနိုင်၊ ဦးမင်းမြတ်-ဒေါ်ဝါဝါနိုင်၊ ဦးခိုင်ညွှန့်နိုင်၊ (ဦးဝင်းထွဋ်နိုင်)၊ ဦးကျော်ဇေယျနိုင်-ဒေါ်ပွင့်မာလာမျိုးတို့၏ မိခင်ကြီး၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွား ဒေါ်ခင်ညွှန့်သည် ၂၅-၁၁-၂၀၁၇(စနေနေ့) ည ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၇(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးစန်းမောင်(ပွင့်တန်ဆာမြို့) အသက်(၈၀)
**ယုန်မင်းပွဲရုံ**

ပွင့်တန်ဆာမြို့၊ မြို့မ (၃)၊ မင်းလမ်းနေ (ဦးတီဝါး-ဒေါ်ကျင်မတီ)တို့၏ သားကြီး၊ မိတ္ထီလာမြို့နေ (ဦးအုန်းလွင်)-ဒေါ်သန်းရီ၊ ပွင့်တန်ဆာမြို့နေ (ဦးသိန်းထွန်း)-ဒေါ်တင်စန်း၊ ဒေါ်ခင်မြတ်အေး (အထက-ငြိမ်း၊ ပွင့်တန်ဆာ)၊ ဦးအောင်မိုး-ဒေါ်သိန်းသိန်းအေး၊ နောင်ချိုမြို့နေ ဦးလှမျိုး-ဒေါ်မြင့်မြင့်မော်၊ ပွင့်တန်ဆာမြို့နေ ဒေါ်ခင်မာလာ (အင်္ဂလိပ်စာဌာန-ငြိမ်း၊ ပဲခူးတက္ကသိုလ်)၊ ဖြူးမြို့နေ ဦးကျော်ဇော-ဒေါ်ငွေသန်း၊ ပွင့်တန်ဆာမြို့နေ ဒေါ်စောသီတာ (လင်းရောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ အစ်ကိုကြီး၊ မန္တလေးမြို့၊ (၃၃×၃၄)လမ်းကြား၊ (၈၅×၈၆)လမ်းကြား၊ မလွန်ပွတ်တန်း၊ အမှတ်(၅၆)၊ ယုန်မင်းပွဲရုံနေ ဒေါ်ခင်ဖြူ၏ခင်ပွန်း၊ ကိုသိန်းစံ-မကြေးမုံစန်း (ရတနာထွန်းပွဲရုံ)၊ မမင်းမင်းစန်း၊ ကိုအောင်အောင် (ယုန်မင်းပွဲရုံ)-မဝင်းသန္တာ၊ မောင်ချမ်းသာတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်ဖူကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## အရာခံ ကျော်မြင့်သိန်း
**(လ-၁၁၁၄၁၀)**
## အသက်(၅၇)နှစ်
**(သတင်းတပ်ဖွဲ့၊ သုံးခွမြို့)**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၁၁)နေ (ဦးအုန်းခင်-ဒေါ်သောင်း)၊ (ဦးကျင်စံ)-ဒေါ်ရင်လှိုင်တို့၏ သားသမက်၊ ဒေါ်တင်တင်မိုး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်သိန်း)၊ (ဦးကျော်သိန်း)၊ (ဦးသန်းဦး)-ဒေါ်ရင်သိန်း၊ ဦးငွေသိန်း-ဒေါ်ကြူကြူ၊ (ဦးခင်ဇော်မိုး)-ဒေါ်စန်းစန်းနွယ်၊ ဦးအောင်ကျော်မိုး-ဒေါ်ကေသွယ်ဦး၊ ဦးလွင်အောင်မိုး-ဒေါ်ခင်မာအေးတို့၏ ညီ/မောင်၊ မောင်ဇော်မျိုးမောင်၊ မောင်ဟိန်းထက်တို့၏ မွေးသဖခင်ကျေးဇူးရှင် အရာခံကျော်မြင့်သိန်းသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့၊ (၉)ရပ်ကွက်၊ ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာကြည်လွင်ဦး
## အသက်(၅၀)
**ညွှန်ကြားရေးမှူး**
**လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာန**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် (၁၁၂)၊ အခန်း (၂၂)နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံအထက်လမ်း၊ အမှတ်(၆၈)၊ ငါးလှော်နေ ဦးမင်းလွင်-ဒေါ်ခင်မာကြည်တို့၏သား၊ ဒေါ်ချိုမာလွင်၏ ကျေးဇူးရှင်ခင်ပွန်း၊ မကြည်လဲ့ဝန်းပြည့် (Japanese, YUFL)၊ မောင်လင်းသန့်ဦး (တတိယနှစ်၊ UIT)တို့၏ဖခင်သည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ရဟန်း ဒါယကာကြီး**
## ဗိုလ်ကြီးဉာဏ်ထွန်း(ငြိမ်း)
**Max Logistics Co., Ltd.**
## အသက်(၆၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့နေ (ဦးဆိတ်-ဒေါ်ငွေး)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက်လမုတန်းကျေးရွာနေ (ဦးပိန်-ဒေါ်ကြိုင်)တို့၏ သားသမက်၊ ဒေါ်ခင်သန်း၊ (ဒေါ်မြလေး)၊ ဒေါ်မြသွေးတို့၏ မောင်၊ (ဦးကြည်ဝင်း)၊ ဦးလှိုင်မောင်၊ (ဦးမြင့်သိန်း)၊ ဒေါ်စိန်သန်းတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် (၂/၂) တိုးချဲ့ရပ်ကွက်နေ မောင်ရဲလင်းထွန်း၊ ဒုအကောက်ခွန်မှူး၊ ရဲအောင်ထွန်း (အကောက်ခွန်ဦးစီးဌာန)တို့၏ မွေးသဖခင်၊ ဒေါ်တင်တင်အေး၏ ခင်ပွန်းသည် ၂၅-၁၁-၂၀၁၇ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၇ (သောကြာနေ့) နံနက်တွင် (၂/၂) ရပ်ကွက်၊ သစ်ရာလမ်း၊ အမှတ်(၆၇) (ဦးဉာဏ်ထွန်း)၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစန်းလွင် (၅၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅/ခ)၊ (A) လေးလွှာ၊ သမိုင်း (၁)ရပ်ကွက်၊ မြို့သစ် (၁)လမ်းနေ (ဦးတင်လှိုင်-ဒေါ်ခင်လှဝင်း)တို့၏ သားကြီး၊ (ဦးလှအောင်)-ဒေါ်သန်းနွဲ့တို့၏ သားသမက်၊ ဒေါ်ခင်သန်းမော်အောင်၏ခင်ပွန်း၊ ဦးအောင်လွင်-ဒေါ်ချိုချိုဦး၊ ဦးမင်းဇော်-ဒေါ်ခင်အေးလွင်၊ (ဦးတင့်လွင်-ဒေါ်လှလှရီ)၊ ဦးအောင်နိုင်လွင်-ဒေါ်ဇင်မာအောင်၊ ဦးဇော်လွင်တို့၏ အစ်ကိုကြီး၊ ဦးဝေယံမင်းထွန်း-ဒေါ်ဇင်နွယ်သင်း၊ မောင်ကိုကိုကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်မင်းခန့်၊ မောင်ရဲမြတ်ဘုန်းတို့၏ အဘိုးသည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၂း၅၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ် (၅/ခ)၊ (A) လေးလွှာ၊ သမိုင်း (၁)ရပ်ကွက်၊ မြို့သစ် (၁)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးကျော်ကျော်ဦး (၅၃)နှစ်

ဘုရင့်နောင်ရိပ်သာနေ (ဦးစိန်ထွန်းအောင်)-ဒေါ်တင်နုတို့၏တူ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (က/၇)လမ်း၊ အမှတ်(၁၉၅)နေ ဦးအောင်မြင့်-(ဒေါ်ပြုံး)တို့၏ သားကြီး၊ ဒေါ်မိုးမိုးမြင့် (Kalhe)၊ ဦးကျော်မိုးအောင်၊ ဒေါ်စုစုအောင်၊ ဦးနိုင်ဦး-ဒေါ်မူမူမြင့်၊ ဦးကျော်စိုးအောင်-ဒေါ်ခင်မာချို၊ ဦးသိန်းဇော်အောင်-ဒေါ်သန်းသန်းငွေးတို့၏အစ်ကိုကြီး၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ ဒေါ်စန်းစန်း၊ (ဦးထွန်းကို)-ဒေါ်မူမူမြင့်တို့၏မောင်၊ ရန်ကုန်မြို့၊ အရှေ့ကြို့ကုန်း (၁)လမ်းမြောက်၊ ငါးမျှားကန်ကုန်းလမ်းသွယ်၊ အမှတ်(၂၄၆)နေ မောင်သံလွင်ဦး၊ မအေပရယ်ကျော်(ကွန်ပျူတာတက္ကသိုလ်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ [ဒေါ်သန်းသန်း(ခ)မမီးမီး]၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) နံနက် ၈း၃၀ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၇(သောကြာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း (၁)လမ်း၊ မြောက်ငါးမျှားကန်ကုန်းလမ်းသွယ်၊ အမှတ် (၂၄၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)
## သိက္ခာတော် (၇၀)၊ သက်တော် (၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့ ပညာဇောတာရုံစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်) ၂၅-၁၁-၂၀၁၇ (စနေနေ့) ညနေ ၄း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ပညာဇောတာရုံစာသင်တိုက်၊ ပေါက်ခေါင်းမြို့

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ကြည် (၈၉)နှစ်
**မင်းလှ(ပဲခူးတိုင်း)**

မင်းလှမြို့ (ပဲခူးတိုင်း)နေ (ဦးလှမောင်-ဒေါ်နု)တို့၏သမီး၊ ဆရာဝန်ကြီး (ဦးလွန်းမောင်-ဒေါ်မိမိကြီး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ် (၁၄)နေ (ဦးသန်းညွှန့်)၏ဇနီး၊ ဦးစိန်လင်း၊ (ဦးဝင်းမြင့်)၊ ဒုတိယဗိုလ်မှူးကြီးအေးဝင်း(ငြိမ်း)-ဒေါ်အေးအေးမူ၊ ဗိုလ်မှူးအောင်စိုး(ငြိမ်း) (ဌာနမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်ငွေး၊ ဒေါ်ညွှန့်ညွှန့်မူတို့၏မိခင်၊ မနန်းထက်ထက်စိုး၊ မောင်ဝေဖြိုးဝင်း-မထွေးထွေးငယ်၊ မောင်ကျော်သီဟစိုး၊ မခင်စန္ဒာသန့်၊ မအေးမြတ်မော်ခိုင်၊ မယုမွန်သော်၊ မောင်ဝေယံလင်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) ည ၈း၄၄ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊တန်ဆောင်း၊ရေတွင်း၊ရေကန်ဒါယိကာမကြီး**
## ဒေါ်ပုလေး(မြင်းခြံ) (၈၇)နှစ်
**သုခိတာမိခင်ကြီး**

မြင်းခြံမြို့၊ အောင်မင်္ဂလာလမ်း၊ (၁၀)ရပ်ကွက်၊ အမှတ် (၂၅၂)နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)လမ်း၊ အမှတ် (၉၀/၁)နေ (ဦးစံရွှေ-ဒေါ်လှဒွန်း)တို့၏သမီး၊ သုခိတာဖခင်ကြီး (ဦးရှိန်)၏ဇနီး၊ ဦးကိုကြီး-(ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်တင်အေးသန့်၊ ဦးသူရိန်မောင်မောင်-ဒေါ်နှင်းဦးခိုင်၊ (မဝင်းမြင့်)တို့၏ ချစ်လှစွာသော သုခိတာမိခင်ကြီး၊ ကိုအောင်မျိုးခင်-မမေသက်ကို(USA)၊ မအေးမွန်ကို၊ မဒီသူရိန်(USA)တို့၏ဘွားဘွားကြီး၊ ရှားလော့မေခင်(USA)၏ ဘွားဘွားကြီးသည် ၂၅-၁၁-၂၀၁၇ (စနေနေ့) ည ၇း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၇ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရွှေတောင်ကြား ၁ လမ်း၊ အမှတ် ၉၀/၁ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေတင့်(သံတွဲ) (၇၅)နှစ်
**အထပြ၊ အထက(၁) သံတွဲ**
**အထက (အင်းစိန်)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြေးတိုင်စု (၁)လမ်း၊ အမှတ် (၂၉)နေ (ဦးကျော်သောင်း)-ဒေါ်ကြည်ကြည် (အလက၊ မြို့မ၊ သံတွဲ)တို့၏ သမီး၊ (ဦးသောင်းနိုင်)-ဒေါ်သောင်းသောင်းတို့၏ အစ်မ၊ မစုမြတ်နန္ဒာ (HR Manager, Joton Myanmar Co., Ltd)၊ မအိအိဟေမာတို့၏မိခင် ဒေါ်ခင်ဆွေတင့် [အထပြ၊ အထက(၇)၊ အထက(၁) သံတွဲ၊ အထက(၁) အင်းစိန်]သည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ရဟန်းမယ်တော်ကြီး**
## ဒေါ်ခင်ဝင်း (၆၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၉၇၂/D)နေ (ဦးသောင်း-ဒေါ်ကြွေ)တို့၏သမီးကြီး၊ (ဦးစိန်ကြည်-ဒေါ်မြသန်း)တို့၏ သမီးချွေးမ၊ ဦးတင်ဝင်း၏ ချစ်လှစွာသောဇနီး၊ မဥမ္မာသက်၊ မအိအိခိုင်၊ မောင်ချစ်ကိုကိုဝင်းတို့၏ မွေးသမိခင်သည် ၂၅-၁၁-၂၀၁၇ (စနေနေ့)တွင် ထိုင်းနိုင်ငံ၊ ဘမ်ရွမ်ဂရတ်ဆေးရုံ၌ ဒေသစံတော်ချိန် ၁၂း၁၅နာရီ၊ မြန်မာစံတော်ချိန် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေအောင် (၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းနေ (ဦးဘရှိန်-ဒေါ်အုန်း)တို့၏သား၊ ဦးစိန်မြမောင်-ဒေါ်ရွှေမိ၊ ဦးသန်းလွင်-ဒေါ်ခင်မေဝင်းတို့၏ ညီ၊ ဦးငွေမြင့်-ဒေါ်ခင်စောအေး၊ ဦးဝင်းနိုင်-ဒေါ်ခင်ခင်ကြည်၊ ဦးဇော်ဝင်း-ဒေါ်ပိုက်၊ ဦးထွန်းအောင်သာတို့၏အစ်ကို၊ ရန်ကုန်မြို့၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၄၄)၊ ဒုတိယထပ်(A)နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ မောင်ရာဇာမျိုးဝင်း (MD, Green Myanmar Construction Co., Ltd.)-ဒေါ်နှင်းနှင်းဝေ၊ မောင်ရဲနောင် (Green Myanmar Construction Co., Ltd.)-မဖြိုးဖြိုးလှိုင်၊ မောင်ရဲထွဋ် (Green Myanmar Construction Co., Ltd.)-မအေးစန္ဒာခိုင်တို့၏ မွေးသဖခင်၊ မဆုသီရိဝင်း၊ မောင်ရဲရင့်နောင်တို့၏အဘိုးသည် ၂၆-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ (စနေနေ့)တွင် အထက်ပါ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် (၄၄) ဒုတိယထပ် (A) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီမွန် အသက်(၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်နေ (ဦးကျော်မြင့်-ဒေါ်မြကြည်)တို့၏သမီး၊ ဦးခင်မောင်ဦး-ဒေါ်သန္တာချိုတို့၏ညီမ၊ ဦးလှထွဋ်-ဒေါ်ခင်ဆွေကျော်၊ ဦးဘိုဆန်း-ဒေါ်သီတာကျော်တို့၏ အစ်မ၊ တူ/တူမ လေးယောက်တို့၏ အဒေါ်သည် ၂၆-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မြောက်ဒဂုံမြို့နယ်၊ (၃၅-စံပြ)ရပ်ကွက်၊ ငွေပုလဲ (၁)လမ်း၊ အမှတ် (၉၀၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ဒေသအခြေအနေနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်ဖြင့် ဆွေးနွေး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့၏ ရခိုင်ဒေသအခြေအနေနှင့် ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် Sunday Talk အစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

**အဆိုပါဆွေးနွေးချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

**ကိုကို(စက်မှုတက္ကသိုလ်)**။ ။ ဒီအပတ် Sunday Talk မှာ အထူးအကြောင်းအရာတစ်ခုကို ဆွေးနွေးဖို့ရှိပါတယ်။ အဲဒီအကြောင်းအရာကတော့ ရခိုင်ဒေသအခြေအနေနဲ့ ပြည်တွင်း၊ ပြည်ပသုံးသပ်ချက်များဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့်သူတွေကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီရဲ့ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်တို့ ဖြစ်ပါတယ်။

မင်္ဂလာပါခင်ဗျာ။

ကျွန်တော်တို့နိုင်ငံက ရခိုင်ပြည်နယ်အခြေအနေကို ပြည်တွင်း၊ ပြည်ပအားလုံး စိတ်ဝင်စားလျက်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့လပိုင်းအတွင်းနဲ့ ဒီရက်ပိုင်းအတွင်းမှာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြားမှာ Bilateral ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ဘင်္ဂလားဒေ့ရှ်က ပြည်ထဲရေးဝန်ကြီး လာရောက်ခဲ့ပါတယ်။ ဒီရက်ပိုင်းမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး လာခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ကို ရောက်ရှိနေတဲ့သူတွေကို ပြန်လည်လက်ခံရေးကိစ္စတွေကို ညှိနှိုင်းကြတယ်၊ ဆွေးနွေးပြီး သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ရောက်ရှိနေတဲ့ နေရပ်စွန့်ခွာသူတွေကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာအောင်ထွန်းသက် (ဝဲ မှ ယာ)။



# ငြိမ်းချမ်းရေးဂီတပွဲတော် level III ပွဲစဉ်(၄) သီချင်းဆိုပြိုင်ပွဲ ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ level III ၏ ပွဲစဉ် ၄ သီချင်းဆိုပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီခွဲက အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွန့်တင်ဝင်း အတွင်းရှိ Hexagon Complex ၌ ကျင်းပရာ ပွဲစဉ် ၃ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် လက်ရွေးစင်ခုနစ်ဦးအနက်မှ ဆက်လက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသူ ငါးဦးကို ရွေးချယ်ပေးခဲ့ပြီး ပွဲစဉ် ၄ ပြိုင်ပွဲ အခမ်းအနားကို ယနေ့ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးဟန်ထူး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့်ပွဲစဉ်တွင် ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသည့် လက်ရွေးစင် ငါးဦးမှာ စစ်တွေမြို့မှ အဆိုရှင် ဖြူလှ၊ ဘားအံမြို့မှ အဆိုရှင် SaPaung၊ ကလေးမြို့မှ အဆိုရှင် ကြူကြူခိုင်၊ ရန်ကုန်မြို့မှ အဆိုရှင် မေသူကျော်တို့နှင့် ပရိသတ်မဲပေးမှုရလဒ်နည်းခဲ့သော်လည်း ဒိုင်များ၏ အဆုံးအဖြတ်ဖြင့် ပြန်လည် save လုပ်ခြင်းခံရသူ ရန်ကုန်မြို့မှ အဆိုရှင် မေသဇင်တို့ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

တက္ကသိုလ်ဝင်တန်း TopTen နှင့်ဘာသာစုံဂုဏ်ထူးရှင်များထွက်ရှိရာ...
သင်္ဘောသန်းနိုင် တည်ထောင်သည့် ကောလဟိုက်
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
မင်္ဂလာ ကောလဟိုက်
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ
အဆင့်မြင့် ဘော်ဒါ
KG မှ တက္ကသိုလ်ဝင်တန်းအထိ
[မေ ၂၆ ကျောင်းသူ၊ မေ ၂၈ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့်ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(မေ ၂၆)၊ ၈ တန်း(မေ ၂၈)စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 01 397939



AMA American Management Association | CMI Chartered Management Institute | AIM Australian Institute of Management | CIM Canadian Institute of Management | CIPD Championing better work and working lives | SIM | SHRM Society for Human Resource Management | atd Association for Talent Development

**ကမ္ဘာ့အကောင်းဆုံး သင်တန်းကျောင်းကြီးများ၏ သင်ရိုးညွှန်းတန်းများနှင့်အညီရေးဆွဲထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း**

## Building Emotional Intelligence (EQ) for Workplace Succes

သင်ကြားပို့ချမည့်သူ ➡ ပါမောက္ခဦးအေးကျော် (FCMI, UK)၊ ဦးပြည့်စုံငြိမ်း PhD (Candidate), MD, Myanmar Development Professional

**တက်ရောက်သင့်သူများ**

၁။ မိမိကိုယ်ကို ပိုမိုနားလည်ခြင်းနှင့် အခြားသူများ၏ခံစားချက်ကို ပိုမိုနားလည်ခြင်းမှတစ်ဆင့် ပြေလည်သော လုပ်ငန်းခွင်ဆက်ဆံရေးကို ဖန်တီးလိုသူများ
၂။ အကြောင်းကြောင်းကြောင့် (IQ) အားနည်းသော်လည်း (EQ) ကို မြှင့်တင်ပြီး အချိန်တိုအတွင်း လုပ်ငန်းခွင်တွင် အောင်မြင်မှုရလိုသူများ
၃။ လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရာတွင် အခြားသူများကို ပိုမိုနားလည်ခြင်းမှတစ်ဆင့် ပြေလည်သောရေရှည်ဆက်ဆံရေးကို ရယူလိုသူများ
၄။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ
၅။ ABE, ICM, HND, IQN အဖွဲ့အစည်းများမှ Management Diploma များတက်ရောက်ရန်အစီအစဉ်ရှိသူများ
၆။ မည်သည့် Management သင်တန်းကိုမှ မတက်ရောက်ရသေးသော ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများ
၇။ ဘွဲ့ရပြီးနောက်ပိုင်းလုပ်ငန်းခွင်တွင် အချိန်တိုအတွင်းအောင်မြင်မှုရစေရန်လိုအပ်သော ပညာများဖြည့်ဆည်းလိုသည့် တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသား / သူများ
၈။ မိရိုးဖလာနည်းလမ်းများထက် ပိုမိုစနစ်ကျသော စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းများဖြင့် မိမိ၏လုပ်ငန်းကို အောင်မြင်စွာတိုးချဲ့စီမံခန့်ခွဲနိုင်ရန်ပညာဖြည့်လိုသော မိသားစုလုပ်ငန်းပိုင်ရှင်များ၊ အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းပိုင်ရှင်များ

**သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။**

သင်ကြားမည့်ခေါင်းစဉ်များ => **1.Understanding Emotional Intelligence** **2.Developing Self-Awareness** **3.Developing Self-Regulation** **4.Building Awareness of Others** **5.Building Relationships** **6.Helping Your Organization Develop EQ**

သင်တန်းချိန်နှင့် နေ့ရက် => ၉.၁၂.၂၀၁၇ (စနေနေ့)နှင့် ၁၀.၁၂.၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈း၃၀ မှ ညနေ ၅း၃၀ နာရီ အထိ - (၂ ရက် အချိန်ပြည့်သင်တန်း)
သင်တန်းအပ်ရန်နောက်ဆုံးရက်မှာ (၇.၁၂.၂၀၁၇ ကြာသပတေးနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

Mlmi LEADER IN SOFT SKILLS

**ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။**
**Myanmar Leadership & Management Institute**, Building(4), Room (10), MICT Park, Hlaing Campus, Yangon.
Tel : 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement

---

### ပိုင်ရှင်ကိုယ်တိုင်မြေကွက်အမြန်ရောင်းမည်

ဂရန်အမည်ပေါက် ပေ(၃၉×၆၀)၊ မြောက်ဥက္ကလာပမြို့နယ်
**ရောင်းဈေး သိန်း(၁၁၀၀)**
ဖုန်း-၀၉-၅၁၉၉၀၇၅၊ ၀၉-၄၂၂၄၅၆၈၃၈၊ ၀၉-၄၂၀၀၇၃၀၃၉
ပွဲစားလုံးဝမလိုပါ။

### လမ်းကြိတ်စက် ငှားမည်

ဖုန်း-၀၉-၇၉၅၃၈၉၈၁၅၊ ၀၉-၇၉၅၄၅၆၁၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတိုးကြီး၏သမီး[၈/ပခက(နိုင်)၀၇၆၉၇၂]ကိုင်ဆောင်သူ မဝင်းမြင့်ရည်နှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မဝင်းမြင့်ရီသည် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### အမည်မှန်

တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးအုပ်စု၊ သံခဲတောင်ကျေးရွာ နေ အဖ ဦးဇော်လွင်၊ အမိ ဒေါ်ညွန့်ကြည်တို့၏သား [၉/တကန(နိုင်)၂၁၆၉၈၁] ကိုင်ဆောင်သူ အထက(၃)၊ မြောက်ဥက္ကလာပမြို့နယ်မှ ခုံအမှတ်-ဆမဥ ၂၁၀၂/၂၀၁၇ ဖြင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သူ၏ အမည်မှန်မှာ မောင်သူရာမင်း ဖြစ်ပါကြောင်း။ **မောင်သူရာမင်း**

---


Galaxy Software

## Galaxy Software Co., Ltd.

**HotelPro®**
ဟိုတယ်လုပ်ငန်းသုံး ကွန်ပျူတာစနစ်

**iStock®**
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

**CaféPOS®**
စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်







| | | |
|---|---|---|
| YANGON | No.29B, 1st Floor, New University Avenue Road, Bahan Township, Yangon. | 09 430 29 798, 09 2541 51 516 |
| MANDALAY | No.Da 11/49 A, 64 Street, (Bet 39 St. x 40 St.), Mahar Aung Myae Township, Mandalay. | 09 4400 67 577, 09 97 8030 881 |
| NAY PYI TAW | No. Pa/210, Pwal Yone Tan, Thapyay Kone Ward, Zabuthiri Township, Nay Pyi Taw. | 09 97 4432 762, 09 97 4432 763 |
| PATHEIN | No.1493, Tatargyitan Lanthit Street, No.3 Zone, Pathein. | 09 4550 42 499, 09 4550 42 500 |
| TAUNGGYI | No.G /105, Mya Myintzu Thama Apartment, Nyaung Phyu Sa Kan Quarter, Taunggyi. | 09 444 200 771, 09 444 200 772 |
| MYEIK | No. 98, 3rd Floor, (C) St., Kan Gyi Ward, Myeik. | 09 9550 42 498, 09 9550 42 499 |

www.galaxy.com.mm HOT LINE 09 43 209 550 Copyright©Galaxy Software Co., Ltd. All rights reserved.

